www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားနှင့် မနိုးမဝေး

ပန်းသီခိုင်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

တလောကလုံးမှာ သွေးသားရင်းချာဆိုလို့
'မမ'တစ်ဦးတည်းပဲ ရှိပါတယ်။
'မမ'နဲ့ တစ်နေ့နေ့ ပြန်ဆုံမယ်ဆိုတဲ့
ယုံကြည်မျှော်လင့်ချက်နဲ့
'မိုး'အသက်ရှင်နေခဲ့တာပါ။

www.burmeseclassic.com

ကြောင်နှံ့ကောင်စာအုပ်တိုက်

www.burmeseclassic.com



'ညီမလေး'နဲ့သာ ပြန်တွေ့ခွင့်ရမယ်ဆိုရင်
သော်တာ့ဘဝမှာ
ပိုင်ဆိုင်သမျှ အရာရာကိုပဲဖြစ်ဖြစ်
တစ်စိတ်တစ်ပိုင်းကိုပဲဖြစ်ဖြစ်
ပေးဆပ်လဲလှယ်ရယူချင်ပါတယ်။





ဇော်ညိုသန့်က ကိုယ့်မျက်လုံးတွေရှေ့မှာ လာကာလိုက်သော ငွေသော်တာ၏ လက်ဖဝါးလေးကြောင့် ဆတ်ခနဲ ဖြစ်ကာ ရှုံ့အမ်းအမ်းနှင့် မျက်နှာပျက်သွားရ၏။

မကြည့်နဲ့ မကြိုက်ဘူး"

ငွေသော်တာထက်၏ ပြုံးစိတ်ကောက်သံလေးက အလျှင်အမြန် ထွက်လာ၏။ ဇော် ခေါင်းခါမိသည်။

"မကြည့်ပါဘူး...ဘယ်မှာကြည့်လို့လဲ"

ချက်ချင်းပဲ ငြင်းဆိုမိ၏။ မျက်လုံးကသာ ရောက်ချင်ရာရောက်သွားတာ။ ကြည့်မယ်ဆိုသည့် ရည်ရွယ်ချက်နှင့် ကြည့်တာမဟုတ်။

"အမယ်..."

ငွေသော်တာထက်က နှုတ်ခမ်းလေးတွန့်ကာ မဲ့လိုက်ပြီး–

"ဟုတ်ပါတယ်၊ ကြည့်တာမဟုတ်ပါဘူး။ ငမ်းတာ...ဇော်ပြောင်ကြီးငမ်းလိုက်တာ"

"ဟာ...မဟုတ်ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်စွာခေါင်းခါမိသည်။

သူက အကြောင်းမဟုတ်ပါ။ တစ်ဖက် မိန်းကလေးကို အားနာစရာ။ သော်တာ့အပြုအမူက သူ့ကိုရော တစ်ဖက် မိန်းကလေးကိုရော စော်ကားရာ ကျပါသည်။

သူ...သော်တာ နားလည်အောင် ဘယ်လိုရှင်းပြရမလဲ။

သော်တာက ကလေးဆန်သည်။ စိတ်ကောက်တတ်သည်။ စိတ်ကြီးသည်။ စိတ်ဆိုးလျှင် ချော့ရမလွယ်။

"ဗွန်း...ဇော့်ကို ငေးလိုက်တာ မျက်တောင်မခတ်ဘူး"

"မဟုတ်ပါဘူး၊ သော်တာထင်လို့ပါ"

"ထင်စရာလား...ထင်တာမဟုတ်ဘူး၊ မြင်တာ... မျက်စိနဲ့ မြင်တာ...သော်တာ ဒီမှာ ရှိနေသားပဲ"

"ဟုတ်ပါတယ်...ဒီလိုပဲ ကြည့်မိတာပါ၊ သာမန်အကြည့်ပါ"

"ဒီလောက် အကြာကြီး မျက်လုံးချင်းချိတ်နေတာ"

"စွပ်စွပ်စွဲစွဲကွာ...မဟုတ်တာတွေ"

ဇော်ညိုသန့် ချွေးပျံလာ၏။ ငွေသော်တာထက်ကတစ်ဖက် စားပွဲက ကောင်မလေးကို မျက်စောင်းရွယ်သည်။ ပေါ်ပေါ်ထင်ထင် စူးစိုက်ကြည့်၏။

"သွားမကြည့်ပါနဲ့ သော်တာရယ်"

သူခပ်တိုးတိုး တောင်းပန်မိ၏။

"အားနာစရာကြီး"

"ဘာလို့ အားနာရမှာလဲ...မိန်းကလေးဖြစ်ပြီး..."





"သူ ဘာလုပ်လို့လဲသော်တာရယ်...မျက်လုံးပါလို့ ကြည့်မိတာ အပြစ်လား၊ ဒါဆို မျက်လုံးမှိတ်ထားမှ ရမယ်"

ငွေသော်တာထက်က ဇော်ညိုသန့်ကို မကျေမနပ် ကြည့်၏။

"ဪ...ဒါဆို ပြောမိတဲ့သော်တာ့အပြစ်ပေါ့ဟုတ်လား"

"အဲဒီလိုလည်း မဟုတ်ပါဘူး။ သော်တာသဘောထားသေးလွန်း သလားလို့...ပြဿနာမဟုတ်တာကို"

"ဘယ်လို..."

ငွေသော်တာထက်က သူ့ကို မျက်လုံးလေး မှေးကျဉ်းသွားသည်အထိ စိုက်ကြည့်၏။

ဇော်ညိုသန့် ဟူးခနဲ သက်ပြင်းချသည်။

"ဟုတ်ပါတယ်...ဟုတ်ပါတယ်၊ သော်တာက မနာလို လိုက်ဖြစ်နေတာပါ။ ဇော်မမှားပါဘူး"

"သော်တာရယ်"

ခဏကလေးမှာပဲ သော်တာက မျက်ရည်ဝဲလာ၏။

"ငိုတော့ မငိုပါနဲ့...ဇော်တောင်းပန်ပါတယ်၊ ဆိုင်ထဲမှာ လူတွေ အများကြီး..."

ဇော်ညိုသန့်က ပျာပျာသလဲ လက်ကာတား၏။

"ငိုမှာပဲ...ဇော်မတားနဲ့၊ သော်တာငိုချင်လို့ ငိုနေတာ၊ ဇော်လည်း ကြည့်ချင်လို့ ကြည့်တာမဟုတ်လား"

"မကြည့်ပါဘူးကွာ၊ ဘုရားစူး..."



www.burmeseclassic.com

www.burmeseclassic.com



"မညာပါနဲ့...သော်တာမြင်တယ်"

"ရိုးရိုးကြည့်တာပါ"

ဇော်ညိုသန့်က သော်တာ ကျေနပ်အောင် ဝန်ခံခြင်း တစ်ဝက် ပါသောစကားကို ဆို၏။

"ခုတော့ မကြည့်ဘူးလို့ မငြင်းတော့ဘူးပေါ့"

"သော်တာက ဇော့်ကို မျက်ရည်တွေနဲ့ ခြိမ်းခြောက်တာ ကိုး၊ ဘယ်တတ်နိုင်မလဲ"

ငွေသော်တာထက်က မကျေနပ်သော ကောင်မလေးကို နှုတ်ခမ်းကိုက်ကြည့်၏။

ဇော် မတားတော့ပါ။

သူသိတာက တစ်ခုတည်းပါ။

ရှက်သည်။ ရှက်ဖို့ကောင်းသည်။

အသေးအဖွဲ့ကလေးကို ပြဿနာလုပ်သည်။

သော်တာသိပ်လွန်၏။

"ပြန်မယ်"

သူချက်ချင်းပဲ ထထွက်လာခဲ့၏။

ကားထဲမှာလည်း ငွေသော်တာထက်နှင့် စကားမဆို။

"ဇော်...ကိုဇော်"

"ပြော"

လုံးဝလှည့်မကြည့်ဘဲ ဆိုမိ၏။

"ဇော်က သော့်ကို စိတ်ဆိုးတာပေါ့ ဟုတ်လား"





"မဟုတ်ပါဘူး"

"ကိုယ့်မျက်နှာလည်း မှန်ထဲ ပြန်ကြည့်ဦး၊ ကြည်သာရဲ့လား ဆိုတာ" ဟု အပြာရောင် မှန်ကလေး ထောင်ပြပြီး မေး၏။

"ကားမောင်းနေတယ်"

မှန်ကို ဖယ်ချလျက် ဟောက်မိသည်။

ငွေသော်တာထက်က ဇော်ညိုသန့်ကို စူးစိုက်ကြည့်နေ၏။

"အဲဒါကြောင့် လမ်းမထွက်ချင်တာ"

"ဟင်..."

"ပျော်ပျော်ရွှင်ရွှင်မရှိဘူး"

"သော့်ကို ပြဿနာမလို့ ပြောတာပေါ့ ဟုတ်လား"

"မဟုတ်လို့လား"

ဇော်သည်းမခံနိုင်တော့ပါ။

"သြော်...သြော်...ဇော်က ဟိုကောင်မလေးနဲ့ အကြည့်ချင်း ချိတ်နေတာတောင် သော်လုပ်လိုက်လို့ မခံချင်ဖြစ်တာပေါ့"

"မဆိုင်ပါဘူး...စိတ်ပျက်တာက မင်းကို"

"ဟုတ်မှာပေါ့...ဟုတ်မှာပါ"

ငွေသော်တာထက်က ရိတိတိဆိုကာ နှုတ်ဆိတ်သွား၏။

ကောက်ကွာ။

ကောက်...ကောက်...ကြိုက်သလောက်ကောက်။

သည်တစ်ခါ မချော့ဘဲ နေပစ်မည်။

တဖြည်းဖြည်းနှင့် လွန်သထက် လွန်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



နေရာတကာ ဝင်ပါချုပ်ချယ်အမိန့်ပေး တားမြစ် နှောင့်ယှက်နေတော့တာ။

ကြာရင် သူပေါက်ကွဲလိမ့်မယ်။

* * *





အိမ်ပြန်ရောက်တော့ ဖော်ညိုသန့်က ကားပေါ်က ဆင်းလာပြီး အခန်းထဲဝင်လာလျက် အခန်းတံခါးပိတ်ကာ စာအုပ်ဝင်ဖတ်နေလိုက်၏။ တစ်ရက်တလေ အလုပ်နားရက်မှာ စိတ်အေးလက်အေး မနေရပါ။ ငွေသော်တာသွားချင်သည့် နေရာလိုက်ပို့၊ ငွေသော်တာ စိတ်ကောက်လျှင် ပြန်ချော့...အဲဒါနှင့်ပဲ ပြီးနေ၏။

ဖတ်ချင်လွန်းသဖြင့် ရှာဝယ်ထားသော စာအုပ်တွေပင် စားပွဲပေါ်မှာ ဖုန်တက်ကုန်ပါပြီ။

သည်နေ့တော့ ငွေသော်တာထက် စိတ်ကောက်ချင်လည်း ကောက်ပါစေတော့၊ စိတ်ကောက်နေတာကိုပဲ အခွင့်အရေးယူလျက် စာအုပ်ဖတ်နေတော့မည်။

စိတ်ကောက်ပြီး လာမခေါ်တော့ နားအေးသည်။ အလုပ်မရှုပ် တော့ပါ။ အနားမှာနေပြီး ပူညံပူညံရှိလွန်းတာကို သူငြီးငွေ့၏။

မေမေတို့ မရှိချိန်မို့သာ ခုလောက်သည်းခံ အလိုလိုက်ထားတာ။ ငွေသော်တာနှင့် သူက မွေးစားမောင်နှမတော်ပေမယ့် သံယောဇဉ်က မောင်နှမထက်လည်း ပိုသည်။ သို့ပေမယ့် သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် သမီးရည်းစားတော့ မဟုတ်ကြပါ။

ဖေဖေနှင့်မေမေကလည်း သူတို့နှစ်ယောက်ကို လက်ထပ်ပေးဖို့ သဘောတူထားကြပါသည်။

ဇော်ညိုသန့်က ငွေသော်တာကို နှစ်သက်မြတ်နိုးပါသည်။

ကလေးဆန်တာရယ်။

စိတ်ကောက်တတ်တာရယ်။

နေရာတကာ ဝင်စွက်ချုပ်ချယ်ချင်တာရယ်။

မတရားကြီး အနိုင်ယူတတ်တာရယ်။

အဲဒါတွေ သူမကြိုက်ပါ။

ငွေသော်တာက သူ့ကို အရမ်းတွယ်တာသည်။ သူ့အပေါ် အရမ်းကောင်းသည်။ သော်တာ သူ့ကိုအားကိုးတာ ယုံကြည်တာ၊ စိတ်မချတာ၊ အစိုးရိမ်ကြီးတာကိုလည်း သူနားလည်ပါသည်။

သို့သော် သော်တာ သူ့ကို ချစ်နေသလားဆိုတာတော့ မသေချာ။

သော်တာ့ဘဝမှာ သူပဲ ရှိသလို သူ့ဘဝမှာ သော်တာပဲ ရှိသည်။ ဒါဘယ်သူမှ ငြင်းလို့မရ။ အဲဒါကို အချစ်ဟု သူအဓိပ္ပာယ် မဖွင့်ချင်။ သည်နေ့အထိတော့ ငွေသော်တာထက်ကို သူရင်မခုန်သေးပါ။

သံယောဇဉ် အရှိဆုံးမိန်းကလေးဆိုတာတော့ မငြင်းလို့။

နေ့လယ်တစ်နာရီထိုးချိန်အထိ အခန်းတံခါး လာ မခေါက်တော့ သူ ဖတ်လက်စ စာအုပ်ကို ချထားပြီး အခန်းပြင် ထွက်လာ





ခဲ့၏။ လှေကားကနေ ထမင်းစားခန်းအထိ ဆင်းလာမိသောအခါ ဒေါ်စိန်ကို လှမ်းတွေ့ရ၏။

“ဒေါ်စိန်”

“အော်...မောင်ဇော်ညို ထမင်းစားတော့မလား”

သူ့ကို လှည့်ကြည့်ပြီး မေး၏။

“အင်း...စားမယ်”

ဒေါ်စိန်က ထမင်းခူးပေးသည်။ ဟင်းနွှေးပေးသည်။

“သော်ရော စားပြီးပြီလား”

“မစားသေးဘူးတဲ့”

“ဟုတ်လား ဒီလောက်နောက်ကျနေပြီ”

“ဒေါ်စိန်လည်း ခေါ်တာပဲ၊ နှစ်ခါရှိပြီ၊ တံခါးတောင် မဖွင့်ဘူး။ စိတ်ကောက်နေပြီထင်တာပဲ”

ဒေါ်စိန်ပင် သိနေပြီ။ သော်တာ ဘယ်လောက်ဆိုးလိုက်သလဲ။ တစ်ဆိတ်ရှိ စိတ်ကောက်ဖို့ပဲ။

“ခဏနေဦး၊ ကျွန်တော်သွားခေါ်မယ်”

“မောင်ဇော်ညို စားပါ။ ဒေါ်စိန်သွားခေါ်လိုက်မယ်”

ချော့မရဘဲ နှစ်ယောက်စလုံး မစားဖြစ်မှာသိတော့ တားမိ၏။ ငွေသော်တာထက်က စိတ်ကြီးသည်။ သူ့သဘောမကျတာ လုပ်မိလျှင် တော်တော်နှင့် မကျေနပ်နိုင်။

“ရတယ်...ဒေါ်စိန်ခေါ်ရင် လာမှာ မဟုတ်ဘူး”

ဇော်ညိုသန့်ကလည်း သိပြီးသား။

သူ ခုံကို နောက်ဆုတ်ပြီး ထထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေသော်တာထက် အခန်းရှိရာ တက်လာခဲ့ပါသည်။ တံခါးကို ညင်သာစွာ ခေါက်၏။

"ဘာလဲ"

"သော်...ထမင်းစားမယ်"

မာဆတ်ဆတ် ထူးသံကြောင့် ဇော်ညိုသန့် သက်ပြင်းမော ရှိုက်မိပါသည်။

"မစားဘူး"

ဖြေသံက ခပ်ပြတ်ပြတ်။

"တံခါးဖွင့်ဦး"

"ဘာလို့လဲ...သော်အိပ်မလို့"

"မဟုတ်သေးပါဘူးကွာ...ခဏဖွင့်ပါ"

"မဖွင့်ပါဘူး လာမနှောင့်ယှက်နဲ့"

"သော်..."

သူက အလျှော့ပေးသံ ချော့သံနှင့် ခေါ်မိ၏။

"သော်ရာ...တံခါးဖွင့်ပါ။ ဘာမဟုတ်တာနဲ့ အဲဒီလောက် စိတ်ဒုက္ခ မခံပါနဲ့ကွာ"

ပြေရာပြေကြောင်း ပြောမိ၏။ သူကလည်း သူ။

စောစောကတည်းက ချော့ရမှာ။

ဂရုမစိုက်သလိုနေမိတာ မှားသွားပြီ။

တကယ်တမ်းကျတော့ နေနိုင်တာလည်း မဟုတ်ပါ။ သော် ထမင်း မစားမှာ နေမကောင်းဖြစ်မှာ သူအရမ်းစိတ်ပူသည်။ တစ်ခုခု ဖြစ်လျှင် သူပဲ ပျာရာခတ်ရဦးမှာ။





"တံခါးခဏဖွင့်ပါ"

ငွေသော်တာထက်က ဖျတ်ခနဲ တံခါးလာဖွင့်သည်။ မျက်နှာလေးက မှုန်တင်းတင်း။ သူကြည့်ပြီး ခေါင်းခါမိ၏။

"လာလေ...ထမင်း ားရအောင်"

"မစားဘူး"

"ဘာလို့လဲ"

"ဘာမှမဖြစ်ဘူး"

"ထမင်းမစားဘဲစိတ်မကောက်ပါနဲ့ကွာ၊ စားပြီးမှကောက်။ ဇော် စိတ်ရှည်ရှည်ချော့ပါ့မယ်"

"ချော့ဖို့လည်း မလိုပါဘူး"

ငွေသော်တာက မှုန်တင်ခုံမှာ သွားထိုင်၏။

"သော်..."

ဇော်ညိုသန့်က ငွေသော်တာရှေ့မှာ လာရပ်သည်။

"လာပါ...ထမင်းစားရအောင်၊ ဇော်အရမ်းဆာနေပြီ"

ငွေသော်တာက သူ့ကို မကျေမနပ်ကြည့်ပြီး...

"ဆာရင် သွားစားပေါ့"ဟု ဘုဆတ်ဆတ် ပြန်ပြောလာ၏။

"အတူတူသွားစားမယ်လေ"

"မစားဘူး"

"ခါတိုင်းလည်း အတူတူစားနေကျပဲဟာ"

"တော်ပြီ၊ ဒီနေ့ကစပြီး မစားတော့ဘူး"

"တကယ်လား"



www.burmeseclassic.com

www.burmeseclassic.com



အေးစက်သေ ာအကြည့်နှစ်ခုအား ပြိုင်မိ၏။

"နောက်စရာမှ မဟုတ်တာ"

ငွေသော်တာထက်က ဆတ်ခနဲ အကြည့်လွှဲသွားပြီး ပြောလာ၏။ ဇော်ညီသန့် မျက်နှာမရွှင်ပျတော့ပါ။

သည်လောက်ခေါ်နေတာ လိုက်ခဲ့သင့်ပြီ။

"ပြီးရော...ရတယ်။ ဇော်လည်း မစားဘူး"

တစ်ခါတလေ သူလည်း ပြိုင်ပြီး စိတ်လုပ်ချင်ပါသည်။

"လုံးဝလာမခေါ်နဲ့...မစားဘူး"

သူ ပြတ်သားစွာ ပြောတော့ သော်က ဇဝေဇဝါ မျက်လုံးကလေး နှင့် အဖြေရှာနေ၏။

ဇော်တကယ်ပဲ စိတ်ဆိုးသွားတာလား။

သော် ပင့်သက်ရှိုက်သည်။

"ဖြေ...စားမှာလား မစားဘူးလား၊ သော်မစားရင် ဇော်လည်း မစားဘူး။ ဒီအတိုင်း နေကြတာပေါ့"

ငွေသော်တာထက်က နှုတ်ခမ်းစူ၏။

ပြီးတော့ သူ့ရှေ့ထရပ်ပြီး သူ့ရင်ဘတ်ကို ထုရိုက်ပစ်၏။

"ငမ်းကြောထူတဲ့လူ၊ အရှက်မရှိတဲ့လူ..."

ပါးစပ်ကလည်း အလိုမကျသမျှ ရေရွတ်နေသည်။

"မချော့ချင်ဘူးမဟုတ်လား၊ ကောက်ရင် နားအေးတယ် မဟုတ်လား၊ ခုမှလာပြီး အပြိုင်စိတ်လုပ်ချင်သေးတယ်။ မှတ်ထား သော့်ကိုလည်း လာချုပ်ချယ်ကြည့်...တွေ့မယ်"





သူ့အပြုံးမပျက် ခံနေလိုက်ပါသည်။

သော် စိတ်ကောက်ပြေပြီး ထမင်းအတူတူစားဖြစ်ဖို့က အဓိကပါပဲ။ ကျန်တာတွေက အရေးမကြီးပါ။

"နောက်တစ်ခါ အဲဒီလို ငမ်းရဲငမ်းကြည့်"

"ယောက်ျားလေးပဲကွာ...ဇော်က လူပျို"

"ဘာလူပျိုလဲ"

"ဟာ...မဟုတ်လို့လား၊ ဇော့်မှာ မိန်းမရှိလို့လား"

"မိန်းမ မရှိပေမယ့် ညီမရှိတယ်။ ညီမပါတယ်။ သိက္ခာရှိရှိ နေပါလား။ ဇော်မရှက်ပေမယ့် သော်ရှက်တယ်သိလား"

"ဘာရှက်စရာရှိလို့လဲ"

"ဇော် ငမ်းကြောထူနေတာကြီး"

"ဟ...သူလည်း ကြည့်တာပဲ"

တစ်ဖက်သတ်ကြီး ရှုတ်ချနေတော့ မခံချင်တော့ပါ။ မခံချင်လို့ ချေပခါမှ ပိုဆိုးသွားပြီ။

"ဟော...ဟော...ပေါ်လာပြီ။ ရှင်တို့ အပြန်အလှန်အကြည့်တွေ ဖလှယ်နေတာ ဝန်ခံပြီပေါ့"

"သေရော"

ဇော်ညီသန့် မျက်နှာကြီး ထူအမ်းသွားရ၏။

"အဲဒါအပြစ်လား စိတ်ဝင်စားလို့ ကြည့်မိတယ်ဆိုရင် အပြစ်လား၊ ခွင့်မလွှတ်လောက်စရာ အမှားကြီးလား။ ဇော်လည်း လူလွတ်ပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပွင့်လင်းလင်းစကားကြောင့် ငွေသော်တာ နှုတ်ဆိတ်သွားရသည်။ ဟုတ်သားပဲ၊ သော်က မတရားရာကျနေပြီ။ ဇော့်ဆုံးဖြတ်ချက်နှင့် ဇော်ပါ။ ဇော်နှစ်သက်သူကို ရွေးပိုင်ခွင့်ရှိသည်။ သော်က ဝင်ရှုပ်စရာမလို။

ငွေသော်တာက ငြိမ်သက်သွားတော့ ဇော်ညိုသန့် တစ်မျိုးကြီး ဖြစ်သွားရ၏။ ကိုယ့်စကားက သော့်ကို တစ်စုံတစ်ရာ ထိခိုက်စေမှာလား။

"ဟုတ်ပါတယ်..."

ငွေသော်တာက ဆတ်ခနဲ ခေါင်းညိတ်၏။

"သော်မှားသွားတယ်"

စိတ်မကောင်းသလို တိုးတိုးကလေးဆိုတော့ သူဘာလုပ်ရမှန်း မသိပါ။ သော်က မျက်နှာကလေးပျက်ကာ...

"ဆောရီးပဲ...ဒီကိစ္စ သော်နဲ့မဆိုင်ဘူး"

"အဲဒီလို ဖယ်ထုတ်ခွဲခြားပြီး ပြောတာမဟုတ်ပါဘူး"

ဇော်ညိုသန့်က လက်နှစ်ဖက်ကာပြီး တောင်းပန်၏။

"ဖေဖေတို့က ဇော်နဲ့သော်ကို သဘောတူထားတယ်လေ။ သော်နဲ့ ဆိုင်သင့်သလောက်တော့ ဆိုင်ပါတယ်"

"ရှင်"

မအူမလည်လေးနှင့် မော့်ကြည့်နေတော့ ဇော်က အကျဉ်းအကျပ်တစ်ခုထဲ ရောက်သွားသလိုခံစားရပြီး...

"မိဘတွေက သဘောတူတာ မှန်ပေမယ့် ဇော်တို့ နှစ်





ယောက်က ဒါကို လက်မခံသေးဘူး။ မစဉ်းစားရသေးဘူး၊ ဆုံးဖြတ်ချက် မကျသေးဘူးလေ..."

ငွေသော်တာက လက်ကာပြ၏။

"ထားလိုက်ပါတော့။ ထမင်းသွားစားမယ်"

ဇော့်ကို ထားရစ်ပြီး ရှေ့က လျှောက်သွား၏။

ဇော် ပခုံးတွန့်ကာ လိုက်လာခဲ့၏။

"ဇော်ပြောတာက..."

စကားစရုံရှိသေး...သော်က လက်ကာ ခေါင်းရမ်း၏။

"မပြောပါနဲ့တော့...ဒီကိစ္စတွေကို မဆွေးနွေးချင်ဘူး။ နောက်ဆို အဲဒီလို ကိစ္စတွေမှာ သော် ဝင်မရှုပ်ဘူး ရပြီမဟုတ်လား။ ဇော်ကျေနပ်ပြီ မဟုတ်လား။

ငွေသော်တာက ထမင်းအုပ်ကို ဖွင့်ပြီး သူ့အတွက် ထမင်းခူးထည့် ပေးရင်း မေးလာ၏။

"မကျေနပ်တာ မဟုတ်ပါဘူး၊ သော့်ကို ဘာမဆို ကျေနပ်ပါတယ်။ အခုရော ဘာပြောမိလို့လဲ၊ ပြောတာက သော်ပါ။ ကောက်သွားတာကလည်း သော်ပါ"

ငွေသော်တာက ဇော်ညိုသန့်ကို ငေးငေးကလေး ကြည့်ကာ စကားမဆိုတော့ပါ။

ထမင်းဝိုင်းက တိတ်ဆိတ်နေ၏။

ကိုယ်က ယောကျ်ားလေးဖြစ်ပြီး သည်းနေတာ မဟုတ်ပါဘူးကွာ။



www.burmeseclassic.com

www.burmeseclassic.com



သော်...ဇော့်ကို ချစ်တာ သေချာရင်...။

ဇော်ကလည်း သော့်ကို ချစ်လာမိရင် မသိဘဲ ချစ်နေမိခဲ့ပြီဆိုရင် လက်ထပ်မှာပါ။

တစ်ယောက်ကိုတစ်ယောက် ယုံကြည်မှုမရှိဘဲ ဆက်ဆံနေကြတာကို အချစ်လို့ မခံယူချင်လို့ပါသော်ရယ်။

ဒါတွေကို သော်နားလည်ရဲ့လား။ သော့်ဘက်က ချစ်တာသေချာရင်လည်း ကိုယ်က ရက်စက်မယ့်သူမဟုတ်ပါဘူး။

ကိုယ်လိုချင်တာ သေချာမှုပါ။

သော့်စိတ်ကိုလည်း နားမလည်သေးပါဘူး။

နောက်တော့မှ နောင်တမရချင်ဘူး။

သော့်ကိုလည်း ပျော်စေချင်တာ အမှန်ပါ။

သော်စိတ်ဆင်းရဲအောင် ဘယ်တော့မှ မလုပ်ရက်ပါဘူး။ ယုံပါသော်၊ ဇော့်နှလုံးသားက သော့်ကို ဘယ်တော့မှ ပစ်ပစ်ခါခါ မလုပ်ရက်ပါဘူး။

* * *

ငွေသော်တာထက်က နာရီကို ကြည့်လိုက်၊ မျက်နှာလေးရှုံ့မဲ့သွားလိုက်နှင့် ဦးထုပ်ကို ပွစိပွစိလုပ်တော့၏။

"ဘယ်အချိန်ရှိပြီလဲ၊ ဒီလောက်နောက်ကျနေတာ"

ဦးလေးထူးက ဟင်းခနဲ ညည်း၏။

"အလုပ်မပြီးသေးလို့ ဖြစ်မှာပါကလေးရယ်"

"ဒါအလုပ်ချိန်လား၊ အလကား ဘယ်တွေလျှောက်သွားနေလဲမသိဘူး။ တော်တော်စိတ်အေးတဲ့လူ၊ သမီးအတွက် နည်းနည်းမှ မစဉ်းစားဘူး"

"မဟုတ်ပါဘူးကွယ်...မောင်ဇော်ညိုက တကယ် ကိစ္စရှိနေလို့ ကြာနေတာဖြစ်မှာပါ"

ဒေါ်စိန်ကလည်း ဝင်ပြောလာ၏။

"သမီး စိတ်ပူမယ်ဆိုတာတော့ သူတွေးသင့်ပါတယ်"

"အေးလေကွာ...ဖုန်းလည်း မဆက်ဘူး"

ငွေသော်တာက ဇော်ညိုသနို့ ဟင်းနိဖုန်းကို ထပ်ခေါ်၏။ နှစ်ကြိမ်သုံးကြိမ်မက ခေါ်ခဲ့ပြီးပြီ။





www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို ပိတ်ထားတာမို့ ခေါ်မရ။

အပြင်မှာ မိုးတွေက သဲသဲမဲမဲ ရွာနေ၏။

ဇော်...တစ်မုံခုများ ဖြစ်နေပြီလား။

မတွေးသင့်သောအတွေးနှင့် ရင်ထဲ ဒုတ်ခနဲ တုန်သွား၏။

ဘုရားရေ...လွဲပါစေ၊ ဖယ်ပါစေ။

တလှပ်လှပ် ရင်ထဲ လန့်စိတ်ဝင်ကာ မောလာမိသလိုပါ။

"လာမှာပါသမီးရဲ့၊ စိတ်အေးအေးထားပါ"

"ဦးလေးထူးပြန်လာတော့ ဇော်ဘာမှာလိုက်သေးလဲ၊ အဲဒါ ညနေ ငါးနာရီနော်"

"ဟုတ်ပါတယ်၊ ဘာမှ မမှာလိုက်ဘူး"

ငွေသော်တာက စိတ်ပူပြီး ထိုင်မရထမရ ဖြစ်နေ၏။

ခြံရှေ့ကို မျှော်ကြည့်လိုက်၊ နာရီကိုကြည့်လိုက်၊ သည်ဘက် ဟိုဘက်လျှောက်လိုက်...ဘယ်လိုမှနေမရ။

ဇော်ရယ်။

စိတ်ပူပြီး သေအောင်လုပ်တာလား။

နာရီက ဆယ်နာရီကို အနည်းငယ်ကျော်နေခဲ့ပြီ။

ဇော်တစ်ခုခု ဖြစ်နေပါပြီ။

သည်လောက် နောက်ကျစရာအကြောင်းမရှိ။

ဖုန်းဖြစ်ဖြစ် ဆက်သင့်တာက ဆက်ကိုဆက်ရမှာ။

"ဦးလေးထူး ဘာလုပ်ရမလဲဟင်...သော်ဘာလုပ်သင့်လဲ"

ကြံရာမရ မေးမိ၏။ ရင်ထဲ ပူလှပြီ။





"ခဏလောက် စောင့်ကြည့်လိုက်ပါဦး"

ဒေါ်စိန်က စိတ်အေးလက်အေး ပြောပေမယ့် ငွေသော်တာ မစောင့်နိုင်တော့ပါ။

"ဦးလေးထူး...သော်တို့ လိုက်ရှာရအောင်'

"အေး...အေး..."

ဦးလေးထူးက ကားသွားထုတ်လာ၏။

ငွေသော်တာက ရိန်းကုတ်(မိုးကာအင်္ကျီ)လေး ထပ်ဝတ်ပြီး ပိုက်ဆံအိတ်ကလေး ဆွဲယူလျက် ကားပေါ် ကမန်းကတန်း တက်၏။

ရှာလျှင်လည်း တွေ့ချင်မှတွေ့မှာ။

သို့ပေမယ့် ထိုင်စောင့်နေဖို့ မဖြစ်နိုင်တော့ပါ။

"ဘယ်ကို အရင်သွားမလဲသမီး"

"ရှင်"

အရေးဆို ဦးလေးထူးနှင့် ဒေါ်စိန်က နောက်မှနေကြတာ။

သော့်ဆုံးဖြတ်ချက်ကို စောင့်နေကြတာ။

ဇော်မရှိလျှင် သော်က အိမ်မှာ အလိုလို လူကြီးဖြစ်ရတော့၏။

"ကုမ္ပဏီရုံးခန်းကိုပဲ အရင်ဆုံးသွားကြတာပေါ့"

ငွေသော်တာထက်၏ စကားကို ဦးလေးထူးက ခေါင်းညိတ်၏။ လမ်းထိပ် မရောက်တရောက်မှာ ဝင်လာသော ဇော့်ကားကို လှမ်းမြင်ရ၏။ ဦးလေးထူးက "ဟော..."ဟု ရေရွတ်၏။

ဇော်ညိုသန့်ကလည်း သော်တာ့ကားကို မြင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးထူး...ပြန်ကွေ့လိုက်တော့"

ဇော်က သော်တို့ကား ပြန်ကွေ့တာကို စောင့်နေ၏။

ကားနှင့်စီး ခြံဝင်းထဲကို ရှေ့ဆင့်နောက်ဆင့် ဝင်လာကြသည်။

"ဘယ်သွားမလို့လဲသော် ဒီအချိန်ကြီး"

ကားတံခါး ဂျိန်းခနဲ ပိတ်လျက် ဆင်းလာသော သော့်ကို ဇော်က မေး၏။ သော် သူ့ကို မကျေမနပ် ကြည့်မိ၏။

သည်တစ်ခါ ဇော့်ကို အရမ်းစိတ်ဆိုးမိပါသည်။ တမင်ရင်ပူအောင် လုပ်ရက်လေခြင်း။

စာနာတတ်တဲ့ စိတ်တွေ ဘယ်ရောက်ကုန်ပြီလဲ။

သော်စိတ်ပူလွန်းလို့ အသက်ရှူတောင် ကျပ်လာမိသလိုပါ။

ဇော်...တော်ကော်ရက်စက်ပါ ဘားဟု သိလိုက်ရတော့ ဝမ်းနည်းသည်။ ငိုချင်သည်။

ဇော်မေးတာကို မဖြေဘဲ ခြေသံပြင်းပြင်းနှင့် အိမ်ထဲဝင်လာခဲ့၏။ ဇော်ညိုသန့်က ဘဝင်မကျနိုင်စွာ...

"အလုပ်ကိစ္စက တစ်မျိုး... သူကောက်တာက တစ်မျိုး" ဟု မောမောနှင့် ရေရွတ်မိသောအခါ ဒေါ်စိန်က မနေသာဘဲ...

"မောင်ဇော်ညိုရယ်... သော်စိတ်ပူနေတာ... လမ်းမှာ တစ်ခုခုများ ဖြစ်နေလားဆိုပြီး သူ့ခမျာ နေမရထိုင်မရနဲ့ မျှော်နေတာ လမ်းကိုပဲ။ ညနေကတည်းက နေမကောင်းချင်ဘူးဆိုပြီး ဆေးသောက်ထားတာ၊ သော်အိပ်ရာဝင်နေပြီ။ မော်ဇော်ညို မလာသေး





လို့ အောက်ကို ပြန်ဆင်းလာတာ"

"အေးလေကွာ၊ နောက်ကျမယ်ဆိုမင်းဖုန်းဆက်သင့်တာပေါ့၊ ဖုန်းခေါ်လို့လည်း မရဘူး"

ဦးလေးထူးနှင့် ဒေါ်စိန်၏ စကားက သော့်ကို အပြစ်မြင်နေမိသော သူ့ကို ငိုင်တွေသွားစေ၏။

"သော်က စိတ်ပူလို့ပါကွယ်၊ ပြန်ရောက်ရမယ့် အချိန်ထက် အများကြီး နောက်ကျနေပြီ။ ဖုန်းကလည်း လုံးဝခေါ်လို့ မရဘူးဆိုတော့..."

လူကြီးနှစ်ယောက်စလုံးက သော့်ဘက်က ပြောလာသောအခါ ဇော်က သူ့အပြစ်ကို ချက်ချင်းမြင်၏။

"ဟုတ်ပါတယ်။ ကျွန်တော်အလုပ်ဇောကပ်ပြီး သော့်ဆီ ဖုန်းဆက်ဖို့ မေ့သွားတာပါ။ ကျွန်တော်သွားချော့လိုက်ပါမယ်"

ဇော်ညိုသန့်က ချက်ချင်းပဲ သော်တာရှိရာ အပေါ်ထပ်ကို တက်လ ၏။ ငွေသော်တာ နေမကောင်းဘူးဆိုတော့ စိတ်ထဲ ပူပန်သွား၏။

"သော်"

အခန်းတံခါးက စေ့ရုံစေ့ထားတာမို့ တွန်းဖွင့်ဝင်လာမိ၏။ ငွေသော်တာက အခန်းထဲမှာမရှိ။

အခန်းထဲက တံခါးကနေ ဝရန်တာကို ထွက်သွားပုံရ၏။

သူ ဝရန်တာထိ ထွက်ကြည့်မိ၏။

ကြည့်စမ်း...



www.burmeseclassic.com

www.burmeseclassic.com



မိုးရေကြီးထဲ ဝရန်တာမှာ ထွက်ရပ်နေသည်။

ရိန်းကုတ်(မိုးကာအင်္ကျီ)ကာကီရောင်လေး ဝတ်ထားပေမယ့် စကာဒ်အရှည်အနက်ကလေးနှင့် ခြေဖျားဖွေးဖွေးလေးဟာ ရွဲရွဲစိုနစ်နေပါပြီ။

သော်ရယ်။

သည်တစ်ခါတော့ ဇော်ညိုသန့် ရင်ထဲမှာ ဝေဒနာတစ်မျိုးဖြစ် ထွန်းသွား၏။ သူ့ဘဝက တွယ်တာစရာမရှိသည့် တစ်ကောင်ကြွက်ပါ။ ဖေဖေ မေမေတို့က မွေးစားလို့သာ သည်လိုအဆင့်အတန်းမျိုးနှင့် ကြီးပြင်းလာခဲ့ရတာ။

သူ့အပေါ် တွယ်တာသူ ဂရုစိုက်သူ အလေးအနက်ထားသူလို့လည်း ရှိခဲ့တာမဟုတ်။

သူ့အပြန်နောက်ကျလို့ စိတ်ပူပြီး စောင့်နေမည့် မိန်းကလေးတစ်ယောက်ရှိတာကိုရင်ထဲမှာ ကျေနပ်သွားမိသည်။

ငွေသော်တာ သူ့ကို ခုလောက် ဂရုစိုက်မည်မထင်ခဲ့ပါ။

သော့်စိတ်ကို စမ်းချင်လို့လည်း မဟုတ်ပါ။ အမှတ်တမဲ့ပါ။ အိမ်ကို ဖုန်းမဆက်မိတာလည်း အမှတ်တမဲ့ပါ။

တစ်ခါတလေ သူပြန်လာလျှင် ငွေသော်တာက ဧည့်ခန်းမှာ တီဗွီ ကြည့်ပင် မပျက်။ ထမင်းစားလည်း စောင့်ချင်မှ စောင့်တတ်တာ။

"သော်...မိုးရွာနေတယ်လေ"

လက်ပိုက်ပြီး ရပ်နေသော ငွေသော်တာ့ဘေးကို လျှောက်





သွားပြီး ဆိုမိ၏။ တကယ်တမ်း ဘာမှမပါဘဲ မိုးရေကြီးထဲ ထွက်မိတာက သူပါ။ တီရှပ်စိမ်းဝါဝါက ထူထူထဲထဲ မဟုတ်တာမို့ သူစိမ့်ခနဲချမ်းသွားရ၏။

ထီးတို့ဘာတို့ယူဖို့လည်း သတိမရ။

"သော်...ဆောရီးကွာ..."

ရှေ့တည့်တည့်ကိုသာ ငြိမ်သက်ကြည့်နေသော သော့်မျက်နှာလေးကို ကိုယ်ကိုကိုင်းလျက် သေချာမြင်အောင် ကြည့်ပြီးတောင်းပန်လိုက်၏။

မိုးစက်မိုးပေါက်တို့က သော့်မျက်နှာပေါ် ကျနေပေမယ့် မျက်လုံးထဲက မျက်ရည်ကို ဇော် သိရှိခံစားမိသည်။

မြင်လို့ရယ် မဟုတ်ပါ။ သိလိုက်တာပါ။

သော်ငိုနေပြီဆိုတာ ဇော်အလိုလို ခံစားမိသည်။ သေချာသိနေသည်။ သော့်လက်မောင်းတစ်ဖက်ကို ဖမ်းဆုပ်ရင်း...

"လာပါ...အခန်းထဲ သွားရအောင်" ဟု ခေါ်မိ၏။

"ကြိုက်သလောက် ကောက်ပါသော်ရယ်...တစ်ညလုံးမအိပ်ဘဲ ချော့ဆို ချော့ပါ့မယ်။ မိုးရေကြီးထဲမှာ ရပ်မနေပါနဲ့ ဖျားလိမ့်မယ်။ အိမ်ထဲ ဝင်ပါတော့"

ငွေသော်တာက လှုပ်ပင်မလှုပ်၊ ကျောက်ရုပ်လို အေးစက်ပေကပ်နေ၏။

"သော်..."

ဇော်ညိုသန့် ဘာလုပ်ရမှန်းမသိ၊ သော့်ဘေးမှာ ရပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်း ချမိသည်။ ပြီးမှ အကြံရကာ သော်နှ့ကို ဇွေ့ခနဲ ပွေ့ချီပြီး အခန်းထဲ ခေါ်လာခဲ့၏။ သော်တာက ရုန်းလည်း မရုန်း။ စကားလည်း မဆိုဘဲ ငြိမ်ငြိမ်သက်သက်ပါလာ၏။

အခန်းထဲ ရောက်တော့ သူ... သော်နှ့ကို ဖြည်းဖြည်းလေး ချပေးလိုက်၏။ သော်က သူ့ရှေ့မှာ ရပ်မြဲရပ်လျက် ခေါင်းငုံ့ပြီး ရှိုက်ငို၏။

"သော်ရာ...မငိုပါနဲ့...ဇော်အရမ်းမှားသွားပါတယ်၊ နောက်တစ်ခါ ဒီလိုမျိုး ဘယ်တော့မှ မဖြစ်စေရဘူး"

တဖွဖွ တောင်းပန် ချော့မော့ရင်း မိုးရေစွဲနေသော ရိန်းကုတ် (မိုးကာအင်္ကျီ)လေးကို ချွတ်ပေး၏။

"နွေးနွေးထွေးထွေး နေလိုက်ဦး... ကိုယ်ကပူနေသလိုပဲ၊ သော်ရယ်...မကျေနပ်တာတွေ နောက်မှ ရန်တွေ့ ကြိုက်သလောက် အပြစ်တင်၊ ဇော့်ကို သဘောရှိ အပြစ်ပေး၊ အခုလော လောဆယ် အဝတ်အစား လဲလိုက်။ ဇော်လည်း အရမ်းပင်ပန်းလာတယ်။ အလုပ်ကိစ္စတွေ ဟိုပြေး ဒီပြေးနဲ့..."

ငွေသော်တာထက်က သူ့ကို နှုတ်ခမ်းကိုက်ပြီး ကြည့်၏။

"သော် စိတ်ပူပြီး စောင့်နေမယ်လို့ မထင်မိဘူး...သော့်ကို တမင်နှိပ်စက်တာ မဟုတ်ပါဘူး။ သော့်နေရာမှာ ဇော်ဆိုလည်း စိတ်ပူမိမှာပဲလေ။ ဇော် အရမ်းစိတ်မကောင်းပါဘူး။ ဒီတစ်ခါတည်းပါ။ သော်ယုံပါ။ နောက် တစ်ခါ မဖြစ်စေရဘူး။ နောက်ကျမယ်ဆိုရင် ဖုန်းဆက်မယ်။ အသိပေးမယ်။ ဟုတ်တာပေ့ါ။ ဖေဖေတို့မရှိတော့





အိမ်မှာ ဇော်နဲ့သော်ပဲ ရှိတာ။ ဇော်ပြန် ရောက်ရမယ့်အချိန်မှာ မရောက်ဘူး၊ ဖုန်းလည်း ခေါ်မရဘူးဆိုတော့ သော်အရမ်း စိတ်ပူမှာပေ့ါ။ ဇော်နားလည်သွားပြီ"

ငွေသော်တာက ဇော့်ကို စကားတစ်ခွန်းမှမဆို၊

နံရံကပ် ဗီရိုရှေ့ကို လျှောက်သွားပြီးမှ...

"အခန်းထဲက ထွက်လေ"ဟု ဗလုံးဗထွေးနှင်၏။

"အိုကေ...အိုကေ...သွားမှာပါ။ အဝတ်အစားလဲပြီး ဆင်းလာလေ...တစ်ခုခု စားရအောင်။ ဇော် ထမင်းစားပွဲက စောင့်မယ်"

ဇော်ညိုသန့်က သော်တာ့အခန်းထဲက ထွက်ပြီး တံခါး ပြန်စေ့ပေး ခဲ့၏။ သူ့အခန်းဘက်ကို လျှောက်လာရင်း ခါတိုင်းနှင့် မတူသော ခံစားမှု အသစ်တစ်ခု ရင်ထဲဖြစ်လာ၏။

ကိုယ်...သော့်ကို ချစ်များချစ်နေမိပြီလား။

သော်ကရော...သော့်ဘက်ကရော ကိုယ့်ကို လိုလိုလားလား မျှော်လင့်နေပြီလား။

အခန်းထဲ ဝင်လာပြီး အင်္ကျီလဲပြီးချိန်အထိ သူထပ်တလဲလဲ တွေး နေမိကာ ဆံပင်တွေ ရေသုတ်ဖို့ပင် သတိမေ့သွား၏။

မိုးရေထဲမှာ လက်ကလေးပိုက်ကာရပ်နေသော သော့်ပုံစံလေးကို မျက်လုံးထဲမှာ မြင်ယောင်အရိပ်ထင်နေသည်။

သော့်မျက်လုံးနက်နက်ရွှန်းရွှန်းကလေးများကို တွေးမိတိုင်း ရင်ထဲမှာ ကြည်နူးသလိုလို။

ထမင်းစားခန်းကို ချက်ချင်းဆင်းလာပြီး ဒေါ်စိန်ရင်



www.burmeseclassic.com

www.burmeseclassic.com



သော်တာ့အတွက် စားစရာတစ်ခုခု လုပ်ပေးဖို့ ပြောသည်။

လှေကားက ဆင်းလာမည့် သော်တာ့ကို သူထိုင်စောင့်နေမိ၏။ လှေကားဆီ မော့ကြည့်မိတာလည်း အကြိမ်ကြိမ်ပါ။

ခဏကြာတော့ သော်တာက ဆင်းလာ၏။

နီညိုရောင် အနွေးထည်လက်ရှည်ကလေးနှင့် ဘောင်းဘီရှည် အရောင်တူလေးက သော်တာ့ကို ချစ်စရာကောင်းစေပါသည်။

သူထင်မိတာလည်း ဖြစ်ချင်ဖြစ်မည်။

"ဒေါ်စိန်ရေ...သော့်ဖို့ ကော်ဖီတစ်ခွက်"

"ဇော်အားလုံး လုပ်ခိုင်းထားပြီးပြီသော်"

ဇော်ညိုသန့်ကို ငွေသော်တာက မျက်စောင်းရွယ်သည်။

"စိတ်မဆိုးပါနဲ့ သော်ရယ်"

သူ...သော့်ဘေးမှာ ထိုင်ပြီး တောင်းပန်မိ၏။

"အနူးအညွတ်တောင်းပန်ပါတယ်"

ငွေသော်တာက ပင့်သက်မှျင်းမှျင်းကလေးနှင့်...

"စိတ်ဆိုးတာ မဟုတ်ပါဘူး။ ကောက်တာလည်း မဟုတ်ဘူး။ ဇော်တွေးမိဖို့ ကောင်းပါတယ်။ အင်းလေ... ဇော်ဝင့်လည်း ဦးမှာပါ"

"ဟာကွာ..."

သူက သော့်ကို အံ့အားသင့်စွာ ကြည့်၏။

"ဇော့်ကို စိတ်ပူအောင် ပြန်လုပ်မယ်ပေါ့ ဟုတ်လား"

"ဝါသနာမပါဘူး"





"ဒါဆို..."

"သူများကို လက်စားချေတာ၊ တုံ့ပြန်တာ ရွဲ့တာ ဝါသနာကို မပါတာ။ ဒါပေမဲ့ သော့်ခံစားချက်ကို ဇော်သိစေချင်တယ်။ သိမှ ဪ...ဒီလို ဆိုးဝါးပါလားဆိုတာ ဇော်နားလည်မှာ။ ဇော့်ကို သိစေချင်တယ်။ ဇော်သိ ခွင့်ကြုံပါစေလို့ပဲ ဆုတောင်းလိုက်တာ"

"သော်ရယ်..."

ဇော်ညိုသန့်က ခံစားရတာကို ရယ်လိုက်၏။

"အင်း...သိပြီ၊ ဇော့်ကို သင်ခန်းစာ ရစေချင်တာပေါ့"

ငွေသော်တာက ကော်ဖီသောက်နေရင်း တုံ့ပြန်စကားမဆို။

"သော်ကောက်သွားတိုင်း ဇော်စိတ်ရှည်ရှည်နဲ့ ပြန်ဖြောင့်ပေးခဲ့တာကို..."

"ဘာ ပြန်ဖြောင့်ပေးခဲ့တာလဲ ဟွန်း..."

"မဟုတ်ဘူးလေ၊ ပြန်ချော့ခဲ့တာ... ပြန်ချော့ခဲ့တာတွေကို တွေးပြီး ဒီတစ်ခါ ဇော့်အမှားကို ခွင့်လွှတ်ပေးလိုက်ပါလား"

"အမှားတွေ ခဏခဏထပ်လာရင်ရော..."

"မထပ်စေရပါဘူး စိတ်ချပါ"

"အင်းလေ...ရပါတယ်။ တစ်ခါတလေပဲ"

ငွေသော်တာက ဇော့်ကို လှမ်းကြည့်ပြီး ဆံပင်တွေ ရေစိုနေတာ မြင်သွားပြီး သတိပေး၏။

"ခေါင်းမသုတ်ဘူးလား"

"ဟုတ်တယ်...မေ့သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ညိုသန့်က မလုံမလဲ တစ်ချက်ရယ်သည်။

"သွားသုတ်ဦးလေ"

"ရပါတယ်"

"ဘာလဲ နှာစေးပြီး စတိုင်လုပ်ချင်လို့လား"

"ဟင်..."

ငွေသော်တာ၏ စကားကို ဇော်ညိုသန့်က နားမလည်။

"နှာစေးတာ စတိုင်လား"

"မသိနိုင်ဘူးလေ၊ ခုခေတ်ကောင်လေးတွေက အမျိုးမျိုး စတိုင် လုပ်နေကြတာ... တုပ်ကွေးဖျားလည်းစတိုင်... နှာစေးလည်း စတိုင်...မဟုတ်ဘူးလား"

"ဇော်မပါပါဘူးသော်ရာ...ဇော်က ကိုယ့်အလုပ်နဲ့ကိုယ် မအားဘူး။ ခေတ်စတိုင်တွေလည်း စိတ်မဝင်စားတော့ပါဘူး"

ငွေသော်တာက ဖွဖွပြုံး၏။

"ကောင်မလေး ချောချောတွေတော့ စိတ်ဝင်စားပါတယ် နော်"

"အဟား...ဒါကတော့ကွာ"

"သိပါတယ်။ ကိုယ်က လူလွတ်ပဲ...ဘာညာ ပြောဦးမလို့ လား၊ ရပါတယ်။ သော်က အဲဒီကိစ္စ မကန့်ကွက်ပါဘူး"

ဇော်ညိုသန့်က ငွေသော်တာဘက်ကို သေချာစိုက်ကြည့် နေ၏။

"ဘာလဲဇော်ရဲ့...ဘာကြည့်တာလဲ"





ရယ်သံလေးနှင့် မပွင့်တပွင့် မေးလာ၏။

"တကယ်မကန့်ကွက်ဘူးလား"

တိတိကျကျ မေးလာ၏။ သော်က ဇော်နှင့် အကြည့်ချင်းဆုံ မိ၏။ ဇော့်မှာ လျှို့ဝှက်ချက်တွေ ရှိနေပြီလား။ ဇော်ချစ်သူရှိနေပြီ လား။ ဇော်မိန်းမ ယူတော့မလို့လား။

ထိတ်ခနဲ ပူသွားသော စိတ်ကို ထိန်းချုပ်လျက် ဟန်ဆောင် ပြုံးကလေးနှင့် မေးမိပါသည်။

"ဇော့်မှာ အစီအစဉ်တွေ ရှိနေပြီလား"

ဇော်ညိုသန့်က ချက်ချင်းမဖြေဘဲ အချိန်ဆွဲနေ၏။ ငွေသော် တာ၏ မျက်နှာကို နားလည်အောင် ဖတ်ကြည့်အဖြေရှာနေ၏။

"ဇော်...ဖြေလေ"

"ဘာအစီအစဉ်လဲ"

"ဩော်...ချစ်သူရှိနေပြီလား ဘာလားပေါ့"

ဇော်က တိုးသဲ့သဲ့ရယ်သည်။

"သော်က ဘယ်လိုထင်လို့လဲ"

"မသိဘူးလေ၊ သော်နဲ့ဇော်က တစ်နေ့လုံး တွေ့ရတာ မဟုတ်ဘူး၊ ခဏကလေး ဆုံရတာ"

"ဇော့်ကို အဲဒီလောက် အထင်ကြီးထားသလား"

ငွေသော်တာက ပင့်သက်မသိမသာရှိုက်ရင်း...

"ဟွန်း...သူ့ကိုယ်သူ ရည်းစားရှိသလိုလို ဘာလိုလိုနဲ့ သော် က တကယ်များလားလို့"



www.burmeseclassic.com

www.burmeseclassic.com



သော်က ထမင်းစားပွဲမှထပြီး ဧည့်ခန်းမှာ သွားထိုင်၏။ ဇော်လည်း သော့်နောက်က လိုက်လာခဲ့သည်။

"ဖေဖေ မေမေတို့ကို စိတ်ချမ်းသာစေချင်တယ်"

သော်က ငြိမ်သက်စွာ နားထောင်နေသည်။

"သူတို့ကျေးဇူးတွေက အရမ်းကြီးမားလွန်းတယ်။ ဇော့်မှာ မိဘရင်း မရှိတော့ဘူး။ ဒီမိသားစုပဲ တွယ်တာစရာ ရှိတာ။ မွေးစားမိဘတွေ စိတ်ဆင်းရဲအောင်မလုပ်ရက်ပါဘူး"

ငွေသော်တာက လက်မခံနိုင်သလို ခေါင်းရမ်းသည်။

"သော်ကတော့ တကယ်နှစ်သက်မှပဲ လက်ထပ်ချင်တယ်"

ဇော့်စိတ်ကို သော် နားမလည်သေးပါ။

သော့်ကြောင့် ဇော်အခွင့်အရေးတွေလည်း မဆုံးရှုံးစေချင်။

လွတ်လွတ်လပ်လပ် ရွေးချယ်ပါစေ။

ရှုံးတယ်လို့ဆိုဆို သော့်ဆန္ဒကို ထုတ်ဖော်မပြလိုပါ ဇော်ရယ်...

သော့်ထက် ပိုပြီး ခင်တွယ်ရမယ့်သူ ရှိလာခဲ့ရင် အားမနာပါနဲ့။

ငဲ့မကြည့်ဘဲ လျှောက်သွားလိုက်ပါ။

သော်က အပြုံးကလေးနှင့် နေခဲ့မှာပါ။

အပြစ်လည်း မတင်ရက်ပါဘူး။

သော့်ကိုပဲ ရွေးချယ်ရမယ်လို့ ဇော့်အပေါ် မကန့်သတ်ရက်ပါ။ ကန့်သတ်လို့ရော ရမှာတဲ့လား။

* * *



သော်တာက ကားမောင်းလာရင်း ကက်ဆက်ကို တိုးတိုးကလေး ဖွင့်၏။

မနက်စောစောမို့ ကားရှင်းနေပါသည်။

သော်တော့ မျက်နှာလေးက ကြည်နူးမှုနှင့် လန်းဆန်းနေ၏။ သည်မနက်တော့ စိတ်လိုလက်ရ ဇော့်ကို သွားကြိုဖို့ တွေးမိ၏။ ဇော်က တစ်ရက်ခြားတစ်ခါ ဆန်းမစ်ဟိုတယ်မှာ သွားကစားတတ်ပါသည်။ သော် နိုးလာတော့ ဇော်အိမ်မှာမရှိ။

အိပ်ရာနိုးလာချိန်မှာ ဇော့်ကို မမြင်ရတော့ တွေ့ချင်စိတ်က ရှန်းကြွလာ၏။ ဇော်နှင့်အတူတူ ကော်ဖီသောက်ချင်သည်။ အဲဒီဆန္ဒကလေးကြောင့် ရေမိုးချိုးပြီး အချိန်မီထွက်ခဲ့တာ။

ဒေါ်စိန်ကိုလည်း ဇော်ကြိုက်တတ်တာတွေ ချက်ဖို့ ပြောခဲ့သေး၏။ သော့်ကို ဒေါ်စိန်က ပြုံးတုံးတုံးနှင့် 'အေးပါ...အေးပါ' ဟု ခေါင်းညိတ်သည်။ ဒေါ်စိန့်အပြုံးကြောင့် သော် မလုံမလဲဖြစ်ရသည်။

"ဇော် ထမင်းစားကောင်းစေချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ် ပြောမိ၏။

"စိတ်ချပါသမီးရယ်...ဖော် ထမင်းမြိန်အောင် ချက်ထားပါ့မယ်။ ဖော်က မှာသွားတယ်။ သူသွားကစားမလို့တဲ့၊ သမီးနိုးလာရင် ပြောလိုက်ပါတဲ့။ ဘယ်သွားမှန်းမသိဖြစ်နေမှာစိုးလို့တဲ့"

"အင်း..."

သော်က ဒေါ်စိန့်စကားတွေကို ကြားယောင်မိကာ ကားမောင်းရင်း ပြုံးနေမိပါသည်။ ဦးထုပ်ကိုပင် မခေါ်တော့ဘဲ သော်တစ်ယောက်တည်း ထွက်လာခဲ့၏။

ဖော့်ဆီ ဖုန်းဆက်ဖို့ ရည်ရွယ်ပြီးမှ မဆက်မိပါ။

ဖြုန်းစားကြီး တွေ့လိုက်ရလျှင် ဖော်အံ့ဩ ဝမ်းသာသွားအောင်ပါ။ သိထားပြီးသားဆို ဖော်က သွေးအေးနေမှာလေ။

မထင်ထားဘဲ ကြိုသိမထားဘဲ မြင်လိုက်ရလျှင် ဖော့်မျက်နှာပေါ်က ပြောင်းလဲမှုကို သော်မြင်ခွင့်ရမည်။

ဖော့်ကို သော်သွားမကြိုတာ ကြာခဲ့ပြီ။

ဟိုတုန်းကဆို သော်က ဖော့်ကို သွားကြို၊ ဖော်နှင့်သော် ကားနှစ်စီးကို ရှေ့ဆင့်နောက်ဆင့် မောင်းပြီး ကော်ဖီဆိုင်သွား၊ အရမ်းပျော်စရာကောင်းပါသည်။

ဖော်ရယ်...

သော်...ဖော့်အပေါ် သံယောဇဉ်ပိုနေမိပြီလား။

မနေ့ညက သော့်ကို ကလေးတစ်ယောက်လို ပွေ့ချီခေါ်ခဲ့တာကို ပြန်တွေးတိုင်း ရင်ထဲမှာ တရှိန်းရှိန်းနှင့် နွေးတက်လာရသည်။





အမှန်အတိုင်း ဝန်ခံရလျှင် ရင်ထဲမှာ သိမ့်ခနဲ ခါအောင် ကြည်နူးမိ၏။ ပြော ပြလို့မရအောင်ပင် ပျော်မိသည်။

ဖော့်ဂရုစိုက်မှုနှင့် ယုယမှုကို အလွန်အမင်း မက်မောသည်။ တောင့်တလိုချင်မိသည်။ ဒါကလည်း သော့်မှာ မိဘမောင်နှမ အရင်းအချာတစ်ယောက်မှ မရှိခဲ့လို့ ဖြစ်နိုင်ပါသည်။

မွေးစားဖေဖေနှင့် မေမေက ချစ်တော့ ချစ်ပါသည်။ သို့ပေမယ့် အရမ်းကြီး လက်ပွန်းတတီး အရောတဝင် တယုတယ မရှိလှပါ။ သော်က ယုယမှုကို တော်မွတ်နေခဲ့ပါသည်။ ဖော်ကလည်း သော့်လိုပါပဲ။ ခံစားမှုက တူညီနေသည်။ ဘဝချင်းတူနေတော့ တစ်ယောက်အပေါ်တစ်ယောက် နားလည်မှု ပိုသည်။

သော်က ကိုယ့်ကို ယုယတာ နှစ်သက်သလောက် ကိုယ်ကလည်း လူတစ်ယောက်ကို ဂရုစိုက်အလေးထားပြီး ဘာမဆို ဖြည့်ဆည်းပေးရတာ ကျေနပ်သည်။

အကြင်နာနှင့် မေတ္တာနှင့်နှောင်ဖွဲ့ပြီး နူးညံ့စွာနေချင်သည်။

စိတ်ကူးချိုချိုများနှင့် ဆန်းမစ်ဟိုတယ်ရှေ့ကို ရောက်လာ၏။

ကားရပ်ဖို့ သတ်မှတ်ထားသော နေရာအထိ မောင်းလာခဲ့ပြီး ဖော့်ကားကို တွေ့တော့ ဝမ်းသာသွား၏။

သော်က မီအောင်လာတာပါ။ လမ်းမှာမလွဲနိုင်။

ဖော်ထွက်မလာသေးတော့ ကားဘေးမှာ ရပ်စောင့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကြာကြာ မစောင့်လိုက်ရဘဲ ဇော်လျှောက်လာနေတာ မြင်၏။ တစ်ယောက်တည်းတော့မဟုတ်၊ ဇော့်ဘေးမှာ ဆံပင်ညိုညို လေးကို မြင့်မြင့်ကလေး စုချည်ထားပြီး ကျောပိုးအိတ်ကို ပခုံးပေါ် လွယ်ထားသော ကောင်မလေးတစ်ယောက် ရယ်မောယှဉ်လျှောက် ရင်း ပါလာ၏။

သော့်ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားရသည်။

ဇော်က သော့်ကိုမမြင်။ သော့်ကားကိုလည်း မမြင်။ ဘေးက ကောင်မလေး မျက်နှာကို တစ်ချိန်လုံး စောင်းငဲ့ကြည့်လျက် ရယ်လိုက် ခေါင်းညိတ်လိုက်၊ စကားဆိုလိုက်နှင့် ပတ်ဝန်းကျင်ကို မေ့ နေသည်။ အမြင်ကတ်စွာ ဆိုရလျှင် လောကကြီးကို မေ့နေပြီ။

သော်လည်း ကားနှင့်ကွယ်ကာ ပုန်းနေလိုက်၏။

မမြင်စေချင်တော့ပါ။

ဇော့်ကို လာကြိုတာ မသိစေချင်တော့ပါ။

ဝေဒနာတစ်မျိုး ခံစားလိုက်ရသည်။

ဇော့်ဘေးက ကောင်မလေးက ကြိုးသိုင်းဖိနပ်အမြင့် ကလေးနှင့် ဘောင်းဘီရှည်အနက်ကလေးနှင့် တီရှပ်အပြာရင့် ကလေးနှင့် လိမ်းခြယ် ပြင်ဆင်မထားဘဲ လှသည်။ ချစ်စရာ ကောင်းသည်။

သော် ကြေကွဲစွာ ပင့်သက်ရှိုက်မိသည်။

စောစောတုန်းက ပျော်ရွှင်မှုလေးတွေ ပြန်ရှာလို့ပင် မတွေ့။ မျှော်လင့်ချက်က ပါးလှပ်မှိန်ဖျော့သွား၏။

ဇော်က ကောင်မလေးကို ကားတံခါးဖွင့်ပေး၏။





ကောင်မလေး ထိုင်ပြီးသောအခါ ပြန်ပိတ်ပေးသည်။ သော် ကျောပေးထားလိုက်၏။ သွေးအေးအေးနှင့် ကြည့်နေနိုင်စွမ်း မရှိတော့ပါ။

ဇော်တို့ ကားလေး ဝေးသထက်ဝေးသွားမှ သော် ကားပေါ် တက်ပြီး မောင်းလာခဲ့၏။

သော့်မျက်နှာမှာ နူးညံ့ပျော်ရွှင်သော အပြုံးကလေး မရှိ တော့ပါ။ သော့်အတွေးများက ပူလောင်နေ၏။

သည်လိုမှန်းသာသိကြည့်...ဇော့်ကို အိမ်ကပဲ စောင့်နေ လိုက်မည်။

ဇော့်မှာ ရင်းနှီးကျွမ်းဝင်သော မိန်းကလေးတစ်ယောက် ရှိနေလိမ့်မည်ဟု မထင်ခဲ့မိပါ။ ဇော်က မပွင့်လင်း။ သိုသိပ်လျှို့ဝှက် လွန်းသည်။ သော်ကတော့ ဇော့်ကို ရိုးသားပွင့်လင်းလိုက်တာဟု ထင်ထားခဲ့တာ။

သော် တကယ်မထင်မိပါ။

သော့်အပေါ် ဇော် ထိန်ချန်ထားသည်။ ထိန်ချန်ထားရက် သည်။ ယုံကြည်မှုတွေ ပြိုလဲသွား၏။

ကားမောင်းလာရင်း သော့်မျက်လုံးအိမ်မှာ မျက်ရည်တွေ ဝေ့လာ၏။ ကားကို ဘေးကပ်ရပ်ပြီး စတီယာရင်ပေါ် မျက်နှာ မှောက်ချလျက် ငိုရှိုက်မိသည်။

ဇော်က သော့်ကို ကလေးတစ်ယောက်လို ချော့မော့ နှစ်သိမ့် ဂရုစိုက်တော့ သော်က အဟုတ်ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သော့်မှာတော့ ဖုံးကွယ်ထားသော၊ ထိန်ချန်ထားတာ ဘာတစ်ခုမှ မရှိပါဘူး။ ဝှက်ဖဲလည်း မထားခဲ့ဘူး၊ စကားကို တံခါးမရှိ ရင်ထဲရှိသည့်အတိုင်း ပြောခဲ့တာပါပဲ။

* * *

ဇော်က ကားမောင်းရင်း ကြည်နူးစွာ ပြုံး၏။

"အမယ်...ဘာပြုံးနေတာလဲ"

"သော် အရမ်းပျော်သွားမှာပဲလို့ ငါတွေးမိပြီး ပြုံးတာပါ"

သူ့ကို သူငယ်ချင်းကောင်မလေးက ရယ်သည်။

"ဇော်...နင်...သော့်ကို အရမ်းဂရုစိုက်တယ်နော်"

"ဒါပေါ့ဟာ...ငါတို့က သူငယ်ချင်းလည်း သူငယ်ချင်း၊ မွေးစား မောင်နှမလည်း တော်တယ်။ ပြီးတော့ လူကြီးချင်း သဘောတူထားတာလို့လည်း ပြောလို့ရတယ်။ မိဘတွေက ငါတို့ နှစ်ယောက်ကို သဘောတူထားတယ်လေ။ ငါ သော့်ကို ဂရုစိုက်ရမှာပေါ့။ သော်က ငါ့အတွက် ငါ့ဘဝအတွက် နံပါတ်တစ်ပဲ"

သူငယ်ချင်းမလေး ခေါင်းညိတ်လျက်...

"အေးပါဟယ်...နင်...သော့်ကို သိပ်ဂရုစိုက်ပြီး ပေးချင်မှန်း သိလို့ သာ ငါ့ခြေးလှလှလေးကို ပေးမှာ။ သုံးကောင်ပေါက်တာ၊ အဲဒီအညိုကလေး အလှဆုံးပဲ"

"ဟုတ်ပါတယ်။ ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခွေးလှလှကလေးကို သော်အတွက် သွားယူပေးဖို့ ခွေးလေး ပိုင်ရှင်ကို ကားပေါ် ခေါ်တင်လာရတာ။

"ကဲ...ရောက်ပြီ၊ ဆင်းပါ"

"အမလေးနော်...ငါ့ကို ခွေးရှင်ဆိုပြီး ဖားနေလိုက်တာ၊ ပေးမှာပါ ဟယ်၊ စိတ်ကူးမပြောင်းဘူး"

"မဟုတ်ပါဘူးဟာ ဂရုစိုက်တာပါ၊ ကျေးဇူးတင်လို့"

ဇော့်မျက်နှာက လန်းဆန်းတက်ကြွနေ၏။

သော်သာ ခွေးကလေးကို မြင်လျှင် ဘယ်လောက် ပျော် သွားရှာမလဲ။ သော့်ကို မြင်ယောင်ကာ သူတွေးကြည့်မိ၏။

မနေ့ညက အိပ်ရာဝင်ချိန်နောက်ကျတာမို့ သော်က စောစောနိုး မလာခဲ့ပါ။

မိုးလင်းလင်းချင်း နိုးလာချိန်မှာ သူသော့်ကို သတိရသည်။ တစ်အိမ်တည်းမှာ အတူတူရှိနေပေမယ့် အကြာကြီး မတွေ့ဘဲ နေခဲ့ရသလို သူ့စိတ်မှာ ပြင်းပြသောဆန္ဒနှင့် တောင့်တမိ၏။

သော်ရယ်...စိတ်တွေက ဆန်းကြယ်လိုက်တာ။

အောက်ထပ်ကိုဆင်း...ဒေါ်စိန်ဖျော်ပေးသော ကော်ဖီ တစ်ခွက်ကို သောက်လျက် သော်နိုးလာလိမ့်နိုး မျှော်လင့်ပေမယ့် ဇော့်ဆန္ဒက မပြည့်။ သော်က လုံးဝနိုးမလာခဲ့ပါ။

သည်မနက်ခင်းမှာတောင် သော့်မျက်နှာလေးကို ပထမဆုံး မြင် ချင်သည့်သူ့စိတ်ကို ထိန်းချုပ်ပြီး သူထွက်လာခဲ့ရသည်။

* * *



"အမယ်လေး"

သော်က ရိပ်ခနဲ မြင်သော သဏ္ဌာန်တစ်ခုကြောင့် လန့် ဖျပ်ကာ ကားဘရိတ်ကို ဆောင့်နင်းလိုက်ရသည်။

မျက်စိထဲမှာ မိန်းမတစ်ယောက်ကို ရိပ်ခနဲ မြင်တာကြောင့် အတွေးတွေ ပြတ်တောက်ပြီး ကမန်းကတန်း ဘရိတ်အုပ်လိုက်ရ တာ။ စိတ်ထဲမှာ ဝုန်းခနဲ လန့်သွား၏။

ဘုရား...ဘုရား...

လူက သော့်ကားရှေ့မှာ လဲကျသွားတာကြောင့် တိုက်မိ သွားပြီဆိုတာ သိလိုက်ပြီး ကတုန်ကရင်နှင့် လက်ဖျားတွေ အေး စက်ကာ ကားပေါ်က ဆင်းဖို့ပင် အားမရှိ။ လဲကျသွားသော မိန်းမ ဘာဖြစ်သွားပြီလဲ။

သူ့ကို သော့်ကားနှင့် တိုက်မိသလား။

မတိုက်မိသေးပါ။

ဝုန်းဆိုသော အသံ၊ ဒုတ်ဆိုသောအသံ ဘာမှ မကြားခဲ့မိပါ။ မတိုက်မိဘဲ ဘာကြောင့် လဲသွားရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သော် သက်ပြင်းတစ်ချက် ရှိုက်ကာ အားတင်းမိ၏။ လမ်းပေါ်မှာ ဘယ်သူမှလည်း မရှိပါ။ သော်က ကပျာကရာ ကားထဲက ဆင်းသည်။ အချိန်မီ ဘရိတ်အုပ်နိုင်လိုက်တာ သေချာပေမယ့် ကားနှင့် တိုက်မိသလို လဲကျသွားတာကို နားပင်မလည်။

"ဘာဖြစ်သွားလဲဟင်...ဘာဖြစ်သွားလဲ"

အလောတကြီးလေး မေးမိ၏။

ကတ္တရာလမ်းပေါ် ထိုင်လျက်သားကလေး လဲကျနေသော ကောင်မလေးက မတ်တတ်ရပ်ဖို့ ကြိုးစား၏။

သော်...သူ့ကို လက်မောင်းကနေ ဆွဲထူပေးမိရင်း

"မတိုက်မိပါဘူးနော်...သော့်ကားနဲ့ မတိုက်မိပါဘူး"ဟု ပြောလည်းပြော၊ မေးလည်းမေး၏။

"ဟုတ်တယ်...ကားနဲ့ မတိုက်မိပါဘူး၊ လန့်ပြီး လဲသွားတာပါ....အား...ကျွတ်...ကျွတ်... ခြေထောက်အရမ်းနာသွားတယ်"

"အင်း...အင်း...လာလာ ကားထဲမှာ ထိုင်"

သော်တာက တွဲထူ ကူလျှောက်ပေးပြီး ကားတံခါးဖွင့်လျက် ထိုင်စေသည်။

"ကျေးဇူးပဲနော်"

"ရတယ်...ရတယ်..."

ခုမှ သော် ပင့်သက် ရှိုက်နိုင်၏။

တော်ပါသေးရဲ့၊ မတိုက်မိတာ...။

မိုးကြည်ဇင်က ကားပေါ် ထိုင်ချပြီး 'သော်'ဆိုသော ကောင်





မလေးကို ကြည့်မိ၏။

သိပ်ချစ်စရာကောင်းသည်။

အပြစ်ပြောစရာ ဘာတစ်ခုမျှ မရှိ။

ခြေထောက်က နာနေတာရော၊ ကားနှင့်တိုက်မိပြီလား ဆိုပြီး လန့်ဖျပ်သွားတာရော ထူပူစိုးထိတ်နေသည့်ကြားကပင် ကားပေါ်က ဆင်းလာသော ကောင်မလေး၏ အလှကို အသိအမှတ်ပြုရ၏။ မိုးကြည်ဇင် မျက်တောင်မခတ် ကြည့်နေမိသည်။

ချောလိုက်တာ။

အသံလေးကလည်း ချိုပြီးအေးသည်။

"သော် အတွေးလွန်သွားလို့"

အရှက်ပြေတစ်ချက်ရယ်ပြီး သော်ရှင်းပြမိ၏။

ကောင်မလေးက သော့်ထက်ပင် ငယ်မလားမသိ။

နုဖပ်နေသော မျက်နှာ...ဝင်းမွတ်နေသော အသားကလေးနှင့် တော်တော်ချစ်စရာကောင်းတာ သတိပြုမိ၏။

"ရပါတယ်...မိုးကြည်လည်း ကားလာနေတာ မကြည့်ဘဲ ကူးမိတယ်၊ အမှတ်တမဲ့နဲ့"

"အင်း...ဘာမှမဖြစ်တာပဲ တော်ပါသေးရဲ့"

နှစ်ယောက်စလုံး အကြောက်ပြေ ရယ်မိသည်။

"ခြေထောက်က အရမ်းနာနေလား၊ ဆေးခန်းပြမလား"

"ရပါတယ်...မိုးကြည့်ဘာသာပြလိုက်မယ်"

"ဟာ...မဟုတ်တာပဲ။ သော် ဆေးခန်းပို့ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးကြည်ဇင်က သော်ကို ကြည့်ပြီး မငြင်း၊ ခေါင်းညိတ်သည်။

"ကားထဲ ဝင်လိုက်လေ...သော်ကားတံခါးပိတ်ပေးမယ်"

"အင်း...အင်း"

သော်တိုက်တွန်းတာကြောင့် မိုးကြည်ဇင်က အပြင်ဘက် ချထားသော ခြေအစုံကို အသာအယာ ကားထဲ ချမိစဉ်မှာ မျက်လုံးတွေက မထင်မှတ်ဘဲ...

ကားဘေးရပ်နေသော ကားတံခါးပိတ်ပေးဖို့ စောင့်နေသော သော့်ခြေအစုံဆီ အကြည့်ရောက်၏။

"ဟင်..."

ကြိုးသိုင်းဖိနပ်အနီရဲရဲလေးစီးထားသော ခြေအစုံက ချမ်းသာ ကြွယ်ဝတာ မပြောဘဲ သိသာစေသည်။

မိုးကြည်ဇင် အံ့သြသွားတာက လှပသော ခြေထောက်တွေကို မဟုတ်၊ ကြိုးသိုင်းဖိနပ်အနီရဲလေးကိုလည်း မဟုတ်။

သော့်ခြေဖမိုးမှာ ရှိနေသော အမာရွတ်ကလေးကိုပါ။ ဖြူသော အသားမှာ အမာရွတ်ကလေးက ဖဲပွင့်ပုံစံကလေးနှင့် အထင်းသားကို ရှိနေသည်။

ဟုတ်မှဟုတ်ရဲ့လား။

မိုးကြည်ဇင်က သေချာအောင် ထပ်ကြည့်၏။ စူးစိုက်ကြည့်မိ၏။ ရင်ထဲမှာ စောစောကထက် ပိုသော တုန်ယင်လှုပ်ရှားမှုတစ်ခု ဖြစ်ထွန်းသွား၏။





ဖျတ်ခနဲ သော့်မျက်နှာကို ပြန်ကြည့်မိသည်။ သော်က ကားတံခါး ပိတ်ပေးရင်း...

"ဘာလဲဟင်...ဘာလို့လဲ၊ အရမ်းနာနေပြီလား"ဟု စိုးရိမ်စွာ မေးလာ၏။ လှုပ်ရှားလိုက်တော့ ခြေတစ်ဖက်က ပိုနာလာလို့ များလား"

"ဘာမှမဖြစ်ပါဘူး၊ သိပ်မနာပါဘူး"

သော်က ကားပေါ်တက်ပြီး ညင်သာစွာ မောင်းလာရင်း ဘေးက ကောင်မလေးကို ငဲ့ကြည့်ပြုံးပြမိ၏။

"နီးတဲ့ဆေးခန်းတစ်ခုခုပဲ သွားလိုက်ရအောင်နော်"

"ရပါတယ်..."

သော်တာ ရှေ့ကိုကြည့်ပြီး ကားမောင်းနေပေမယ့် မိုးကြည်ဇင်ကတော့ သော့်ကို မျက်တောင်မခတ်ငေးကြည့်ကာ ပါလာ၏။

တိုက်ဆိုင်မှုတစ်ခုလား။

ဒါဟာ မတော်တဆ တိုက်ဆိုင်မှုလား။

ဒါမှမဟုတ်...ဒါမှမဟုတ်...

မိုးကြည်ဇင် ဆက်မတွေးရဲပါ။ ရင်ထဲမှာ တဒိတ်ဒိတ်နှင့် ဝမ်းသာ ဝမ်းနည်း ခံစားမှု ကြီးစိုးလာ၏။

"ဒီမှာ ဆေးခန်း...ဝင်ပြလိုက်ရအောင်"

သော်ကတော့ မိုးကြည်ဇင်ကို မြန်မြန်ဆေးခန်းပြပြီး မြန်မြန် အိမ်ပို့ချင်ပြီ၊ တခြားဘာခံစားမှုမှမရှိ။

မိုးကြည်ဇင်မှာတော့ ခြေထောက်က အနာပင် သတိမရနိုင်



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် အံ့အာသင့်လျက် ဘာကိုယုံကြည်ရမှန်းမသိဘဲ သော်ဆိုသော ကောင်မလေးကို တစိုက်မတ်မတ် ငေးကြည့်လျက် ရင်ထဲမှာလည်း ခံစားမှုတွေ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေ၏။ သော်ကသာ ကားမောင်းနေရင်း ဆေးခန်းတစ်ခုကို လှမ်းမြင်သွားခဲ့တာပါ၊ ကားကို ဆေးခန်းရှေ့ရပ်ပြီး မိုးကြည်ဇင်ဘက် လှည့်ကြည့်ကာ တိုင်ပင်၏။

"အင်း"

မိုးကြည်ဇင်လည်း ကားတံခါးဖွင့်ဆင်းလိုက်သည်။

"နေဦးလေ...သော် လာတွဲခေါ်မယ်"

သော့်ကို မိုးကြည်ဇင်က စောင့်နေ၏။ ကားထဲက ဆင်းပြီး အတူတူ ဆေးခန်းဆီ လျှောက်မိသောအခါ သော့်ခြေဖမိုးက ပန်းပွင့်ပုံသဏ္ဍာန် ခပ်ဆင်ဆင် အမာရွတ်ကလေးကို ငုံ့ကြည့်နေမိ၏။

ဆေးခန်းထဲ ရောက်တော့ မိုးကြည်ဇင်ကို ခုံမှာ ထိုင်စေပြီး သော်တာ စာအုပ်သွားယူသည်။ ဆေးမှတ်တမ်းစာအုပ်ကလေး ရလာပြီးမှ မိုးကြည်ဇင်ကို ခေါ်၏။

"ရပြီ...ဝင်ပြလို့"

ဆရာဝန်ရှိသော ဆေးခန်းကလေးထဲကို သော်နှင့်အတူတူ မိုးကြည်ဇင် ပါလာခဲ့၏။

ဆရာဝန်က နူးညံ့သောအပြုံးနှင့်

"ဘာဖြစ်လို့လဲ"ဟု မေးပါသည်။

သော်နှင့် မိုးကြည်ဇင်က တစ်ယောက်မျက်နှာတစ်ယောက်





ကြည့်လျက် ချက်ချင်းမဖြေနိုင်၊ ဆရာဝန်ကလေးက သူတို့ကို ကြည့်နေ၏။ မေးပြီးသားမို့ ထပ်လည်း မေးစရာမလို။

"ဒေါက်တာ...ဟိုလေ..."

မဖြေဘဲ တိတ်နေတော့လည်း အတူတူ။ ဖြေမိတော့လည်း ပြိုင်တူ၊ ပြီးတော့ လိုရင်းမရောက်။

"သော့်ကားနဲ့ တိုက်မိမလိုဖြစ်ပြီး လဲသွားတာပါ။ ခြေထောက် နာသွားလို့ ဒေါက်တာ"

သော်က ရှင်းပြလိုက်၏။ မိုးကြည်ဇင်ကလည်း ခေါင်းညိတ်သည်။

"လန့်ပြီးလဲသွားတာ၊ တိုက်မိပြီလားဆိုပြီး..."

"တက်...ကျွန်တော် ကြည့်မယ်"

မိုးကြည်ဇင်ကို လူနာခုတင်ပေါ် ထိုင်စေပြီး ဆရာဝန်လေးက ခြေထောက်ကို သေသေချာချာ စစ်ဆေးကြည့်၏။

သော်နှင့် မိုးကြည်ဇင်ကို စမ်းသပ်စစ်ဆေးနေရင်းက မသက်သာလှသလို လှမ်းကြည့်လှမ်းကြည့်နှင့်။

ဘာလို့ပါလိမ့်။

သော်နားမလည်။ စဉ်းစားလို့မရ။

ဆရာဝန်ကလေး၏ အကြည့်က တစ်မျိုးပါပဲ။ အမိပွာယ်ဖွင့်ရခက်သည်။

"ဒီဘက်ခြေထောက်ပဲလား"

"ဒူးဆစ်လည်း နာတယ်။ ဒီတစ်ဖက်လည်း ခြေသလုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



ပွန်းသွားတယ်။ လက်ထောက်လိုက်တာ...လက်မပါးရောပဲ"

မိုးကြည့်ဇင်က ဆရာဝန်ကလေးကို အားနာနာနှင့်ပဲ ဝတ်ထားသော စကဒ်အနက်ကလေး ဒူးဆစ်အထိ လှန်ကာ ပြမိ၏။ ဒူးခေါင်းမှာ ပွန်းပဲ့နေတာကို ဆရာဝန်လေးက မြင်သွားပြီးမှ...

"တကယ်ပဲ"ဟု ရေရွတ်၏။

ဆရာဝန်ကလေး၏စကားကို သော်နှင့် မိုးကြည်ဇင် နားမလည်ပါ။ တကယ်မဟုတ်ဘဲ ဘယ်သူက ဆေးခန်းလာပြမှာလဲ။ သော်တို့ကပဲ လိမ်ညာနေသလိုလို။

ဆရာဝန်လေးက နာ့(စ်)လေးကို ခေါ်ပြီး ပွန်းပဲ့သွားသော ဒဏ်ရာတွေကို ဆေးသည့်ပေး၏။ မိုးကြည်ဇင်၏ ဒဏ်ရာများက ကြီးကြီးမားမား မဟုတ်လှပါ။ သွေးစို့ရုံ ပွန်းသွားတာပါ။

"အရမ်းနာတာက ဒီဘက်ခြေကျင်းဝတ်ပါဆရာ"

"အင်း"

ဒေါက်တာကလေးက စိတ်ရှည်လက်ရှည် စမ်းသပ်ပေး၏၊ စောစောကလို စူးစမ်းအကဲခတ်သော အကြည့်တွေ ပျောက်လော့တော့ပါ။

"ဆေးပေးလိုက်မယ်လေ၊ သိပ်နာရင် ဓာတ်မှန် ရိုက်ကြည့်လိုက်မလား။ ဒါမှမဟုတ် ဆေးသောက်ပြီး စောင့်ကြည့်ဦးမလား"

ဒေါက်တာကလေး မေးခွန်းကြောင့် သော်က မိုးကြည်ဇင်ကို လှမ်းကြည့်၏။

မိုးကြည်ဇင်က ခုံးဖြတ်ရမှာ။





"ရပါတယ်။ တစ်ရက်နှစ်ရက် စောင့်ကြည့်လိုက်မယ်လေ"

မိုးကြည်ဇင်က သော့်ကို ကြည့်ပြီးပြောလာ၏။

အပြန်လမ်းမှာ မိုးကြည်ဇင်က ကားမောင်းနေသော သော့်ကို ဘာစိချိန်လုံး ငေးကာကြည့်နေ၏။

"ဆရာဝန်လေးက အရမ်းချောတယ်။ သဘောလည်းကောင်းတယ်ဆိုတော့ ကောင်မလေးတွေ ဝိုင်းနေမှာပဲ"

သော်က မှတ်ချက်ပေး၏။

"ဟုတ်မပေါ်...သူ့ကို ဘယ်သူလာစသလဲမှ မသိတာ။ သူက မိုးကြည်တို့ကို မယုံဘူး ဖြစ်နေတာ"

သော်နှင့် မိုးကြည်ဇင် ရယ်မိသည်။

"သော် ဘယ်ကို လိုက်ပို့ပေးရမလဲဟင်"

မိုးကြည်ဇင်က အားနာသော အပြုံးကလေးနှင့်...

"ဘာမှာရှုတ်..."

"အင်း...အားမနာပါနဲ့၊ အိမ်အထိ ပို့ပေးမယ်လေ"

"အိမ်မဟုတ်ဘူး။ အဆောင်ပါ။ အဆောင်ငှားနေတာ..."

"ဟုတ်လား...ရန်ကုန်က မဟုတ်ဘူးလား"

"အင်း"

မိုးကြည်ဇင်က နူးညံ့သော သော့်အပြုံးလေးကို ကြည့်ကာ ပင့်သက်ရှိုက်မိ၏။ ရင်ထဲမှာ ရှုပ်ထွေးနေသည်။

သော်ဟာ အဆောင်ရှေ့အထိ လိုက်ပို့၏။

"လိပ်စာနဲ့ဖုန်းနံပါတ် ပေးခဲ့ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



သော်က မိုးကြည်ဇင်ကို ဖျတ်ခနဲ ကြည့်သည်။

"မနက်ဖြန် အဆောင်လာမှာပါ"

သော်က မိုးကြည်ဇင်ကို ပြောလိုက်၏။

မိုးကြည်ဇင်က မျက်လုံးလေးထောင့်ကပ်ကာ...

"မယုံလို့ မဟုတ်ပါဘူး...သိချင်လို့ပါ"ဟု ချက်ချင်း ဖြေ၏။

"ဪ..."

သော်က မိုးကြည်ဇင်ကို လိပ်စာနှင့် ဖုန်းနံပါတ် ပေးထားလိုက် ၏။

"သွားမယ်နော်...ကိစ္စရှိရင် ဖုန်းဆက်လိုက်မယ်"

"အင်း..."

မိုးကြည်ဇင်က ဝေးသထက်ဝေးပြီး မြင်ကွင်းထဲက ပျောက်သွားသော ကားကို ရပ်ကြည့်ငေးမောကျန်ရစ်၏။

သော်ရယ်...

သော်ဆိုတာ မိုးရဲ့ မမများ ဖြစ်နေမလား။

မရဲတရဲတွေးကြည့်ကာ ရင်ခုန်မြန်လာရ၏။

ခြေဖမိုးက ဒဏ်ရာအမာရွတ်ကလေးကတော့ မမမှာ ရှိခဲ့ဖူးသည့် အမာရွတ်ကလေးအတိုင်းပါပဲ။

တကယ်လို့များ သော်ဆိုတာ မိုးရဲ့မမဖြစ်နေခဲ့ရင် မိုးကြည်ဇင် တစ်ချက်ပြုံးလိုက်၏။

မမ ဟုတ်မဟုတ်တော့ မိုးသေချာအောင် လုပ်ရမှာပါပဲ။

* * *



"ဗျာ...ကျွန်တော့်ကို သွားကြိုမယ် ပြောသွားတယ်ဟုတ်လား၊ သေချာရဲ့လား"

ဒေါ်စိန်က ခေါင်းညိတ်ပြသည်။

"သေသေချာချာ ပြောသွားတာပါနော်"

"ဟုတ်လား...ကျွန်တော်မတွေ့ခဲ့ဘူး"

"လမ်းမှာလွဲတာလားကွယ်"

ဇော်ညိုသန့်က တစ်ချက်စဉ်းစား၏။ အားကစားရုံထဲက အထွက်မှာ သူငယ်ချင်းမလေးနှင့် စကားပြောနေတာမို့ ပတ်ဝန်းကျင်ကို သိပ် သတိမထားမိပါ။

သော့်အတွက် ခွေးကလေး လက်ဆောင်ယူပေးဖို့ တစ်ခုပဲ အာရုံထဲ ရှိနေသည်။

"ကျွန်တော် သွားရှာလိုက်ဦးမယ်"

ဇော် ကားပေါ် တက်ပြီး ပြန်ထွက်လာခဲ့၏။ သော် ဘယ်သွားနေပါလိမ့်။ သူ့ကို တွေ့လျက်သားနှင့် သူ့ကို အတူတူမြင်ပြီး သော် အထင်လွဲပြန်ပြီလား၊ စိတ်ကောက်သွားပြန်ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်...

သူတို့နှစ်ယောက်ကို စိတ်ညစ်အောင် လှလှပပ ကျီစယ်နှောင့် ယှက်နေတာ မြားနတ်မောင်ပေလား။ တစ်စုံတစ်ရာကအဆင်ပြေမှုကို မပေးဘဲ အထင်လွဲမှားမှုနှင့် မပြေလည်မှုကိုသာ ဖန်တီးနေသလိုပါ။

သော့်ကို စိတ်အနှောင့်အယှက်ဖြစ်ပါစေတော့ဟု သူမရည်ရွယ်ပါ။ ရင်ထဲက ဖြစ်ချင်တာက မိုးလင်းလင်းချင်း သော့်ကို မြင်ချင်တာ၊ သော့်နှင့် စကားပြောချင်တာ။

ထူးဆန်းလှစွာ သော်ကလည်း အဲဒီလို ဆန္ဒပဲ ရှိနေခဲ့၏။ သို့ပေမယ့် သူတို့နှစ်ယောက်ကို တစ်စုံတစ်ရာက လှည့်စားနေသလိုပါ။ သူ ဆန်းမစ်ပဲ့ခ်ဗျူးဟိုတယ်ရှေ့အထိ သော့်ကို လိုက်ရှာသည်။ လမ်းတစ်လျှောက်မှာလည်း သော့်ကားကို မတွေ့ခဲ့ရပါ။ ဇော် အိမ်ကို ပြန်လာခဲ့၏။

ခြံအဝင်ဝရောက်တော့ သော့်ကား ပြန်ရောက်နေတာတွေ့ရ သည်။

ဇော်စိတ်အေးသွား၏။

သော်...အထင်လွဲနေလျှင် ရှင်းပြဖို့ တွေးလိုက်ဖို့ ကားပေါ်က ဆင်းသည်။ အိပ်ပေါ်တက်လာခဲ့၏။

"သော် ပြန်ရောက်နေပြီ"

"အင်း..."

ဒေါ်စိန်က သူ့ကို လှမ်းပြောသည်။ ဒေါ်စိန်ကို ခေါင်း





တစ်ချက် ညိတ်ပြပြီး အပေါ်ထပ်ကို လှေကားဘစ်ထစ် ကျော်ပြီးတလှားလှားတက် လာခဲ့၏။ သော့်အခန်းရှေ့ရပ်မိသောအခါ အခန်းတံခါးပိတ်မထားဘဲ စေ့ရုံ စေ့ထားတာ တွေ့ရ၏။ တံခါးကို အသာတွန်းဖွင့်ဝင်ရင်း အသံပြုခေါ်မိ၏။

"သော်..."

သော် ဘယ်ရောက်နေပါလိမ့်။ သူခေါ်တာကို ပြန်မထူးတာလား။ ကြားကို မကြားတာလား၊ ကြားလျက်သားနှင့် ငြိမ်သက်နေတာလား။ ဇာလိုက်ကာ ဖြူလွလွကို ဖယ်ပြီး သော့်အခန်းထဲကို သူဝင်လာခဲ့၏။ သော်က အခန်းထဲမှာ မရှိပါ။

"သော်"

သူထပ်တစ်ခွန်း ခေါ်ကြည့်သည်။

ဝရန်တာကို ထွက်သည့်တံခါးလည်း ပိတ်ထားတာကို ဇာလိုက်ကာအဖြူ ဖြတ်လျက် မြင်နေရပါသည်။

ဇော်...သော့်အခန်းထဲက ပြန်ထွက်လာခဲ့၏။

အပေါ်ထပ် ဧည့်ခန်းကျယ်မှာလည်း သော့်ကို မတွေ့ရပါ။

သော့်ကို သူရှာမတွေ့ခဲ့။ ဇော် သက်ပြင်းရှိုက်ပြီး အောက်ထပ်ကို ပြန်ဆင်းလာခဲ့၏။

ဖုန်းမြည်သံ ကြားရသောအခါ ဇော်ညိုသန့်က သွားကောက်ကိုင်လိုက်၏။

"ဟက်လို"

"အခု ပြောတာ မသော်တာတို့အိမ်ကလားရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဘယ်သူလဲမသိဘူး"

ဇော်က ချိုကြည်ပြီး နူးညံ့သော အသံကလေးကို အံ့အား သင့်လျက် မေးမိပါသည်။ သော့်သူငယ်ချင်းတွေဆို သည်လိုမရင်းနှီး ခပ်စိမ်းစိမ်း လေသံမျိုးမဟုတ်ပါ။

"မိုးကြည်ဇင်ပါ"

"မိုးကြည်ဇင်"

"အင်း…စောစောက မမသော်ကားနဲ့ ဝင်တိုက်မိမလိုဖြစ်ပြီး ဆေးခန်းပို့ပေးခဲ့တာပါ။ ဖုန်းနံပါတ် ဟုတ်ရဲ့လား မှားများနေမလား ဆိုပြီး ဆက်ကြည့်လိုက်တာပါ"

"ဗျာ…သော့်ကားနဲ့ ဟုတ်လား"

ဇော် မျက်လုံးပြူးကာ စိုးရိမ်သွား၏။

သော် ဘာတွေဖြစ်ခဲ့သလဲ။

"မိုးကြည်ဇင်ဆို မသော်သိပါတယ်။ နောက်မှပဲ ဆက်မယ် နော်" ဟု တစ်ဖက်က ဖုန်းချသွားသည်။

ဖုန်းနံပါတ်မှန်နေတာမို့ စိတ်အေးသွားပုံရသည်။

ဘာတွေဘယ်လိုဖြစ်ခဲ့လို့ ဖုန်းနံပါတ်မှားနေမလား စိတ်ပူရတာလဲ။ သော့်ကြောင့် ဟိုကောင်မလေး ထိခိုက်ဒဏ်ရာရ ခဲ့သလား။

ဇော်ချက်ချင်းပဲ ဖုန်းချပြီး သော့်ကို အော်ခေါ်မိ၏။ လိုက် ရှာနေ ဖို့ စိတ်မရှည်တော့။ သော့်ကို မြန်မြန်တွေ့ပြီး မေးချင်သည်။

"သော်…သော်…"





"ဟာ…ဘာလို့အော်နေတာလဲ"

သော်က စာကြည့်ခန်းထဲကနေထွက်လာ၏။ စာအုပ်တွေ ထားသော တစ်ခါတလေ သီးခြားဧည့်ခန်းအဖြစ် သုံးသော အခန်း က ဧည့်ခန်းနှင့် ကပ်လျက်ပါ။

"သော်"

ဇော်က သော့်ရှေ့ ရောက်သွား၏။

"ဘာလဲဇော်"

သော့်မျက်နှာက မသိမသာညိုးနေတာကလွဲပြီး စိတ်ရှုပ် တုန်လှုပ်နေပုံမရပါ။

"သော်…ကောင်မလေးတစ်ယောက်ကို ကားနဲ့ တိုက်မိလို့ ဆေးခန်းပို့ပေးခဲ့ရတယ်ဆို"

"ဟာ…မတိုက်မိပါဘူး၊ တိုက်မိမလိုဖြစ်တာပါ၊ ဇော့်ကို ဘယ်သူ ပြောတာလဲဟင်"

သော်က မျက်ခုံးကလေးပင့်လျက် အံ့သြသွား၏။

"ခုလေးတင် ဖုန်းလာတာ၊ မိုးကြည်ဇင်တဲ့"

"ဖုန်းဆက်တယ်ဟုတ်လား"

သော် ပိုအံ့အားသင့်မိ၏။

"ဖုန်းနံပါတ် ဟုတ်ရဲ့လား သေချာအောင် ဆက်တာ"

"သြော်…"

သော်က ဆိုဖာမှာ ထိုင်ချလိုက်၏။

"အင်းလေ သိပ်မယုံလို့ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သွားလို့လဲ"

"ဘာမှ ကြီးကြီးမားမား မဖြစ်ပါဘူး"

"ဒါနဲ့များ..."

ဇော်က သော်ကို တစ်ချက်ကြည့်ပြီး...

"တစ်ခါတည်း အပြတ်ပေးလိုက် ပြီးရော၊ သော်က ဘာလို့ ဇာတ်လမ်း ရှည်ရတာလဲ၊ ကိုယ့်ကားနဲ့လည်း တိုက်မိတာ မဟုတ်ပဲနဲ့"

သော့်အတွက် စိတ်ပူပြီး ဇော်ပြောမိ၏။

ခေါင်းထဲမှာ အတွေးထဲမှာ သူ့အတွက် ပူမိတာတစ်ခုပဲ ရှိ၏။ ကျန်တာတွေ မတွေးမိပါ။

"ဆေးခန်း ပို့ပေးခဲ့တယ်။ နောက်နေ့ လာမယ်လို့ ပြောခဲ့တယ်လေ။ ဘာကို အပြတ်ပေးရမှာလဲ"

"လျော်ကြေးပေါ့"

"တောင်းမှမတောင်းတာ"

"မတောင်းလည်း ပေးခဲ့လိုက်...ပြတ်တာပဲ"

"ဟာ...ဇော်ထင်သလို မဟုတ်ပါဘူး။ အဲဒီကောင်မလေး ဟာ ရိုးပါတယ်။ အေးအေးလေး"

"ဒါဆို ဘာလို့ ချက်ချင်းဖုန်းဆက်တာလဲ၊ ဘာမှ မမျှော် လင့်ဘူးဆို ခေါ်စရာအကြောင်းမရှိဘူး"

သော်က ကောင်မလေး ပုံစံကို ပြန်မြင်ကြည့်ပြီး လက် မခံနိုင်။

"တစ်ယောက်ယောက်က ခုမှ တစ်ခုခုပြောပြီး မြှောက် ပေးလိုက်တာလား မသိဘူး"





ဇော်က သော့်ကို စိတ်ပျက်စွာ ကြည့်ပြီး...

"မနက်ဖြန် တစ်ခါတည်း ပြောလိုက်၊ တောင်းသလောက် ပေးလိုက်ကွာ။ ရှုပ်တယ်"

ဇော့်ကို မော့ကြည့်ပြီး သော်မျက်လွှာချသည်။

"ဇော့်ကို လာကြိုသေးတယ်ဆို"

"အင်း"

ဇော်ညိုသန့်က သော့်ရှေ့ ဝင်ထိုင်ပြီး သော့်မျက်နှာကို သေချာကြည့်၏။ သော်မျက်လွှာချနေမိသည်။

"မရောက်ဖြစ်ဘူး"

"ဟင်"

"ဇော့်ဆီ မရောက်ပါဘူး။ လမ်းမှာ အဲဒီလို ဖြစ်တာနဲ့"

သော်ညာမိသည်။

ဇော့်ကို ကောင်မလေးတစ်ယောက်နှင့်အတူတူ တွေ့လိုက် ရလို့ ရင်မဆိုင်ရဲဘဲ ပုန်းနေခဲ့တာကို ဝန်မခံချင်ပါ။

"တကယ်လား"

"အင်း..."

ဇော်က သေချာအောင် ထပ်မေး၏။ ပြီးတော့ ဖျတ်ခနဲ ထရပ်ပြီး ခပ်လှမ်းလှမ်းကို လျှောက်သွားသည်။

"သော်ညာတယ်ကွာ"

ညည်းညူသလို ရေရွတ်လိုက်ပုံက စိတ်မကောင်းဖြစ်တာ ပေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သော်က ပင့်သက်ကလေး ခိုးရှိုက်ကာ အသံတိတ်နေ၏။

သော်က အရှုံးနဲ့ ပြေးခဲ့ရသူပါ။

ဒါကို ဝမ်းသာအားရ ပြန်ပြောနေရဦးမှာလားဇော်ရယ်။

ဇော်နားမလည်သေးပါဘူး။ သော့်ခံစားမှုတွေကို။

သော် ဘယ်လောက်အထိ ဖြစ်သွားခဲ့သလဲဆို လမ်းကူးလာတဲ့ မိုးကြည်ဇင်ကိုတောင် မမြင်ဘူးလေ။

သော့်စိတ်တွေ မွှန်ထူပြီး အမှားမှားအယွင်းယွင်း ဖြစ်ခဲ့ရတာ သော်ပဲ အသိဆုံးပါ။

"အင်းလေ...ဇော်သိနေတာပဲ"

ဇော်ညိုသန့်က သော့်ရှေ့မှာ ပြန်ဝင်ထိုင်၏။ သော့်မျက်နှာကို စိုက်ကြည့်ကာ...

"အဲဒီကောင်မလေးနဲ့ ဇော်နဲ့ ဘာမှမဆိုင်ဘူး" ဟု ပွင့်လင်းစွာ ရှင်းပြ၏။ သော်က ခေါင်းငုံ့လျက် တုံ့ပြန်စကားမဆို။

မေးပိုင်ခွင့်လည်း မရှိပါဘူး။

တားပိုင်ခွင့်လည်း မရှိပါဘူး။

ရှင်းပြနေတာကလည်း ဇော့်ဆန္ဒနဲ့ ဇော်ပါ။

ဇော်က သော့်ကို ငေးကြည့်နေမိ၏။

သော်ရယ်...

သော် အထင်လွဲသွားမှာ ဇော့်ကို မချစ်တော့မှာကို ပူမိတာက ဒုတိယပါ။

သော့်ကို စိတ်အနှောင့်အယှက်မပေးချင်တာက ပထမပါ။





ဇော်ကြောင့် သော်မျက်ရည်ကျခဲ့တယ်ဆိုတာ ဇော်သိရင် ဘယ်လောက်အထိ စိတ်ထိခိုက်သွားမလဲ။ နည်းနည်းကလေးတောင် မခံစားရစေချင်ဘူးသော်ရယ်။ တကယ်ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

မိုးကြည်ဇင်က ဖုန်းခွက်ကို အသာအယာပြန်ချထားပြီး ဖွဖွ ပြုံးလိုက်၏။ ဖုန်းနံပါတ် အမှားကြီးပေးခဲ့မလားလို့ စိုးရိမ်သည်။

သော့်ကို မိုးကြည်ဇင်က အရမ်းစိတ်ဝင်စားသွားခဲ့ပြီ။ သော် နှင့် သိကျွမ်းချင်သည်။ ခင်မင်ရင်းနှီးချင်သည်။ သော့်ဘဝကို အစ အဆုံး သိချင်သည်။ သော်ဟာ မိုးကြည်ဇင်၏ အစ်မရင်းများ ဖြစ် နေမလား။

သူတို့ဘက်က အလောတကြီး ဖုန်းဆက်တာကို ဘယ်လို ထင်သည်မသိပါ။ မိုးကြည်ဇင် အဲဒါတွေ ထည့်မတွေးနိုင်။

ရင်ထဲမှာ အရမ်းသိချင်သည်။ ချက်ချင်းကြီး ဖွင့်ဟမေးဖို့ ဆိုတာ မလွယ်။

တဖြည်းဖြည်းနှင့် သိကျွမ်းရင်းနှီးလာမှ မေးသင့်တာ၊

မိုးဘယ်လိုလုပ်ရမလဲ။

ခုံတန်းရှည်ကလေးမှာ ဒူးပေါ်လက်ထောက်လျက် ဘေး တစောင်းထိုင်ရင်း အကောင်းဆုံး အစီအစဉ်ကို စဉ်းစားကြည့်မိ၏။

သော်က မိုးကြည်ဇင်ကို စိတ်ဝင်တစားနှင့် ခင်မင်ချစ်မှာ





မဟုတ် ပါ။ အခုတောင် ဝတ္တရားရှိလို့သာ ဆေးခန်းလိုက်ပို့ အဆောင် ပြန်ပို့ လုပ်ပေးရတာ မလွှဲသာလို့။

အင်းလေ...သော်က မိုးမမလည်း ဟုတ်ချင်မှ ဟုတ်မှာပါ။ ဟုတ်နေခဲ့ရင်ရော သော့်စိတ်ထဲမှာ မိုးကို ဘယ်လို သဘောထား မှာလဲ။ မိုးကို အလိုလိုက် ချစ်ခင်ပါ့မလား။

ငယ်ငယ်လေးကတည်းက တစ်ဘဝစီလျှောက်ခဲ့ကြရတာ ကွဲကွာခဲ့ကြတာ။ မိုးကို ချစ်တော့မှာ မဟုတ်ပါဘူး။

မိုးကသာ ဆာလောင်မွတ်သိပ်စွာ အစ်မရင်းကို မျှော်လင့် ရှာဖွေနေမိတာပါ။ မမကတော့ မိုးကို အရင် ခွဲသွားခဲ့တဲ့ သူလည်း ဖြစ်၊ ပြီးတော့ ပြည့်စုံချမ်းသာတဲ့ ဘဝမှာ အရာအားလုံးကို မေ့သင့် သလောက် မေ့ထားနိုင်မှာပါ။

မိုးကြည်ဇင်ကတော့ ကျန်ရစ်ခဲ့ရတဲ့ သူလည်းဖြစ်၊ တစ်ဘဝ လုံးလည်း တစ်ယောက်တည်းလိုလို မပြည့်မစုံ ရှင်သန်ခဲ့ရတော့ ဟိုးတုန်းက ပျော်ရွှင်ခဲ့ဖူးတဲ့ ကလေးဘဝလေးကိုပဲ တသသ တမ်းတ နေတုန်းပါ။ အဲဒီ ဘဝကလေးထဲက အစ်မရင်းကိုလည်း တစ်နေ့တွေ့ ရနိုး မျှော်လင့်နေမိတုန်းပါပဲ။

ညီအစ်မနှစ်ယောက်မှာ မမက ကံကောင်းတဲ့သူပါ။

မိုးက ငယ်ငယ်လေးကတည်းက ပေပေရေရေ ရုပ်ကလေး နဲ့ သူများချစ်ချင်စရာ အလှအပလည်း မရှိခဲ့ပါဘူး။

သော်ရယ်...

သော်ဟာ မိုးရဲ့ အစ်မများ ဖြစ်နေမလားဟင်။

www.burmeseclassic.com

www.burmeseclassic.com



မိုးကြည်ဇင် ငေးငေးကလေး တွေးကြည့်နေမိသည်။

ရန်ကုန်မှာ ကျောင်းတက်ရင်း အလုပ်လုပ်ဖို့ ထွက်လာခဲ့ပေမယ့် တကယ့်ဘကယ်အတွင်းစိတ်မှာ မမကို ရှာတွေ့ဖို့က ပထမဆန္ဒပါ။ ရန်ကုန် မြို့ကြီး ကျယ်ပေမယ့် မိုးရဲ့ သိပ်ပြင်းထန်လွန်းတဲ့ ဆန္ဒစောကြောင့် မမကို ရှာတွေ့မှာပါ။

အင်း...သော်တို့အိမ်မှာ လိုက်နေဖို့ ပြောကြည့်ရင် ကောင်းမလား။ သော်က ခေါ်ပါ့မလား။

မိုးကြည်ဇင်ကို တစ်မျိုးတစ်မည် ထင်မလား။

အခွင့်အရေး ယူလွန်းရာ ကျမလား။

သော်က ငြင်းဆန်ပြီး လျော်ကြေးသဘောမျိုး ပေးလာခဲ့လျှင်...

မိုးကို အထင်လွဲသွားလျှင်...

ဟင်း...ခက်လိုက်တာ။

အရှည်ကြီး စဉ်းစားပြီး ပင့်သက်ရှိုက်မိ၏။

သော်ရယ်...သော့်ခြေဖမိုးပေါ်က ပန်းပွင့်ပုံ အမာရွတ်ကလေးကြောင့်မို့ သော်နဲ့ နီးစပ်ခွင့်ရအောင် ဘယ်လိုပဲဖြစ်ဖြစ် ကြိုးစားမှာပါ။

မိုးမှာ မိုးအစ်မပါလားဆိုပြီး မှတ်မိနိုင်တာ သည်တစ်ခုပဲရှိပါတယ်။ သော်ဟာ မိုးအစ်မရင်း မဟုတ်ခဲ့လျှင်လည်း ဒါဟာ မိုးကို ကံကြမ္မာက တိုက်တိုက်ဆိုင်ဆိုင် လှည့်စားကျီစယ်တာဖြစ်လိမ့်မယ်။





ဘယ်လိုပဲဖြစ်ဖြစ်၊ မိုး နောက်မဆုတ်ဘူး။

သော့်ဘဝကို တိတိကျကျသိခွင့်ရတဲ့အထိ သော့်အနားမှာ နေခွင့်ရအောင် လုပ်ရမှာပဲ။

မိုးကို အထင်မလွဲပါနဲ့သော်။

အင်းလေ အထင်လွဲချင်လည်း လွဲ။

မိုး လိပ်ပြာ လုံပါတယ်။

မိုးမှာက မိုးအကြောင်းနဲ့မိုးပါ။

ဒါတွေကို သော်သိရင် နားလည်ပေးနိုင်မှာပါ။

စောစောက ဖုန်းကိုင်တာ ဘယ်သူလဲ။

မိုးကြည်ဇင် ဆတ်ခနဲဖြစ်ကာ တွေးမိ၏။

အသံက ကြည်ကြည်မြမြနှင့် သြဇာပါသည်။

သော်နှင့် ဘယ်လို ပတ်သက်ပါလိမ့်။

မိုးကြည်ဇင် အခုမှပဲ ဖုန်းလာကိုင်သော အမျိုးသားတစ် ယောက်အကြောင်းကို တွေးမိတော့သည်။

သော်တို့အိမ်က မိသားစုဝင်တစ်ယောက်လား၊ သူစိမ်းဧည့်သည်လား။ သူစိမ်းဧည့်သည်မဖြစ်နိုင်ပါဘူး။ မေးပုံက ပိုင်ပိုင်နိုင်နိုင်။

ဟင်း...သော်က အိမ်ထောင်နဲ့များလား။

ကြည့်စမ်း...မိုး မတွေးမိခဲ့ပါလား။

မိုးရဲ့ မမရော၊ အိမ်ထောင်ကျနေပြီလား။

ဘာမှလည်း မသိပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ သိခွင့်မရခဲ့သော ထိုအကြောင်းအရာသည် မိုးကြည်ဇင်၏ ဘဝအတွက် နံပါတ်တစ်ဖြစ်နေခဲ့သည်။ မိုးရဲ့ သွေးသားရင်းချာဆိုလို့ မမတစ်ယောက်ပဲ ရှိခဲ့တာ မဟုတ်လား။

သော့်အိမ်မှာ လိုက်နေခွင့်ရဖို့ကိစ္စကို ငယ်နိုင်သိလျှင် ဘာပြောဦးမှာလဲမသိ။ သူကလည်း ရန်ကုန်အထိ လိုက်လာပြီး မိုးကြည်ဇင်ကို အရိပ်လို စောင့်ရှောက်နေတော့တာ။

* * *



လုံးဝမထင်မှတ်သော စကားမို့ သော်က အံ့အားသင့်ကာ ပြန်ပြောစရာစကားအဆင်သင့်မရှိ ဖြစ်သွားရ၏။

"ဟင်..."ဟု ရေရွတ်ကာ မိုးကြည်ဇင်ကို စိုက်ကြည့်နေမိ၏။ သည်မနက် မိုးကြည့်ဇင်ဆီ ရောက်လာသောအခါ ရင်ဆိုင်ရသော အခြေအနေက ထင်မှတ်ထားတာထက် ပိုခဲယဉ်း၏။ ဇော်ပြောသလို လျော်ကြေးတွေ ဘာတွေလိုချင်လည်း ပေးလိုက်ဖို့ တွေးပြီး ထည့်ယူလာခဲ့ပါသည်။

ဇော်က အရမ်းစိတ်ပူနေပြီး ပြတ်ပြတ်သားသား ဖြစ်စေချင်သည် မဟုတ်လား။ ဇော်ပူပန်ပြီး ထောင့်စုံကွက်စုံက ပြောတော့ သော်လည်း သို့လောသို့လော သံသယဝင်လာခဲ့၏။ ဇော်တွေးထင်သလိုများ ဟုတ်နေခဲ့ရင် ဆိုပြီး...

မထင်မှတ်ဘဲ မိုးကြည်ဇင် အကူအညီတောင်းပုံက ဆန်းနေ၏။

"ဒီမှာ အဆင်မပြေလို့လားဟင်"

"အင်း..."



www.burmeseclassic.com

www.burmeseclassic.com



"ဟို…ဘယ်လို အဆင်မပြေတာလဲဟင်… အဆောင်လခတို့ ဘာတို့ ပေးဖို့ကိစ္စလား"

တကယ်ဆို သော်နှင့် မဆိုင်သောကိစ္စတွေပါ။

မိုးကြည်ဇင်ဘက်က ပြောလာလို့သာ သော်က မေးမိတာ။

ပိုက်ဆံလိုလျှင် သော်စေတနာသန့်သန့်နှင့် ကူညီမှာပါ။

ခုတော့ မိုးကြည်ဇင်က…

"သော်တို့အိမ်မှာ လိုက်နေပါရစေ"တဲ့။

သော် ဘယ်လိုပြန်ပြောရမလဲ။

"အင်း…အဆောင်လခလည်း ပေးရတယ်။ ပြီးတော့ စားဖို့သောက်ဖို့အပြင်ထွက်စားရတာ အဆင်မပြေဘူး။ နောက်ပြီး အလုပ်ထွက်ရှာရမယ်လေ၊ သော်တို့အိမ်မှာဆို အလုပ်လည်း ရှာစရာ မလိုတော့ဘူး"

"ဟင်…"

သော် ပို၍ နားမလည်နိုင်။

"လိုအပ်တာ မိုးပိုင်းလုပ်ပေးမယ်လေ"

"ဩော်…"

မိုးကြည်ဇင်တောင်းဆိုတာကို သော် ရေးရေးသဘောပေါက်လာ၏။ သို့ပေမယ့် မဆုံးဖြတ်တတ်ပါ။

သော့်သဘောတစ်ခုတည်းနှင့် ဖြစ်ပါ့မလား။

ဇော်နှင့် တိုင်ပင်သင့်သလား။

ပြီးတော့…





မိုးကြည်ဇင် မျက်နှာလေးကို ကြည့်ကာ သော်တွေဝေသွား၏။

သိပ်ချစ်စရာကောင်းသော ကောင်မလေးကို အိမ်ခေါ်ထားလို့ ဖြစ်ပါ့မလား။

ဇော်က…

သော် ဆက်မတွေးရဲ၊ မတွေးချင်ပါ။

မိုးကြည်ဇင်ကို ကြည့်ပြီး မဖြစ်ပါဘူးဟု အပြတ်ငြင်းရမှာလည်း ဝန်လေးနေမိ၏။ မျှော်လင့်တကြီး ကြည့်နေတာမို့ အားနာသည်။

မိုးကိုခေါ်ထားလိုက်ဖို့ သော်တို့အတွက် အပန်းမကြီးလှပါ။ ခေါ်စိန်နှင့် ကူဖော်လောင်ဖက်တောင် ဖြစ်သေးသည်။ သော့်အတွက်လည်း အဖော်ရသည်။ ဇော်ကသာ ကင်းကင်းရှင်းရှင်း နေပေးနိုင်မည်ဆိုလျှင်။

"သော့်အတွက် အခက်အခဲ ဖြစ်နေလို့လားဟင်"

မိုးကြည်ဇင်က အသံပျော့ကလေးနှင့် မေးမိ၏။

သော့်ကို ကြည့်ရတာ တွေဝေနေသည်။ အားမရ။

မိုးကို ခေါ်သွားချင်ပုံမရ။

လိုက်နေပါရစေဟု ပြောမိတာ မိုးမှားသွားပြီလား။

"သော် အိမ်မှာ တိုင်ပင်ကြည့်ဦးမယ်"

သော်က မယုတ်မလွန်ဆို၏။

"ဘယ်သူနဲ့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



မိုးကြည်ဇင်က စိတ်ဝင်တစားမေးလိုက်၏။

သော် ဘယ်လိုဖြေရမလဲ။

"သော်တို့က မိသားစုများလားဟင်"

မိုးကြည်ဇင်ကို သော်က ခေါင်းရမ်းပြသည်။

"မများပါဘူး...သော့်အစ်ကိုက ဘာပြောမလဲမသိဘူး"

"သော့်အစ်ကို..."

"ဟုတ်တယ်။ မိုး ဖုန်းပြောဖူးတယ်လေ"

"အဲဒါ အစ်ကိုလား"

မိုးကြည်ဇင် နည်းနည်းစပ်စုလိုက်၏။

"ဖေနဲ့မေက နိုင်ငံခြားသွားနေကြတယ်။ ဇော်နဲ့သော်ပဲ အိမ်မှာ ရှိတာ။ အိမ်မှာက ရှိတယ်လေ။ အိမ်မှုကိစ္စလုပ်ဖို့"

"သြော်..."

"သော်...ဇော်နဲ့တိုင်ပင်ပြီး ပြောမယ်လေ"

"အင်း...အင်း..."

မိုးကြည်ဇင် မျက်လုံးကလေးတွေ မျှော်လင့်ချက်နှင့် တောက်ပလာ၏။

"သော်က ခေါ်ချင်ရင် သော့်အစ်ကိုက တားပါ့မလား"

မရ ရအောင် ဇွတ်တောင်းဆိုမိတာကလည်း မိုးအကြောင်းနှင့် မိုးပါ။ ဒါတွေ သော် နောက်တော့ သိလာမှာပါ။

* * *





"ဘယ်လို... ဒီမှာခေါ်ထားဖို့ ဟုတ်လား"

"အင်းလေ"

"ဖြစ်ပါ့မလား"

ဇော်ညိုသန့်က သော့်ကို အထူးအဆန်းဖြစ်စွာ ကြည့်၏။

မယုံချင်စရာပါပဲ။

အခုမှ သိကျွမ်းခင်မင်လာသော ကောင်မလေး တစ်ယောက်ကို အိမ်ခေါ်ထားမတဲ့လား။ သည်လိုတွေ ဖြစ်လာလိမ့်မည် မထင်ခဲ့ပါ။

"သော့်ကားနဲ့ တိုက်မိတာလည်း မဟုတ်ဘူး။ ပြီးတော့ သူလည်း ဘာမှဖြစ်တာမဟုတ်ဘူး။ သော်က ဘာလို့ အိမ်ခေါ်ထားရမှာလဲ။ အဲဒီ အခွင့်အရေးကြီးတောင်းတာ မလွန်ဘူးလားကွာ"

"သူက အကူအညီတောင်းတာပါ ဇော်ရဲ့"

ဇော်က သော့်ကို စိုက်ကြည့်ပြီး ငြိမ်သက်နေ၏။

သော့်ဆန္ဒကို သူမကန့်ကွက်ချင်။

သော်က လိုလားလို့ ခေါ်ထားချင်တာကို သူမတားမြစ်ချင်။



www.burmeseclassic.com

www.burmeseclassic.com



"သော်္ဂသဘောပဲလေ"

သော်က မေးလေးထောက်ပြီး ခြံထဲကို ငေးနေ၏။ သော် ငေးနေတာက သနပ်ခါးပန်းပင်။ သနပ်ခါးပန်းဝါဝါလေးများက ပြွတ်သိပ်အောင် ပွင့်နေကြ၏။

သော့်ရင်ထဲမှာ ဇဝေဇဝါနှင့် ဆုံးဖြတ်ချက်ချမရအောင် ရှိနေ၏။ မိုးကြည်ဇင်က ချစ်စရာကောင်းသည်။ ဇော်နှင့်အနေနီးစပ်လျှင် သူတို့ ငြိတွယ်သွားနိုင်သလား။

ကိုယ့်ဒုက္ခကိုယ်ရှာသလို ဖြစ်နေမလား။

ခက်နေတာက သော့်စိတ်ပါ။

သော် မငြင်းချင်။

မိုးကြည်ဇင်မျက်လုံးကလေးတွေက မျှော်လင့်ချက်နှင့် တလက်လက်...အပြတ်ခေါင်းခါရမှာ ပန်လေးမိသည်။

သော်...မိုးကြည်ဇင်ကို ဘာလို့အားနာသနားမိပါလိမ့်။

* * *



"မိုးကြည်ဇင်...ညှော့်သည်ရောက်နေတယ်" ဟု လာခေါ်တာမို့ ဧည့်ခန်းကို ထွက်လာခဲ့ရပါသည်။

"ဟင်...ကိုငယ်"

ငယ်နိုင်က ဧည့်ခန်းမှာ ထိုင်စောင့်နေ၏။

"လာလေ..."

ငယ်နိုင်က ကားရပ်ထားရာ ခြံဝင်းထဲအထိ ဦးဆောင်ခေါ်လာ၏။

"ညနေစာ စားပြီးပြီလား"

"ဟင့်အင်း"

"အပြင်မှာ စားရအောင်"

"မိုးချုပ်တဲ့အထိ နေလို့မရဘူး"

"သိပါတယ်"

မိုးကြည်ဇင် စကားကို ငယ်နိုင်က ခေါင်းညိတ်သည်။

"ခဏနေဦး၊ အင်္ကျီလဲဦးမယ်"

"အင်း...မကြာနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ငယ်နိုင်ကို ကားဘေးထားခဲ့ပြီး မိုးကြည်ဇင် အဝတ်အစားသွားလဲမိ၏။ အတွေးထဲမှာ သူ့ကို ပြောဖို့စကားတွေ စဉ်းစားထားမိ၏။

သူက မိုးကြည်ဇင်အတွက် အစိုးရိမ်ကြီးကာ ကန့်ကွက်စကားပဲ ဆိုမှာ။ တားမြစ်မှာ ကျိန်းသေပါပဲ။

မိုးက အဝတ်အစားလဲပြီး ကမန်းကတန်း ပြန်ဆင်းလာ၏။

"ဟင်...ဒါက ဘာတွေလဲ"

ငယ်နိုင်က ဟက်ခနဲ ရယ်ပြီး...

"စွန်သွားလွှတ်ဖို့လေ"

"ဟာင်..."

"အင်းယားကန်ဘောင်ပေါ်မှာ စွန်လွှတ်ရတာ အရမ်းပျော်စရာ ကောင်းတယ်။ ဒီစွန်အကြီးကြီးက နင့်အတွက် တမင်ယူလာတာ၊ လှတယ် မဟုတ်လား"

အနီရောင်လိပ်ပြာပုံသဏ္ဍာန် စွန်အကြီးကြီးကို မေးဆတ်ပြပြီး ပြော၏။

"ဒါက အလှလွှတ်တဲ့ စွန်။ ဒီအသေးလေးတွေက ငါလွှတ်မလို့။ သူများစွန်တွေက ဖြတ်ဖို့"

ငယ်နိုင်က ရန်ကုန်ရောက်တုန်း သူငယ်ချင်းအိမ်မှာနေကာ သူငယ်ချင်း၏ ကားကို ခဏဆွဲသုံး၏။

ခုလည်း သူငယ်ချင်း၏ ကားနှင့် ရောက်လာတာပါ။

"ရည်ရွယ်ချက်က တော်တော်ကောင်းတယ်။ သူများစွန်လိုက် ဖြတ်ဖို့တဲ့။ ငယ်နိုင်ရယ်...ဆိုးလိုက်တာ"





"ဟ...ကိုယ်က မဖြတ်ရင် ကိုယ့်စွန် သူများလာဖြတ်မှာပေါ့။ စွန်လွှတ်တာ ပြိုင်ပွဲတစ်ခုပဲ"

"ထားပါတော့"

ငယ်နိုင်က ကားမောင်းနေရင်း မဆီမဆိုင် မေးလာ၏။

"နင်...ငါ့ကို ဘယ်တော့ ခေါင်းညိတ်မှာလဲ"

"ဟယ်..."

မိုးကြည်ဇင်က ရယ်ချင်စိတ်နှင့် လှည့်ကြည့်၏။

"အချိန်မဆွဲနဲ့တော့ဟာ"

"ဖြည်းဖြည်းပေါ့"

"ငါမစောင့်နိုင်ဘူး"

"ရတယ်လေ"

ငယ်နိုင်က ရှုတည်တည် လှည့်ကြည့်သည်။

"ဘာရတာလဲ...ကျွတ်...ငါ အခု ခိုးပြေးမှာ"

မိုးကြည်ဇင်က ငယ်နိုင့်ကို မျက်စောင်းရွယ်သည်။

"ငယ်နိုင်"

"ဟင်"

"ငါတစ်ခု ခွင့်တောင်းစရာ ရှိတယ်"

"ဘာလဲ"

မိုးကြည်ဇင်က သော်တို့အိမ်မှာ သွားနေချင်တာ၊ ဖွင့်ဟတိုင်ပင်မိ၏။ ငယ်နိုင်က ခါးခါးသီးသီး ငြင်းသည်။

"အမိပွာယ် မရှိလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ခဏပါ ငယ်နိုင်ရယ်၊ အလွန်ဆုံးတစ်လပေါ့"

"တစ်လ ဟုတ်လား"

"အင်းလေ"

"မိုး"

"ဟင်..."

"နင်...ဘာတွေ လျှောက်လုပ်နေတာလဲ"

မိုးကြည်ဇင်က သက်ပြင်းရှိုက်သည်။

"နင် နားမလည်ပါဘူး ကိုငယ်ရယ်"

"ဟ...ငါ့ကို နားလည်အောင် ပြောပေါ့"

"ဒီ...ဂုန်လုံး ပြောပြလို့မရဘူးလေ"

"ဘာလို့လဲ"

"မိုးကိုယ်တိုင်တောင် အကုန်လုံး မသိသေးဘူး"

ငယ်နိုင်က ခေါင်းရမ်းသည်။ မိုးက ဘာမှထပ်မပြော။

"ငါ သဘောမတူဘူးဟာ"

မိုးကို ငယ်နိုင် စိတ်မချတာ မိုးသေချာသိပါသည်။ ကျေးဇူးလည်း တင်မိပါသည်။

ငါ့အတွက် နင်ဟာ အကောင်းဆုံး လူပါပဲ ငယ်နိုင်ရယ်။

ငယ်နိုင် တဖြည်းဖြည်းနှင့် နားဝင်လိုက်လျောလာအောင် ပြော ရပါမည်။

အခုတော့ စစချင်းမို့ တွေးပူပြီး ဘယ်လိုမှ လက်မခံနိုင်သေးပါ။





"မိုးရာ...ရှုပ်ရှုပ်ရှက်ရှက်တွေ မလုပ်ချင်စမ်းပါနဲ့၊ ငါတို့ လက်ထပ်ကြမယ်။ ပြီးရင် တစ်နေရာပြီးတစ်နေရာ လျှောက်သွားကြမယ်။ ပျော်စရာကြီး..."

ငယ်နိုင့်စကားကို မိုးကြည်ဇင် စိတ်ကူးကြည့်မိသည်။

နှလုံးသားက လိပ်ပြာတစ်ကောင်လို လေထဲပျံဝဲသွား၏။

အရမ်းပျော်စရာကောင်းမှာပဲ ငယ်နိုင်ရယ်။

မိုးယုံကြည်မိပါတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"နှင်းဆီပွင့်နဲ့ စံပယ်ငုံ"

ကျောက်ဆောင်တွေနဲ့ ဝန်းရံထားသော ရေပြင်ကျယ်ကျယ်ကြီးတစ်ခုရဲ့ ကမ်းနဖူးမှာ အလွန်လှပသော အမျိုးသမီးတစ်ယောက် လျှောက်လာသည်။

သူမရဲ့ လက်ထဲမှာလည်း ပဝါဖြူလွလွလေးတစ်စကို ကိုင်ထားသည်။

သူမဆံပင်တွေက လေမှာတလွင့်လွင့်နှင့် လက်ထဲက ပဝါစလေးကလည်း ထို့အတူ။

အဝေးမှ မြင်နေရတာကို အားမရသဖြင့် ထိုအမျိုးသမီးဆီကို ပြေးသွားမိသည်။

ပြေးရတာ ထင်တာထက် ဝေး၍ ရင်မှာ တလှိုက်လှိုက်မောလာသည်။

ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သူမမျက်နှာကို နီးနီးကပ်ကပ် တွေ့မြင်လိုဇောတွေနှင့် ပြေးရတာ မောတယ်မထင်ပါဘူး။

"မမရေ..."





နှုတ်ကလည်း အော်ခေါ်မိသည်။

"မမ..."

တစ်ချိန်မှာ မမကြားသွားသည်။

ခြေလှမ်းရပ်သွားသည်။

မမရှေ့မှာ တည့်တည့်ရပ်ပြီး မျက်နှာကို သေချာစွာ စိုက်ကြည့်သည်။

ထို့နောက် ဝမ်းသာအားရဖြင့်...

"မမက...မမက စံပယ်ရဲ့ မမနော်...ဟုတ်တယ်မို့လား..."

လက်ဖျားလေးကို ဆွဲခါ၍ အမောတကော မေးမိသည်။

မမနှင်းဆီက အေးစက်စက်နှင့် သူမကို ဘာမှပြန်မဖြေဘဲ ငေး နေသည်။

"ဟုတ်ပါတယ်...မမက စံပယ့်မမပါနော်..."

"နင်က စံပယ်လား..."

"ရှင်...ဟုတ်ပါတယ်"

"မမက ရန်ကုန်ကို လိုက်သွားရမယ် ညီမလေးရဲ့...စံပယ် လိမ်လိမ်မာမာနေခဲ့နော်...သိလား..."

"အို...မသွားရပါဘူး...ငယ်ငယ်တုန်းကလည်း ဒီလိုပဲ လေသံအေးအေးလေးနဲ့ စံပယ့်ကို နှုတ်ဆက်ပြီး ထွက်သွားတယ်။ ဒီတစ်ခါတော့ မသွားရဘူး။ လုံးဝမသွားရဘူးနော်...ဒါပဲ..."

ခပ်ကြမ်းကြမ်း အော်ပစ်လိုက်ရင်း ခေါင်းပါခါယမ်းမိသည်။

"မမကို ခေါ်မသွားပါနဲ့ မမ...မမ..."



www.burmeseclassic.com

www.burmeseclassic.com



နှုတ်က ယောင်ယမ်းအော်မိသည်။

"ညီမလေး ဝေဒနာပန်ပါတယ်။ ပြန်လာခဲ့ပါမမ"

"မမ" ဟု အသံထွက်ခေါ်ငင်မိသည်၏ နောက်တွင် မိုး ဖျပ်ခနဲ လန့်နိုးသွားတော့သည်။

တစ်ကိုယ်လုံးလည်း ချွေးတွေနှင့် ရွှဲနေတာ သတိထားမိ၏၊

မျက်ဝန်းမှာလည်း မျက်ရည်တွေဘောင် ခိုလို့...

လက်စသတ်တော့ မိုးအိပ်မက်မက်နေတာပဲ...

အို...ထူးဆန်းလိုက်တာ၊ အိပ်မက်က မနိုးခင်အထိ အပြင် မှာ တကယ်တွေ့နေရသလိုပါပဲလား...။

မိုးရင်တွေ တလှပ်လှပ်တုန်ယင်နေရသဲပါ။

မမ...မမ...

အိပ်မက်ထဲမှာ ငယ်ငယ်တုန်းကလိုပဲ မမသိပ်လှနေသည်၊

မိုးရင်ထဲမှာ ဖော်ပြ၍ မရအောင် လှိုမ်းဆွတ်သွားမိသည်၊

နဖူးပေါ်က ချွေးတွေကို သုတ်ရင်း အိပ်ရာပေါ်က လူးလဲ ထထိုင်မိသည်။

ညချမ်းလေးက ပကတိ တိတ်ဆိတ်နေသည်။

စားပွဲတင်နာရီလေးကို ကြည့်မိတော့ နှစ်နာရီကျော်လေး မျှ ရှိသေးသည်။

တစ်အိမ်လုံးလည်း အိပ်မောကျတိတ်ဆိတ်နေသည်၊

ဒီခြံထဲမှာ နေတာကြာပြီဖြစ်သဖြင့် မိုးမကြောက်တတ်...။

ပြတင်းပေါက်ကနေ ညမွှေးပန်းရနံ့တို့မွှေးကြိုင်သင်းပျံ့နေ





သည် မှာ စိတ်ကို လန်းဆန်းသွားစေသည်။

ခေါင်းရင်းက ညမွှေးပန်းပင်ဟာ မိုးနှင့် ငယ်နိုင်တို့ အတူ စိုက်ထားခဲ့ကြတာ...

အခု အပင်ခေတာင် အတော်ကြီးလို့ ပင်လုံးဖုံးအောင်ဝတ်အား ပွင့်နေပြီလေ၊

မိုးက ပန်းရနံ့တို့ကို ရှူရှိုက်ရင်း ခဏမျှ ရပ်နေမိသည်။

ပြီးတော့ သောက်ရေအိုးစင်လေးဆီ လျှောက်လာကာ ဖန် ခွက်နှင့်တစ်ခွက် အပြည့်ရေအေးအေးလေးကို မော့သောက်လိုက် သည်။

ရင်ထဲမှာ အတော်အေးသွားရသည်။

အခန်းထဲ ပြန်ဝင်ပြီး အိပ်ရာပေါ်သာ လှဲလိုက်ရော...

မျက်လုံးတွေက မအိပ်ချင်တော့ပါ။

ခုနတုန်းက အိပ်မက်ကိုပဲ ပြန်တွေးမိသည်။

ဆိုးတော့ ဒီအရွယ်ရှိပြီဆိုတော့ မမလည်း အိပ်မက်ထဲကလို အပျိုမကြီးစတိုင်လ်မျိုး ဖြစ်နေပြီလားမသိ။

ဟုတ်မှာပါ...ခုက သိပ်လှမှာပါ...။

ငယ်ငယ်ကတည်းက ချစ်စရာကောင်းခဲ့တာပဲ။

နှစ်ယောက်အတူတွေ့ရင် လူတွေက အကြီးဖြစ်တဲ့ မမ နှင်းဆီကိုပဲ ကောက်ချီနမ်းရှုံ့ကြတာ... အခုထိ မျက်စိထဲက မထွက်...။

ပျော်စရာကောင်းသော ငယ်ဘဝမိသားစုလေးက မိုးအား



www.burmeseclassic.com

www.burmeseclassic.com



မှာ ဝိုးတဝါး ဆန်လှသည်။

အဲဒီတုန်းက မမန်မည်က နှင်းဆီ…မိုးနံမည်က စံပယ်။

ရုပ်ရည်ချင်းကတော့ ညီအစ်မဟု မဆိုသာအောင် ကွာခြားလွန်းသည်။

မိုးက အသားညိုညိုနှင့် အကျည်းတန်သလောက် မမကတော့ အသားအရေ ဖြူဖြူစင်စင်လေးနှင့် ကော်ရုပ်ကလေးတစ်ရုပ်လို ပါးဖောင်းဖောင်း မျက်လုံးဝိုင်းဝိုင်းနှင့် ချစ်စရာလေးဖြစ်သည်။

ဂါဝန်ကလေးနှစ်တည် ဆင်တူဝတ်ထားတာတောင် နှင်းဆီကပဲ အပြတ်အသတ် ပိုထင်ပေါ်တာပေါ့။

မြင်တဲ့လူက 'အကြီးမလေးက ချောလိုက်တာ'ဟု အားမနာတမ်း ပွင့်ပွင့်လင်းလင်း ချီးမွမ်းသည်။ အဲလိုအခါမျိုးမှာ မမနှင်းဆီက ပြုံးစိစိလေးဖြင့် သူမပခုံးကို လာဖက်တတ်သည်။

ချီးမွမ်းတာကို ကလေးပီပီ နှစ်ခြိုက်ပြုံးရွှင်သွားပေမယ့် ညီမငယ်လေး ချီးမွမ်းမခံရတာကိုတော့ စိတ်မကောင်းဖြစ်တတ်ပုံနှင့်မို့…

"အင်း…အငယ်လေးကလည်း မဆိုးပါဘူး။ အသားညိုတာလေး တစ်ခုပဲ…"ဟု ဖြည့်စွက် ပြောကြရတဲ့အထိပါ။

"အငယ်မက ရေချိုးပျင်းတယ်"ဟု အမေက ချစ်စနိုး ဝင်ပြောတတ်သည်။

သူမကလည်း အဆော့မက်တာအမှန်…မမနှင်းဆီလို အိမ်ထဲမှာ ငြိမ်ငြိမ်ကလေး မနေတတ်။ တစ်နေကုန်အောင် နေပူထဲ





ထွက်ဆော့မည်လေ။ ဒီအသားက မမည်းဘဲ နေတော့မလား။

ဆော့ကစားချင်တာပဲ သိသည်။ အသားမည်းမလား မပူတတ်ပါ။

တစ်ချိန်ချိန်မှာ အဲလို အသားညိုပြီး မလှတာဟာ မမနှင့် ခွဲရဖို့ဟု ပို၍ပင် မထင်တတ်ပါ။

မွေးမိခင် ဆုံးပါးသွားခြင်းဟာ မိုးတို့ညီအစ်မအတွက် အေးမြသော မေတ္တာရိပ် ပျောက်ကွယ်သွားရုံမက ဘဝပါတစ်ဆစ်ချိုးပြောင်းလဲသွားခဲ့တော့တာ။

အစကတည်းက ပြေပြေလည်လည်ကြီး မဟုတ်လှသော ဘဝမှာ မိဘတွေလည်း မရှိရော၊ အိမ်ကိုရောင်း… အကြွေးတွေဆပ်နှင့် နွမ်းပါးသော အဒေါ်ဝမ်းကွဲအိမ်သို့ နှစ်ယောက်သား အော်တိုမက်တစ် ရောက်သွားသည်။

သူဆင်းရဲရတဲ့အထဲ ကလေးနှစ်ယောက် အိမ်မှာ ထပ်တိုးလာသဖြင့် အဒေါ်လုပ်သူက မကြည်ဖြူ။

"ငါ့နှယ်…ကိုယ့်မှာ မရှိပါဘူးဆိုမှ ဒီဟာမလေးတွေက အိမ်ပေါ်ရောက်လာသေးတယ်။ ယူမယ့်သူများ ရှိရင် ပေးပစ်လိုက်ချင်ပါတယ်… အဟုတ်ပဲ…ငါလည်း တတ်မှမတတ်နိုင်တဲ့ဟာ…"

တွေ့တဲ့လူ အဲလို ညည်းပြတတ်သည်။

မွေးစားမည့်သူ ရှာဖွေနေသည်။

တစ်နေ့မှာ မြို့က လင်မယားစုံတွဲတစ်တွဲ သူမတို့ ရွာကို ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်လတ်ပိုင်းအရွယ် ခန့်ခန့်ညားညား ဇနီးမောင်နှံတို့ဟာ သား သမီး မွေးစားဖို့အတွက် လာရောက်ကြည့်ရှုတာတဲ့။

အဒေါ်လုပ်သူက...

"နှင်းဆီရေ...စံပယ်ရေ ထွက်ခဲ့စမ်းပါဦး..."

ဟု အော်ခေါ်သဖြင့် ထရံနောက်ကွယ်လေးက ချောင်းကြည့်နေရာက နှစ်ယောက်သား တွန့်ဆုတ်ဆုတ် ထွက်ခဲ့မိကြသည်။

"ဒီဘက်က အကြီးမ၊ ဟိုဟာလေးက အငယ်...ညီအစ်မ နှစ်ယောက်ပဲ ရှိတာ..."

နှင်းဆီနှင့် စံပယ်ကို အဒေါ်ကြီးက လက်ဆွဲခေါ်ခဲ့သည်။

မေနှင်းဆီက အေးအေးဆေးဆေး ရှိသလောက် စံပယ်က စိတ်ထဲထင့်ကာ ကြောက်ရွံ့မိသည်။

အနားသို့ မသွားရဲဘဲ ချောင်းကပ်နေမိသည်။

"သူလေးက နှင်းဆီတဲ့လား၊ ချစ်စရာလေး..."

မမ ပါးဖောင်းဖောင်းလေးကို ချစ်စနိုး ဆွဲလိမ်သည်။

စံပယ့်ကိုတော့ တစ်ချက်မျှ စုန်ခြေဆန်ခြေကြည့်ပြီးနောက် ထပ်မကြည့်တော့ပေ။

"သမီးလေး...မေမေ့ဆီ လာပါဦး..."

နှင်းဆီကို ပေါင်ပေါ် ယူချီသည်။

ထိုအပြုအမူကြောင့် အဒေါ့်မျက်နှာမှာ ပြုံးသွားသည်။

"တစ်ယောက်တည်း မွေးစားမှာလားရှင်... ညီအစ်မ နှစ်ယောက်စလုံးပဲ ခေါ်သွားပါလား...ကျွန်မလည်း လုံးဝ မပြေ





လည်လို့ပါ..."

မမနှင်းဆီကို နှစ်သက်သဘောကျပုံရသော မိန်းမကြီးက စံပယ့် ဘက်ကို တစ်ချက်ထပ်ကြည့်သည်။

အသားညိုညို၊ ပိန်ကပ်ကပ်၊ ပေပေရေရေ ညစ်ပတ်တူး လေးမို့ နှာခေါင်း မရှုံ့ရုံတမည်သာ...။

ခေါင်းကို မြန်မြန်ယမ်းသည်။

"တစ်ယောက်ပဲ တော်ပါပြီအစ်မရယ်။ ကျွန်မတို့က နှစ်ယောက် မွေးစားဖို့ ရည်ရွယ်တာ မှန်တယ်။ ဒါပေမဲ့ သမီး မိန်းကလေး နှစ်ယောက်မလိုချင်ဘူး၊ သားယောက်ျားလေးတစ်ယောက် မွေးစားဦးမှာ...ဟိုမှာ ပြောလည်း ပြောထားပြီးသား... ဒီကလေး ကိုတော့ ကျွန်မလည်း မြင်မြင်ချင်း ချစ်တယ်..."

စံပယ်သည် မျက်လုံးပိုင်းကလေးနှင့်သာ ငေးမော နား ထောင်နေမိသည်။

သူမတို့ ညီအစ်မတွေ ခွဲခွာကြရတော့မည်ဆိုတာ မယုံနိုင် သေး။

"ဒါနဲ့...ကလေးခြေထောက်က ဒဏ်ရာလေးလား"

မမနှင်းဆီ ခြေဖမိုးကို ကြည့်၏။

"ဟုတ်ပါ့တော်...အဲဒါ သူ့ညီမလုပ်တာလေ... သီတင်း ကျွတ်မှာ မီးပန်းကစားရင်း အစ်မခြေထောက်ပေါ် လွှတ်ချတယ်။ အံ့ရော...တော်တော်ဆော့တာ..."

ဖြစ်တဲ့နေ့က စံပယ်ငိုခဲ့ရပြီးပြီ။ အဆူလည်း ခံခဲ့ရပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



မမနှင့် ပတ်သက်ပြီး ကလေးတစ်ယောက်ရဲ့ နှလုံးသားမှာ ဒဏ်ရာရသွားသလို ဝမ်းနည်းနောင်တရခဲ့တာပါ။

"မမကို ကောင်းပန်ပါတယ်..."

ထပ်တလဲလဲ ရေရွတ်ခဲ့မိသည်။

မမက အစက စိတ်ဆိုးပေမယ့် စံပယ်ငိုတော့ ပြန်တောင် ချော့ ခဲ့သေးသည်။

ဒါကို အဒေါ်လုပ်သူက အခုမှ အစပြန်ဖော်ကာ သူစိမ်းတွေရှေ့မှာ ကလေးဆိုးဟု ထုတ်ဖော်ကြေညာသလိုရှိသည်။

စံပယ်သည် မျက်နှာလေး ညှိုးငယ်စွာ မျက်လုံးလေး ကလည် ကလည်ဖြင့်သာ ငြိမ်သက်နေမိ၏။

ဘာမှလည်း မဖြေရှင်းတတ်၊ မတော်တဆ ဖြစ်ခဲ့တာ ကိုယ့်ဘာသာတော့ သိသည်။

သူမက မမကို ချစ်တာပဲဥစ္စာ...။

မမဒဏ်ရာရသွားမှာ၊ အလှပျက်မှာ မလိုလားပါဘူး။

"သမီးလေးက လိုက်မယ်မဟုတ်လား..."

"ဟဲ့...လိုက်မယ် ပြောလိုက်လေ..."

အဒေါ်က သင်တော့ မမက ခေါင်းညိတ်သည်။

ကလေးပီပီ အနေအစား ဒုက္ခရောက်လှသော ဒီအိမ်မှာ မနေချင်တာလည်း ပါပါလိမ့်မည်။ အဒေါ်ရဲ့ အဆူအရိုက်နှင့် ခပ်ကြမ်းကြမ်း ဆက်ဆံရေးထက်စာလျှင် ဟိုအမျိုးသမီးရဲ့ ချိုသာသိမ်မွေ့နူးညံ့သော စကားသံကိုတော့ စံပယ်တောင် သဘောကျမိသေးတာအမှန်။





ဒါပေမဲ့ မမကို အဝေးကြီးသို့ ခေါ်မသွားစေချင်...။

မမကိုယ်တိုင်လည်း လိုက်မသွားစေချင်ပါ။

ချစ်စရာဆို၍ အဖော်ပြုစရာဆို၍ မမတစ်ဦးသာ ရှိတာမဟုတ်လား...။

"မမ..."

"ဟဲ့...နင်က ဘာအလွမ်းသယ်မလို့လဲ"

မမလက်ကလေးတစ်ဖက်ကို သွားဆွဲတော့ အဒေါ်က ဟန့်သည်။

မလိုက်စေချင်တာ ဖွင့်မပြောရဲပေမယ့် မမသိမှာပါလေ...။

"နင့်ကိုလည်း သူများပေးမှာပဲဟေ့...ဒီလိုညစ်စုတ်စုတ် ရုပ်ကလေးကို ဘယ်သူများ မွေးစားမလဲတော့ မသိဘူး။ ငါက တစ်ခါတည်း ပေးချင်တာ၊ နင့်ကို မ ဥလို့သာ ဒီမှာ သောင်တင်နေဦးမှာ... စိတ်ညစ်တယ် အဟုတ်ပဲ"

အဒေါ့်စကားကြောင့် အားငယ်ကာ မျက်ရည်ရစ်ဝိုင်းလာသည်။

"ကလေးကို မပြောပါနဲ့ရှင်...သူ့အစ်မကို မခွဲချင်လို့ ထင်ပါတယ်"

"ပေါ်တယ်...စံပယ်က အရေးမကြီးပါဘူး။ ကျွန်မ ဆူနေကျ... မဆုပြောလည်း ရမှမရတာ..."

အဒေါ်က ဗျင်တောက်ဗျစ်တောက် လုပ်ချင်သေးသည်။

ဘယ်လိုပဲဖြစ်ဖြစ် မမနှင်းဆီကို ချစ်ခင်နှစ်သက်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော ထိုလင်မယားက အပြန်မှာ ရအောင် ခေါ်သွားတော့သည်။

အဝတ်အစားထုပ်ကလေး ပိုက်ထားတဲ့ မမက သူမကို နှုတ်ဆက်သည်။

လူကြီးတွေပြောသလို လိုက်ပြောတာလေ၊

"လိမ်လိမ်မာမာ နေခဲ့နော်"တဲ့။

အခုထိ နားထဲက မထွက်...၊ ဒီနေ့ဒီအချိန်ထိ ခမူခရသေးပါ။

မမကို မွေးစားဖို့ ခေါ်သွားပြီးနောက် အဒေါ်အိမ်မှာ ကျန်ရစ်ခဲ့ရတာ ငရဲကျသလိုပဲ ထင်မိသည်။

ပျော်စရာရယ်လို့ ဘာမှမရှိ...၊

ကျောင်းနေချိန်မှာ ကျောင်းလည်း မနေရ၊

တစ်နေ့တစ်နေ့ မမကို ရ ဆလို့ ကျိတ်ငိုရှိုက်ရတာလည်း အကြိမ်ကြိမ်အခါခါ။

မမနှင့် ဆင်တူဝတ်ဖူးသော အနီရောင်ဂါဝန်အကွက်ကလေးကို နောက်ထပ် မဝတ်ရက်တော့ဘဲ သေသေချာချာ သိမ်းထားခဲ့သည်။

ဒီဂါဝန်ကလေးပဲ အမှတ်တရ ကျန်တာမဟုတ်လား။

ထိုသို့နေလာရင်း တစ်နှစ်လောက်ကြာတော့ စံပယ်ကို မွေးစားမည့်သူ ပေါ်လာသည်။

ကလေးအင်မတန် လိုချင်ရှာသော ဇနီးမောင်နှံနှစ်ယောက်ပါပဲ။





အဒေါ်က ထုံးစံအတိုင်း ဝမ်းသာအားရ အမြန်ပေးပစ်ခဲ့သည်။

သို့သော် ဒီမွေးစားအမေက မမကို ခေါ်သွားတဲ့ မိန်းမကြီးလို ချမ်းသာကြွယ်ဝချမ်းသာမဟုတ်။

သာမန် မိသားစုဘဝမျိုးပါ။

အစပိုင်းတော့ စံပယ်ကို အလိုလိုက်ချစ်ခင်ပါသည်။

ကျောင်းလည်း ကောင်းကောင်းမွန်မွန် ထားပေးတာပါပဲ။

ဒါပေမဲ့ ဆယ်နှစ်လောက်ကြာတော့ မထင်မှတ်ဘဲ အမေ ကိုယ်ဝန် ရခဲ့သည်၊

အသက်ကြီးမှ ဆောင်ရသော ကိုယ်ဝန်မို့ အထူးကြပ်မတ် ဂရုစိုက် ခဲ့သည်။

မွေးတော့ သမီးမိန်းကလေး။

အဖေနှင့် အမေတို့ ခုင်တာ တုန်နေသည်။

မွေးစားသမီးဖြစ်တဲ့ စံပယ်က နေရာမရတော့ပါ။

ကျောင်းနေစဉ်က မွေးစားအမေပေးတဲ့နာမည် မိုးကြည်ဇင် ဆိုတာ တကယ်တော့ ဘဝတစ်လျှောက်လုံး ဖြစ်သလို ရှင်သန်ခဲ့ရတာပါ။

သို့သော် ကံကောင်းထောက်မတာတစ်ခုကတော့ သူမကို မျက်နှာတစ်ချက် သြို့းအောင် ဘေးကနေ ဂရုစိုက်အလိုလိုက်သော သူငယ်ချင်းတစ်ယောက်တော့ ရှိခဲ့သည်။

အဲဒါ...ငယ်နိုင်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငယ်နိုင်ရယ်...

သူများတွေ ပြောကြတဲ့ ဘဝရဲ့ အလင်းရောင်ဆိုတာ နင်ပဲပေါ့။

* * *



BURMESE CLASSIC .com

"မိုးနဲ့ အလင်းရောင်..."

မိတောက်ပင်ရိပ်တို့နှင့် လမ်းကလေးက အေးမြတိတ်ဆိတ်နေသည်။

ငယ်နိုင်က စက်ဘီးကို တွန်းကာ လျှောက်ပြီး မိုးကြည်ဇင်က သူ့နံဘေးမှာ ခရမ်းပေါင်း ကိုက်စားရင်း အေးအေးလူလူ။

"ငယ်နိုင်..."

"ဟင်..."

"ခရမ်းပေါင်းစားကြည့်စမ်း...အရမ်းချိုတာပဲ"

ငယ်နိုင်က သူမဘက်ကို တစ်ချက်စိုက်ကြည့်ပြီး...

"စက်ဘီးတွန်းနေတယ်လေကွာ"

"ဘာဖြစ်လဲ...စားလို့ရတာပဲ"

"စားစေချင်ရင် မိုးခွံ့ကျွေးပေါ့..."

"အောင်မယ်..."

"မကျွေးချင်ဘူးလား..."



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဘာသာစားပါလား..."

"ကျွတ်...အမောမပြေလိုက်တာ..."

မျက်စောင်းတစ်ချက်နှင့် မျက်နှာလေး လှည့်သွားပုံကပင် ကဗျာဆန်သည်ဟု ငယ်နိုင်ထင်သည်။

ဒီကောင်မလေးကို ဘယ်တုန်းကစလို့ ချစ်မိခဲ့ပါလိမ့်...။

ကြာတော့ ကြာခဲ့ပြီ...။

သူမရဲ့ အမူအရာလေးတွေက ငယ်နိုင့်အာရုံထဲ စွဲမြဲစွာ ထင်ဟပ်နေသည်။

မိုး ဒီဘက်ပြန်လှည့်ကြည့်တော့ ငယ်နိုင်က စက်ဘီးကို ခပ်ငုံ့ငုံ့ တွန်းရင်း တစ်ခုခုကို စဉ်းစားနေပုံပေါ်သည်။

"ရော့..."

နှုတ်ခမ်းရှေ့ကို မရမ်းပေါင်းကိုင်ထားသော လက်ကလေး တစ်ဖက် ရောက်လာတော့ ငယ်နိုင် အံ့သြဝမ်းသာသွားမိသည်။

မေတ္တာဆိုတာ အသွားအပြန်သဘောတော့ ရှိပါတယ်လေ၊ ရင်ထဲမှာလည်း အားတက်သွားမိသည်။

"ဒီလိုမှပေါ့"

"တစ်ခါပဲနော်...စားဦးမယ်ဆို မကျွေးဘူး..."

ငယ်နိုင့်မျက်နှာကြီးက ပြုံးသွားသည်။

"ရပါတယ်...နင့်စေတနာတွေ ချိုတယ်ဆို ရပါပြီ..."

"အမယ်...ငယ်နိုင်နော်..."

ပြောပြောဆိုဆို ပခုံးကို လက်သီးဆုပ်နှင့် ထုသဖြင့်...





"ဟာ...ငါ့အကျီတော့ ပေပါပြီ"

"ပေတော့ ဘာဖြစ်လဲ"

"နင် လျှော်ပေးမှာလား..."

"ပေတောင် မပေသေးဘူးဟဲ့...လူကို ခိုင်းချင်တာက အရင် ပဲ"

ခိုင်းမိရင်လည်း ချစ်လို့ပါပဲ မိုးရယ်...။

မိုးလျှော်ပေးတဲ့ အကျီလေး ဝတ်ဖူးချင်တာပါပဲ။

အိမ်မှာ တစ်အိမ်သားလုံးရဲ့ အဝတ်အစားတွေ မိုးပဲစုပြီး လျှော်ဖွပ် တာ ငယ်နိုင်မြင်ဖူးသားပဲ။

ထုထဲတဲ့ အဝတ်တွေကို သူမလက်ချောင်း သွယ်သွယ် လေးတွေနဲ့ မနိုင်မနင်း ရေညှစ်နေတာမြင်လျှင် ရင်ထဲ ကရုဏာ သက်ရလွန်းတာ သူပဲ သိပါသည်။

သူ့စိတ်ထဲမှာ မိုးကို ကြော့ကြော့မော့မော့သာ နေစေချင် သည်။

ပြည့်ပြည့်စုံစုံနှင့် အမြင့်မှာ ထားပေးချင်တာအမှန်။

"မိုး..."

"ဘာလဲ"

"ကောင်းကောင်းထုးစမ်းပါ"

"ရှင်...အစ်ကို..."

သံရှည်ဆွဲပြီးမို့ စွဲ့ကာ ထုးပုံကြောင့် သူအော်ရယ်မိသည်။

"ဟား...ဟား...ဟား..."



www.burmeseclassic.com

www.burmeseclassic.com



“ဘာရယ်တာလဲ…နင်ပဲ အဲလိုထူးဆို…”

“ငါက ရှင်လို့ သိမ်သိမ်မွေ့မွေ့လေး ထူးစေချင်တာ”

“ဘာရယ်…ဒါဖြင့် မိုးက မသိမ်မွေ့ဘူးပေါ့… မိန်းမကြမ်းကြီးပေါ့။ ဒါဆို ငါ့ကို လာမခေါ်နဲ့…သွားတော့…”

“ဟာ…မလုပ်ပါနဲ့…ငါက စတာပါ။ နင်ဘယ်လိုနေနေ… ကြမ်းကြမ်းနုနု…ငါက ချစ်ပြီးသားပါ”

“လာပြန်ပြီ…ကြည့်စမ်း…”

ဒီတစ်ခါတော့ ကျောကို မထုခင် အမြန်ရှောင်ရသည်။ ချစ်တယ် ပြောတာ စိတ်ဆိုးစရာလားမိုးရယ်။ ချစ်လို့ချစ်တယ် ပြောတာပဲ ဘာဖြစ်လဲကွာ…။ ပြောမှာပဲ။

“တော်ပြီ…မိုးအိမ်ပြန်တော့မယ်”

“ဟာ…နေပါဦး…မပြန်ပါနဲ့ဦး…”

သူကတော့ မိုးကြည်ဇင်နဲ့ မျက်နှာကလေးကို အမြဲမြင်ချင်နေရသူပါ…။

မိုးစကားသံ မာဆတ်ဆတ်လေးကို ကြားနေရမှ စိတ်ချမ်းသာ တာပါ။

တကယ်ပါမိုးရယ်…။

“စက်ဘီးပေါ်ပြန်တက်”

“ဟင့်အင်း…”

“ဘာလို့လဲ…လျှောက်ရတာ ညောင်းမှာပေါ့…”

“လမ်းထဲပဲ ရောက်တော့မယ်…မစီးချင်ပါဘူး…”





“သူများတွေ ကြည့်မှာ စိုးလို့လား…”

မိုးကမဖြေ…။ ဒါပေမဲ့ မိုးရှက်တတ်တာ သူသိပါသည်။

“ဘာဖြစ်လဲကွာ…ငါတို့အတူ စီးနေကျပဲ…”

“စီးနေကျဆိုတာတော့ ဟုတ်ပါတယ်…”

“ဟုတ်ရင် လာစမ်းပါ…တက်စမ်းပါ…”

မိုးက လက်ထဲက မရမ်းပေါင်း ပလပ်စတစ်ခွံကို ပစ်ကာ သူ့ စက်ဘီးပေါ် ထိုင်ဖို့ ပြင်လိုက်သည်။

“အိမ်ဘက် မနင်းသေးဘူးနော်…မိုး…”

“ဘယ်ကို ဝင်ဦးမှာလဲ”

“မိုးကို အိမ်ပြန်မပို့ပေးချင်သေးဘူး…”

“အမယ်…မိုးဘာသာ လျှောက်ပြန်ရမလား…”

“မပြန်ပါနဲ့ဦး… ငါတို့အတူတူ ကာရာအိုကေသွားဆိုရအောင်…”

မိုးစိတ်ဝင်စားမယ်ထင်တာ သူရွေးချယ်လိုက်သည်။

ထင်တဲ့အတိုင်းပါပဲ။ မိုးဆီက ငြင်းဆိုသံထွက်မလာ။

“နော်…သွားဆိုမလား”

“ဒီအချိန် လူရှင်းပါ့မလားဟယ်”

“ရှင်းပါတယ်…ရပါတယ်”

ငယ်နိုင်က သူတို့နှစ်ယောက် သွားဆိုနေကျ ကော်ဖီဆိုင်ရဲ့ အပေါ်ထပ် ကာရာအိုကေဆိုင်လေးဆီ စက်ဘီးကို ဦးတည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လေကလေး တိုးတိုးချွန်မိအောင် သူ့စိတ်တွေ ပေ့ါပါး လန်းဆန်း နေသည်။

သူ့ပခုံးတစ်ဖက်ကို ဖွဖွဆုပ်ကာ နောက်ပါးမှ ကပ်ပါလာ သူလေးကြောင့် ငယ်နိုင် စိတ်ချမ်းသာသည်။

မိုးနားမှာ မခွဲမခွာနေချင်မိတာ သူ့ဆန္ဒပါ။

မိုးကို မရအရ ရယူဖို့ သူကြိုးစားမည်။

တစ်ချိန်ချိန်မှာ မိုးကြည်ဇင်ဟာ သူ့ရဲ့ အိမ်သူလေး ဖြစ်လာ ပါမည်။ ဒါက ငယ်နိုင့်ဆုံးဖြတ်ချက်ပါ။

* * *



"အဖေကတော့ မိုးအပြင်သွားတာ ကြာနေပြီလို့ တွေး နေမှာ..."

သီချင်းဆိုဖို့ မိုက်ကလေးကိုင်ပြီးကာမှ အိမ်ကို နောက်ဆံ တင်းနေပြန်သည်။

သူမအိမ်ရောက်ရင်လည်း အိမ်မှုကိစ္စများစွာက ဆီးကြို နေရုံအပြင် ဘာရှိမှာလဲ။

မွေးစားသမီးလေးမို့ မျက်နှာငယ်ရတယ်ဆိုပြီး ငယ်နိုင်က အချစ်ပို အသနားပိုရတာပါ...။

"ရပါတယ်...သီချင်းလာဆိုတုန်း ပျော်ပျော်နေစမ်းပါ။ မိုး အမေက မဆူပါဘူး။ ဆူမှာကြောက်ရင် ငါလိုက်ပို့မယ်လေ..."

ဟုတ်တော့ ဟုတ်သည်။

အမေက ငယ်နိုင်နှင့်ဆို စိတ်ချသည်။

ငယ်နိုင်ကလည်း အမေ့အပေါ် လူကြီးမိဘရယ်လို့ သိတတ် တာကိုး။

ငယ်နိုင်သည် စာအုပ်ထဲက ကွန်ပျူတာနှင့် စာစီထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစဉ်တွေကို ရွေးရင်း…မိုးဘက်ကို…

"မိုး…အချစ်ဆုံး…"

"ဘာရယ်…"

တိုးတိုးလေး ပြောလိုက်ပုံက မချိုမချဉ်…

"အချစ်ဆုံး သီချင်းဆိုမလားလို့ပါ"

"ငယ်နိုင်သဘောလေ…ဆိုချင်တာရွေးလိုက်"

ငယ်နိုင်က စုံတွဲသီချင်းနှစ်ပုဒ်အပါအဝင် သုံးပုဒ်ရွေးလိုက်သည်။ ဆိုမည့်သီချင်းခေါင်းစဉ် ကြိုတင်စာရင်းပေးရသည်မဟုတ်လား။

ချစ်ရသူလေးနှင့်အတူတူ သီချင်းဆိုရတဲ့ ခံစားချက်ကို သူအတော် ကြိုက်သည်။ သီချင်းဆိုရင်း တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းဆုံမိတဲ့အခါ ငယ်နိုင်ရင်ခုန်သည်။

မျက်တောင်ကော့ကော့လေးတွေနှင့် ညို့အားပြင်းသော အရည်လဲ့လဲ့မျက်ဝန်းအစုံကို သူအသည်းယားသည်။

ထိုမျက်လုံးလေးနှင့် အသံတိတ်ပြောရုံဖြင့် သူ့ဘဝရဲ့ ဘာမဆို မိုးအတွက် သူအကုန်လုံး ပေးနိုင်သည်။

အချစ်သည် သူ့ထံ အစောကြီးကတည်းက အတင်း ဝင်တိုက်ပြီး ရင်ထဲအရောက်နေရာယူခဲ့တာ ဖြစ်သည်။

မိုးသည် သူ့ဘဝရဲ့ ပထမဆုံးချစ်သူ…ပြီးတော့ အမြဲတမ်းချစ်သူ…နောင်သံသရာထိ ခိုင်မာသော၊ ယုံကြည်သော၊ ခွဲမရသော အချစ်မျိုး ဟု သူယူဆသည်။





ထိုချစ်ခြင်းအတွက် သူကျေနပ်သည်။

ဆိုင်မန်နေဂျာက ငယ်နိုင်နှင့်ခင်တာမို့ သီချင်းခွေကို စက်ထဲ ကိုယ်တိုင်ထည့်ကာ ဒီဘက်လှည့်ကြည့်ရင်း…

"အပူလား…အအေးလား…ဘာသောက်မလဲ…အပေါ်ကို ပို့ခိုင်းလိုက်မယ်"

ကော်ဖီဆိုင်က အောက်ထပ်…အပေါ်က အအေးခန်းမှာ ကော်ဇောခင်းထား၍ ဆိုဖာဆက်တီခုံများနှင့် ခင်းကျင်းထားပြီး မီးအရောင်လည်း အနည်းငယ် မှိန်သည်။

"မိုး…ဘာသောက်မလဲ"

သူက မိုးဘက်လှည့်မေးပြန်တာမို့…"

"အအေးတစ်ခုခုဆို ရပြီ"

မန်နေဂျာအခန်းပြင်ထွက်သွားတော့ မိုးက ငယ်နိုင်ဘက်လှည့်ကြည့်ပြီး…

"မိုးတို့ကို အတွဲထင်နေလား မသိဘူးနော်"

"ထင်ပစေ…"

"ဟင်း…"

မိုး သူ့လက်မောင်းကို ဖိဆိတ်လိုက်သည်။

"အင်း…ဆိုတော့မလား…"

"ငယ်နိုင်…နင် ဒီမှာ ငါနဲ့ဆိုရတာ စိတ်ညစ်လား… နင့်အိမ်မှာ နင်အေးအေးဆေးဆေး ဆိုလို့ရတဲ့ဥစ္စာ…"

ငယ်နိုင်တို့က အဝေးပြေးကားတွေ ထောင်ထားတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိ၊ အိမ်မှာ ဆေးလိပ်ခုံလည်းရှိ၊ ဈေးထဲလည်း ဆိုင်ခန်းတွေ အများကြီးမို့ ဒီမြို့က နာမည်ကြီးသူဌေးစာရင်းထဲ ထိပ်ကပါသူပါ။

မိဘတွေကလည်း သားတစ်ယောက်တည်းမို့ ငယ်နိုင်ကို ကလေးလို အလိုလိုက် အကြိုက်ဆောင်ကာ ချစ်ကြတာမို့ လိုချင်တာဝယ်ပေးနေကျဆိုတော့ သူ့အိမ်မှာ ကာရာအိုကေစက် အကောင်းစားကြီး ရှိပြီးသားပါ။

ဆိုင်ကယ်တဝီဝီနှင့်လည်း မြို့ထဲ ပတ်နေကျ။ မိုးကသာ ကျောင်းတက်ကတည်းက သူ့စက်ဘီးလေး လိုက်စီးနေကျမို့ စက်ဘီးပဲ စီးချင်တာ... သူ့ဆိုင်ကယ်အမောင်းကြမ်းလို့ ကြောက်တာလည်း ပါသည်။ စက်ဘီးက တော့ ငယ်ကတည်းက စီးနေကျမို့ မကြောက်။

သူကလည်း ဘာမဆို မိုးသဘောကျ လိုက်လျောတက်ပါသည်။

မိုက်ကရိုဖုန်းလည်း လက်ထဲဆုပ်ပြီး ငေးနေတာမို့ တီဗွီမှာ သီချင်း စာသားကလည်း ပေါ်လာပြီမို့ ငယ်နိုင်က သူမပခုံးလေးကို တစ်ချက်တိုက် ပြီး သတိပေးသည်။

ဟက်ကက်တို့ရဲ့ ဂန္ဓဝင်တို့ရဲ့ ချစ်စရာအမူအရာလေးများလည်း ပေါ်လာသည်။

မိုးက အရင်ဆိုရမှာမို့ အသင့်ပြင်လိုက်ကာ...

...သူ့မျက်ဝန်းလေးတွေ...ရင်ထဲသို့ဝှက်ရင်းနဲ့...

...စိတ်ကူးမျှော်လင့်ချက်တွေ...အိပ်မက်မှာ အမြဲငြိတွယ်...

...ကိုယ်အချစ်ဆုံးလေးရယ်...ကိုယ်သိပ်ရင်ခုန်နေတယ်...





...နှလုံးသားလေးကို ထိန်းချုပ်ထားဖို့ ခက်တယ်...

သူမအလှည့်ပြီးလျှင် ဝင်လာသော ငယ်နိုင့်အသံမှာ ဝါရင့်အဆို တော်ကလေးအလား တည်ငြိမ်ပြတ်သားလှသည်။

သူက အလေ့အကျင့်များလို့ ပိုပြီး ဆိုအားကောင်းတာ နေမှာပါနော်..."

...အချစ်ဆိုတဲ့အဓိပ္ပာယ်...ရင်ထဲအလိုလိုနားလည်...

...ကိုယ်မပြောတတ်ဘူး...သိတယ်...

...အချိုဆုံး ကိုယ်သီချင်းလေးရယ်...

...သူ့ကိုပဲ ချစ်တယ်...အချစ်ဆုံး ယုံကြည်ပါကွယ်...

...ကိုယ့်ဘဝတစ်သက်လုံးအတွက်ပါပဲကွယ်...

မိုးဆိုတော့ သူမိုးကို ကြည့်နေသဖြင့် မျက်စိကို မှိတ်ထားလိုက်သည်။ သီချင်းစာသားတွေက အလွတ်ရနေပြီးသားပဲလေ။ ဒီအတိုင်းပဲ ဆိုလိုက်တာပါ ဘာဖြစ်လဲ...။

...မင်းအသိပါကွယ်...နှလုံးသား အချစ်တွေနဲ့...

...ဝေးပြီးတော့ တို့ဘဝတစ်ခု ဆောက်တည်နိုင်ဖို့ ခက်...

နောက်ဆုံးအပုဒ်ကို ငယ်နိုင်က ခံစားချက်ပါပါ ခပ်ဖြည်းဖြည်းလေး ဆိုသည်။

...မင်းနားလည်ပေးပါကွယ်...အချစ်က တို့ဘဝပါပဲ...'

...နှလုံးသားမှာ မင်းပဲ...တစ်သက်လုံး ရှိနေမယ်...

...အချစ်ဆုံးအချစ်ရယ်...ကိုယ့်ရဲ့အချစ်ဆုံး...အချစ်ရယ်...

ကိုယ့်ဘဝအတွက်...အချစ်ဆုံးအချစ်ရယ်...



www.burmeseclassic.com

www.burmeseclassic.com



သီချင်းလေးက ချိုသလို ငယ်နိုင့်ရင်ထဲလည်း ချိုမြိန် ကြည်နူးနေမိသည်။

* * *



"အားနာစရာကြီး ကိုမြင့်ဝေရယ်... မိုးအတွက် မွေးနေ့လက်ဆောင်တွေဘာတွေ မလိုပါဘူးရှင့်...အမေက မွေးနေ့အလှူသဘော မျိုးလေးလုပ်ပေးဖို့ပါ..."

"ဟာဗျာ...မဟုတ်တာ...မမိုးအတွက် အမှတ်တရ ဝယ်လာတာ လက်ခံပါဗျာ...ကျွန်တော်က မနက်ဖြန် မနက်ခရီး ထွက်စရာရှိတော့ စီစဉ်ပြီးသားလည်း ဖြစ်နေတော့ဗျာ... အားနာမိတာပါ"

"ဩော်...ရပါတယ်ရှင့်..."

မိုးက အဝတ်လျှော်စရာ ဇလုံလေးပိုက်၍ ခြံထဲက ရေတွင်းဆီ ဆင်းလာခိုက်မှာ တစ်လမ်းတည်းနေသော ကိုမြင့်ဝေက ရောက်လာသည်။

အမေက မနက်ဖြန် မိုးမွေးနေ့မှာ အုန်းနို့ခေါက်ဆွဲချက်ဖို့ စီစဉ်ပြီး အိမ်နီးနားချင်းတို့နှင့် သူငယ်ချင်းအချို့ကို ဖိတ်တာမို့ ကိုမြင့်ဝေက တစ်ရက် ကြိုတင်ပြီး မွေးနေ့လက်ဆောင်လာပေးတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးက သူ့ရဲ့ လက်ဆောင် ပက်ကင်ဘူးကို လက်ခံဖို့ တွန့်ဆုတ်နေမိတာမို့ ကိုမြင့်ဝေက အနီးက ရေစည်ပိုင်းပေါ် တင်ပေးသည်။

"ကျေးဇူးတင်ပါတယ်"

"ကျွန်တော် မူဆယ်ထိရောက်မယ်၊ ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး...ကျေးဇူးပဲ..."

"ဒါဆို သွားမယ်နော်..."

"ဟုတ်ကဲ့..."

မိုးကြည်ဇင်ကို အဓိပ္ပာယ်ပါပါ တစ်ချက်စိုက်ကြည့်ပြီးမှ ကိုမြင့်ဝေ ပြန်သွားသည်။

ခြံဝမှာ ငယ်နိုင့်ဆိုင်ကယ်နှင့် တိုးသဖြင့် ငယ်နိုင်က ဟိုလူကို တစ်ချက် ဘုကြည့်ကြည့်ပစ်သည်။

"ဒီကောင် မိုးဆီ ဘာကိစ္စ လာရတာလဲ"

ငယ်နိုင့်မျက်နှာက ရှုသိုးသိုး အောင့်သက်သက် ဖြစ်သွား၏။

"မိမိုး..."

"ဟင်...အမယ်...ငါ့ကို ဘယ်လိုခေါ်တာလဲ"

အနားရောက်လာကာ သံပြတ်နှင့် ခေါ်လိုက်တာမို့ အဝတ်လျှော် ဇလုံထဲ ဆပ်ပြာရည်နှစ်နေစေသော မိုးက ဖျပ်ခနဲ မော့ကြည့်သည်။

"ဘာလုပ်နေတာလဲ"





"အဝတ်လျှော်မလို့လေ...မတွေ့ဘူးလား..."

"ဟိုကောင်ကရော...ဘာလာလုပ်တာလဲ"

သူမျက်နှာပျက်နေတာမို့ မိုးက ချက်ချင်း မျက်နှာလေး ချိုသွေး ကာ...

"မွေးနေ့လက်ဆောင် လာပေးတာပါ"

"ဘာ..."

ငယ်နိုင်က ရေစည်ပိုင်းပေါ်က အနီရောင် ပက်ကင်ဘူးကို ဆောင့်ဆွဲပစ်လျက်...

"လုပ်မနေနဲ့...အပိုတွေ လွှင့်ပစ်လိုက်..."

"ဟဲ့...မလုပ်နဲ့နော်..."

"နင်က ဒီကောင်ပေးတာ မက်နေလား"

"ငယ်နိုင်နော်...နင်အဲလို မရိုင်းနဲ့...လူတစ်ဖက်သားက စေတနာနဲ့ ပေးတာ ငြင်းလို့ကောင်းမလားဟဲ့...အမေကလည်း ငါ့မွေးနေ့ ...ကို ဖိတ်ထားတာ..."

"ဒေါ်လေးတို့ကလည်း အဓိပ္ပာယ်မရှိဘူး..."

"နင် အိမ်ပေါ်တက်ဦးလေ..."

"မတက်ဘူး..."

ငယ်နိုင်က သူမထိုင်နေရာ ကျောက်ပြားအနီးက အုတ်ခဲ တစ်လုံးပေါ် ထိုင်လိုက်သည်။

"ဘာပဲဖြစ်ဖြစ်...ဒီကောင်ပေးတာ နင်မယူရဘူး..."

"ခက်ပါလား... ငယ်နိုင်ရယ်... ဘာမဟုတ်တာကို နင်အမြဲ ပြဿနာရှာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာက နင်ရှာတာ…နင့်နားကို ဘယ်ယောက်ျားမှ လာတာ မကြိုက်ဘူး…ငါလုံးဝ မကြိုက်ဘူး…ဒါကို နင်သိပ်တယ်မိုး"

"ရိုးရိုးသားသား လာတာပဲ"

"ထပ်မပြောနဲ့"

"ဘာဖြစ်မှန်း မသိဘူး…ရူပုပ်နေတာပဲ"

"ငါစိတ်မချဘူး…နင့်ကို စိတ်မချဘူး…ဒါပဲ…"

"အဲဒါ နင့်ဘာသာဖြစ်နေတာ…ဒါဘာတတ်နိုင်မလဲ…"

ငါလည်း ဘာမှမလုပ်ရဘဲနဲ့…နင်ဟာလေး… အရင်က လည်း ဒီပြဿနာပဲ…သူများကို ရန်သွားစရာတာနဲ့… လက်သီးနဲ့ ယှဉ်ထိုးရတာနဲ့…မိုး စိတ်ညစ်ရတယ်…"

"အဲဒါတွေ နင့်ကြောင့်ပဲလေ…နင့်ကြောင့်…"

"ဘာ ငါ့ကြောင့်လဲ…သက်သက်မဲ့ သဝန်ကြောင်နေတာ၊ သူ့ရည်းစားလည်း မဟုတ်ဘဲနဲ့…"

ခပ်တိုးတိုး ရေရွတ်လိုက်တာကို ကြားဖြစ်အောင် ကြားပြီး မိုးနား ပိုတိုးကပ်လာသည်။

"ဘာပြောတာလဲ…ခင်ဗျားဘာစကားပြောတာလဲ"

သူတကယ် ဒေါသဖြစ်သွားတာ သိတော့…

"ဘာမှ မပြောဘူး…တော်ပြီ…"

"အဖြေပေးပါဆိုတော့ သက်သက် အချိန်ဆွဲထားတယ်… ကဲ… မထူးဘူး…ခုတစ်ခါတည်း ဖြေလိုက်တော့…"

"အဖြေပေးရင် ငယ်နိုင်ဘာလုပ်မလို့လဲ"





"ဇွတ်စပ်သားမယ်…စိတ်ချရအောင် လူကြီးတွေနဲ့ ပြောခိုင်းထားမယ်…"

မိုးလည်း သိသည်။ သူ့ အဲလို မိုးကို ချုပ်ချယ်တော့မည် ဆိုတာသိပြီးသား…။

မိုးကလည်း ဒါကြောင့်ပဲ ဒင်းကို အဖြေမပေးရဲသေး တာ…။

အခုတောင် မိုးကို ယောက်ျားလေးတွေနှင့် စကားပြောတာ မကြိုက်။ သူများလာကြည့်ရင်လည်း သူမကြိုက်။

လိုက်တိုနေတော့ဘာ…ဘာမှန်းလဲမသိ။

"အိမ်ကလည်း နင့်ကိုငါချစ်နေတာ သိပြီးသား။ ငါတို့ကထိန် အလှူတုန်းက နင်လာကူတော့လေ…ငါက နင့်နားတကပ်ကပ်နဲ့ အရမ်းဗျာရာ ခင်တယ်ဆိုပြီး သူတို့က ငါ့ကို ရယ်နေ စနေတာ… ငါ လည်း မေမေ့ကို အဲဒီ ကောင်မလေးတောင်းပေးမလားလို့ စကားစ ကြည့်တော့ သားကြိုက်ရင် တောင်းပေးမှာပေါ့တဲ့…သိလား…"

သူ့မိဘတွေ သဘောကောင်းတာ၊ အဆင့်အတန်းနဲ့ မခွဲ ခြားတာကို သိသည်၊

အားလုံးကလည်း မိုးကို ကံကောင်းတဲ့ မိန်းကလေးရယ်လို့ ဝိုင်းဝန်း ချီးမွမ်းနေကြတာ…

ဒါပေမဲ့ မိုးမှာ မပျော်နိုင်သေးပါ…။

လုပ်စရာ တာဝန်တွေ ရှိသေးသည်။

ဒါကို မိုးကိုယ်မိုး အသိဆုံးပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြသော ဆန္ဒတစ်ခုဟာ ဤလောကကြီးမှာ မမကို ရှာဖွေ ဖို့ပင်မဟုတ်လား...။

ဒါကို မိုးတိတ်တိတ်ကလေး စိတ်ကူးထားတာ ကြာပြီ။

"မိုးရယ်...ဘာမှ တွေးမနေပါနဲ့...နင် အားငယ်စရာလည်း မလို ဘူး။ မေမေတို့ဘက်ကလည်း လိုလား ကြည်ဖြူပါတယ်။ မိုးကို သမီးလို ချစ်မှာပါ"

"အင်းပါ...အဲဒါ မိုးသိပါတယ်"

"သိရင် ဘာကြောင့် အဖြေမပေးသေးတာလဲ"

"စေ့စပ်ထားရတာတစ်မျိုးကြီး မလုပ်ချင်ပါဘူး ငယ်နိုင် ရယ်..."

"ဒါဆို လက်ထပ်ကြမလား..."

"အိုး...ပိုဆိုးနေပြီ"

"ဘာလဲကွာ..."

"ဒီတိုင်းပဲ ပိုကောင်းပါတယ်"

"ဘာလို့လဲမိုး...ငါချစ်တာ မယုံလို့လား..."

"ယုံပါတယ်..."

"ဒါဆို ဘာကြောင့်လဲ"

စိတ်မသက်မသာနှင့် ခေါင်းယမ်းမိသည်။

သူ့အပေါ် မိုးမငြင်းရက်ပါ...။

"မိုးတို့နှစ်ယောက်ကြားက သံယောဇဉ်ကို ယုံထားပါ ငယ် နိုင် ရယ်...တကယ်ဆိုရင် မိုးအပေါ် ငယ်နိုင့်လောက် ကောင်းတဲ့သူ





လည်း နောက်ထပ်တစ်ယောက် မရှိနိုင်တော့ပါဘူး။ ရှင်းရှင်းပြော ရရင် မိုးဘဝမှာ အတွယ်တာဆုံး အားအကိုးဆုံး အယုံကြည်ဆုံးက ငယ်နိုင်ပဲ။ တခြား ဘယ်သူ့ကိုမှလည်း မိုးရင်ထဲ မထည့်နိုင်တော့ ဘူး။ ငယ်နိုင်ပဲ ရှိတယ်။ တစ်ယောက်တည်းပဲ ရှိတယ်။ အဲဒါအမှန် ပါ..."

မိုးစကားတွေကြောင့် သူ့မျက်နှာပြုံးရွှင်လာပြီး...

"ဒါ...အဖြေပေးတာလားဟင် မိုး...ပြောစမ်းပါ...ဟာကယ်ပဲ နင့် ရင်ထဲမှာ ငါပဲ ရှိတာလား..."

"သြော်...တကယ်ပါဆို"

သူက အိမ်ဘက်တစ်ချက်ကြည့်ကာ ဆပ်ပြာမြှုပ်တွေထဲက မိုး လက်တစ်ဖက်ကို ဝမ်းသာအားရ လာဆုပ်ကိုင်လိုက်သည်။

"ဟင်း..."

မိုးက ရှက်စနိုးသံလေးပြုရင်း ပြန်ရန်းသည်။

"ချစ်တယ်မိုးရယ်..."

မိုးက ခေါင်းငုံ့နေတာမို့...

"ငါ့ကိုလည်း ချစ်တယ်လို့ပြော..."

"အခု မပြောသေးဘူး..."

"အခုပဲ ပြောပါ..."

"မပြောသေးပါဘူးဆို..."

"ပြောရင် ဘာဖြစ်မှာမို့လဲ"

"ငယ်နိုင်ပဲ စေ့စပ်ထားမှာဆို"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပိုမကောင်းဘူးလား..."

"မိုးကို ဟိုဟာမလုပ်ရ...ဒါမလုပ်ရ... ဟိုမသွားရ...ဒီမလာရ...ဘယ်သူနဲ့ စကားမရ...ဘယ်ဝါနဲ့ မခေါ်မပြောရနဲ့ ဆရာလုပ်ချုပ်ချယ်မှာ မဟုတ်လား"

"အဲဒါတွေအားလုံး ချစ်လို့ပဲ"

"ဟင့်အင်း...

"မိုးက မောင့်စကား နားမထောင်ချင်ဘူးလား..."

"ဟီ...ဟိ...မောင်တဲ့..."

"မရယ်နဲ့"

မိုးက တိုးတိုးလေး ရယ်သဖြင့် သူက ဆပ်ပြာမွှေးနှင့် မိုးပါးကို တို့ထိသည်။

"ငယ်နိုင်နော်..."

"ချစ်ရင် ချစ်တယ်ပေါ့..."

"သိရင်ပြီးရော..."

"ကြားချင်သေးတယ်ကွာ..."

"နောက်မှ ပြောမယ်နော်..."

မိုးက ချော့မော့ဆိုသည်။

အဖြေပေးလိုက်ရင် သူက မိုးလုပ်ချင်တာတွေ လုပ်ခွင့်ပြုတော့မှာမဟုတ်...။

"ကျွတ်..."

"လွတ်လွတ်လပ်လပ် နေချင်သေးတယ်"





"ခေါင်းအနေးမှာ ရှိတာ မကြိုက်ဘူးပေါ့လေ"

"မဟုတ်သေးဘူးလေ..."

"ယုံတယ်ဆို...အားကိုးတယ်ဆို..."

"အင်းလေ..."

"ငှလည်ကြောင်ပတ် သိပ်လုပ်တဲ့ကောင်မလေး..."

"နောက်တော့ ငယ်နိုင် စိတ်ချမ်းသာရမှာပါ"

"နားမလည်နိုင်တော့ဘူး...မိုးကို မောင်နားမလည်ဘူး... စိတ်ထဲမှာ မိုး မောင့်ကို ချစ်တာလည်း သေချာသိနေတယ်..."

"အမယ်..."

သူက မောင်ဟု ပိုင်နိုင်စွာ သုံးစွဲနေသည်။

မိုးလည်း ရင်ခုန်မြန်လာရသည်။

တကယ်တော့ ငယ်နိုင်နှင့်မိုးတို့ဟာ ချစ်သူတွေ ဖြစ်သင့်ပါလျက်နှင့် မိုးဘက်က တမင် ညှဉ်းထားသလိုဖြစ်နေခဲ့ရတာ...။

"နောက်တော့ နားလည်မှာပါ။ မိုးလေ အခု လောလောဆယ် ဘာမှ မဆုံးဖြတ်ချင်သေးဘူး။ မိုးရန်ကုန်သွားချင်တယ်"

"ရန်ကုန်..."

"အင်း...ဟိုမှာ အလုပ်တစ်ဖက်လုပ်ရင်း ကျောင်းတက်ချင်တယ်..."

"ဟာကွာ..."

"အဲဒါ ငယ်နိုင် ခွင့်ပြုနော်..."

ချစ်စဖွယ် မျက်နှာပေးလေးဖြင့် အဲလို တောင်းဆိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ငယ်နိုင် ဘာပြောရမှန်းမသိတော့။

သူပုံစံလေးက စိတ်ပါလက်ပါ...

အင်း...စိတ်ပါလက်ပါတောင် မဟုတ်ပါဘူး။ မရမနေ ဖြစ်အောင် လုပ်တော့မယ့် ရွဲ့သတ္တိတွေနဲ့ မျက်လုံးတွေက ထက်သန်နေတာ။

"နော်...ငယ်နိုင်..."

သူ့လက်ကို လှုပ်ကာ ဆိုပြန်သည်။

"အလုပ်တစ်ဖက်နဲ့ ကျောင်းတက်ရမှာ ခက်ခဲမှာပေါ့။ မိုးရယ်...မိုး ပင်ပန်းမှာ မကြည့်ရက်ပါဘူး..."

"မပင်ပန်းပါဘူး...မိုးစွန့်စားချင်တယ်"

"အဝေးကြီးမှာ စိတ်လည်း မချဘူး..."

"မဟုတ်ဘူးလေငယ်နိုင်ရယ်...မိုးက..."

ငယ်နိုင်က လက်ကာပြပြီး...

"တော်ပြီကွာ...မပူဆာနဲ့တော့..."

ကလေးတစ်ယောက်လို သဘောမျိုးနှင့် သူက မိုးကို ရှုံ့မဲ့ကြည့်သည်။

ပြောမရတဲ့ ကလေးဆိုးလေးတစ်ယောက်ကို ကြည့်သလိုမျိုး...။

အဲဒါကြောင့်လည်း သူ့ကို မိုးချစ်ရတာ...။

အလိုလိုက် အကြိုက်ဆောင်ချင်သည့် သူ့သဘော မနောဟာ သူ့ မျက်နှာမှာ အထင်းသား...။





ထို့ကြောင့်လည်း အခွင့်အရေးရတုန်း...ဇွတ်ပင်...

"နော်...ဆို..."

"ဒေါ်လေးနဲ့ ဘိုင်ရမလား"

"မတိုင်နဲ့လေ...အမေ့ကို ပိုင်းပြောပေး..."

"ခင်ဗျားက ဘာကြောင့် ဒီလောက် ရန်ကုန်လစ်ချင်ရတာလဲ...ကိုယ့်မြို့ ကိုယ့်ဒေသမှာ ပိုကောင်းဘူးလား...ဒီမှာ မပျော်ချင်ဘူးလား..."

"ငယ်နိုင် မသိပါဘူး..."

"ဘာမသိတာလဲ..."

"တစ်နေ့တော့ သိရမှာပါ"

"လုပ်ပြန်ပြီ"

"ကဲ...အမေ့ကို ပိုင်းပြောပေးမှာလား"

"အရေးရာမှာ ခင်ဗျားဆန္ဒပဲ အဓိကလား..."

"ဒီတစ်ခုတည်းပါ"

"ဒီတစ်ခုက သိပ်အရေးကြီးတယ်။ မိုးနဲ့မှ မခွဲနိုင်တာကွာ...ဘယ် လိုလုပ်ရမလဲ"

မိုး မျက်စောင်းရွယ်မိပြန်သည်။

ကိုယ်ကရော ခွဲချင်ပါ့မလား ငယ်နိုင်ရယ်...။

ဖြစ်နိုင်ရင် ငယ်နိုင့်အနားမှာပဲ မခွဲမခွာ နေချင်ပါတယ်။

မိုးဘဝရဲ့ အရေးရာဟာ ငယ်နိုင်ပါကွယ်။

"အချိန်တွေ အကြာကြီးလည်း စောင့်ခဲ့ရပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ် သိပ်မကြာတော့ပါဘူး..."

"တကယ်လား..."

မိုးက ရှက်ပြုံးနှင့် နှုတ်ခမ်းလေးကိုကော်ပြီး ခေါင်းညိတ်သည်။

"ငယ်နိုင်လည်း မိုးကို အလိုလိုက်ပေါ့..."

"သိပ်သွားချင်နေတယ်ပေါ့..."

"အင်း..."

"ဒါဆိုလည်း စဉ်းစားတိုင်ပင်ကြသေးတာပေါ့ မိုးရယ်"

"ဟိုဒီအကြောင်းပြပြီး မိုးကိုတားမယ်တော့ မစဉ်းစားနဲ့နော်... ဒါပဲ..."

သူက မိုးမျက်လုံးထဲ စိုက်ကြည့်သည်။

"ကဲပါကွာ...မိုးဖြစ်ချင်တာအားလုံး ဖြစ်ရစေမယ်... ဘာပဲဖြစ်ဖြစ် ကူညီမယ်ကွာ...ကျေနပ်ပြီလား..."

"ဟေး...ဒါမှ မိုးရဲ့ ငယ်နိုင်လေး..."

မိုးရဲ့ ငယ်နိုင်ဆိုသော စကားကို ငယ်နိုင်ရင်ထဲ ပြောင်းဆန်အောင် ကြည်နူးလိုက်မြူးသွားသေးသည်။

တစ်သက်လုံးအတွက် အပိုင်ပေးပါတယ် မိုးရယ်...။

မိုးရဲ့ ထာဝရငယ်နိုင်ပဲ ဖြစ်ရမှာပါ...။

※ ※ ※





ထမင်းပူပူနှင့် လက်ဖက်သုပ်ကို နယ်ကာ အားပါးတရ စားရင်း ရေနွေးကြမ်းကိုပါ မိုးက မှုတ်သောက်လိုက်ပါသေးသည်။

စားကောင်းလိုက်တာဆိုတာ...

"ညီမလေးရေ...လက်ဖက်သုပ်စားလေားဟေ့"

နံရံကိုမှီ၍ ကာတွန်းစာအုပ်ဖတ်နေသော ညီမကို မိုးက လှမ်း အဖော်ပြုသည်။

"ဟင့်အင်း..."

ဟိုက ခေါင်းယမ်း၏။

"ကောင်းလိုက်တဲ့ လက်ဖက်သုပ်အမေရေ... အမေ့ဆီပြန်ပေးထက်ကို မိုက်တာ..."

"အေးပါ...စား...စား...အဲဒါ မောင်ငယ်နိုင် ယူလာတဲ့ ယုဇန လက်ဖက်လေ"

"ဟုတ်လား သိတောင်မသိဘူး၊ သူက လက်ဆောင်ဝယ်လာပြန်ပြီလား...အပီး...အားတောင်နာတယ်..."

"မောင်ငယ်နိုင်က သမီးအပေါ် ကောင်းရှာပါတယ်"

"မိုးလည်း သူ့အပေါ် ကောင်းတာပဲ"

နှုတ်ခမ်းလေးစူ၍ ပြန်ပြောမိသည်၊

သူက အမေ သဘောကျအောင်လည်း နေပြတတ်သည် မဟုတ်လား...။

ရိုးရိုးသားသား ချမ်းချမ်းသာသာ ကောင်ကလေးက သူ့သမီးအပေါ် ဦးစားပေး ဂရုစိုက်လွန်းတော့ အမေက ဂုဏ်ယူနေတာ...။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကောင်းတာလဲ...အမြဲနိုင်နေတာပဲ တွေ့တယ်"

"တွေ့လား..." အမေက ဆိုသည်။ သူ့ဘက်က...၊

"ဟိုက ရုပ်လည်း ချောတယ်နော်"

"မိုးက ပိုချောတာပေါ့..."

"ဟုတ်မယ်...ဟင်း...ခေါ်လာတုန်းက ညည်းရုပ်လည်း ပြန်ကြည့်ပါဦး...စာတ်ပုံရှိပါတယ်၊ ခြည်းတူးညစ်ပေလေးပါ၊ ငါဖြင့် ဒီလောက် ဖြစ်လာမယ်လို့ ထင်ကိုမထင်ဘူး။ အကျည်းတန်မလေးဆိုပြီး ကြည့်နေတာ..."

အကျည်းတန်လေး မွေးစားမိပြီဟု နေရာမှ သူကလေးက အပျိုဖော်ဝင်တော့ တစ်စတစ်စ လှပစိုပြည်လာလိုက်တာ နတ်ရေကန်ထဲ ခုန်ဆင်းလိုက်သလား မှတ်ရသည်။

"ညည်းက ဒေါင်းမျိုးလေး...ကြီးလေ ချောလေဖြစ်လာတာနော်၊ သိလား...ငါဖြင့် အရွယ်ရောက်လာရင် ကြိုက်မယ်သူမှ ရှိပါ့မလား စိုးရိမ်တာ...အခုတော့ဖြင့် ငါ့သမီးကို ပိုင်းနေတာ..."

အမေ့စကားကြောင့် မိုးကပြုံးသည်။

ဟုတ်ချင်လည်း ဟုတ်မှာပါ...၊

"ဘာလို့ ဒေါင်းမျိုးလို့ ပြောတာလဲ မေမေ..."

ညီမလေးက ကာတွန်းစာအုပ်ဖတ်ပြီးသွားပြီမို့ သူကြားမိတဲ့ စကားကို ဝင်မေးသည်။

"ဒေါင်းတွေက ငယ်ငယ်တုန်းက မလှဘူးလေ၊ ကြီးမှ အတောင်စုံပြီး တဖြည်းဖြည်းလှလာတာ...ချွေးလေးတွေဘျ ငယ်





တုန်း လှတယ်။ ကြီးရင် သိပ်မလှတော့ဘူး။ အဲဒါကို ပြောတာ..."

"သြော်...မမက ဒါဆို ဒေါင်းမ..."

"ဟဲ့ ငါ့ကို ဘာပြောတာလဲ"

"မေမေ့စကားပဲလေ...ခစ်ခစ်"

မိုးက မျက်စောင်းရှယ်သည်။

အမေက မိုးကို ပြုံးကြည့်နေ၏။

မိုးသည် အသားညိုစိမ့်စိမ့် အရပ်မြင့်မြင့်နှင့် ချစ်စဖွယ်သော မျက်နှာမှာ အပြုံးကလေးက ချိုသည်။

ထင်ရှားတောင် မျက်ခုံးနှင့် မျက်လုံးမျက်ဖန်ကလည်း ဆွဲဆောင်မှု ရှိသည်။

မျက်တောင်ကော့တို့ ဝန်းရံထားသော မျက်ဝန်းနက်ကလေးနှင့် စိုက်ကြည့်လိုက်လျှင် ရင်သဲအထိ အနွေးဓာတ်တွေ ဝင်ရောက်လာသလို ခံစားရသည်။

ဘေးပတ်ဝန်းကျင်က ကောင်ကလေးတို့ ဝိုင်းအုံ စိတ်ဝင်စားကြသဖြင့် ငယ်နိုင်တစ်ယောက် ရန်လိုလိုနှင့် အတော်ကြီးကာကွယ်နေရသည် မဟုတ်လား...၊

"မေမေ... လာကုန်ရင် ရန်ကုန်သွားဖို့ မိုးအဝတ်အစား နည်းနည်း ချုပ်မယ်နော်..."

သတိတရ အနေ့ကို ပူဆာမိသည်။

"ငါ့သမီးနယ်...ခက်သေးတာပဲ၊ ဒီမှာ အဆင်ပြေနေတဲ့ ဥစ္စာ... ရန်ကုန်မှာ ကိုယ့်ဘာသာကိုယ် ကြောင်းချင်သေးတယ်...ဒါ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုစိတ်ကူး လဲ…မောင်ငယ်နိုင့်မိဘတွေကလည်း သားရေးသမီးရေး ဆွေးနွေးချင်ပုံပဲ သမီးရယ်…အေးအေးဆေးဆေး သူဌေးချွေးမ လုပ်ရင်ရတဲ့ဥစ္စာ… အလကားအပင်ပန်းခံပြီး တစ်မြို့တင်ရွာ သွားနေချင်သေးတယ်ကွယ်…"

"စိတ်မပူပါနဲ့အမေရဲ့။ မိုးရန်ကုန်မှာ နေကြည့်ချင်သေးလို့ပါ… အံပိုဘဝက လွတ်လပ်တယ်ဆို…အမေပဲ ပြောပြီး…"

"အေးပါ…ညည်းသဘောပါ…"

အမေက ခပ်မဲ့မဲ့ သဘောတူသည်။

"ငယ်နိုင်လည်း လိုက်ပို့မှာပဲ ဥစ္စာ…"

"အေးပါဆိုအေ…"

အမေ လက်ခံသဖြင့် မိုးကတော့ စိတ်အေးသွားရပြီ။

သူမရင်ထဲမှာ ရန်ကုန်သွားဖို့ပဲ စက်ကြွပြင်းပြနေသည် မဟုတ် လား…။

မမရေ…။

မိုးတော့ ရောက်အောင်လာမယ်။

မိုးတို့ ပြန်ဆုံခွင့်ရဖို့ အတူတူ ဆုတောင်းကြရအောင်နော်…။

* * *





မိုးကြည်ခင် သော်တို့အိမ်ရောက်သွားပြီး လေးငါးဆယ်ရက်ခန့် အကြာမှာ တိတိကျကျ သိလိုက်တာကတော့ သော်…ဇော့်ကို သည်းသည်းမိုက်မိုက် ချစ်နေတာကိုပါပဲ။

ဇော့်ကို အလေးအနက်ထားလွန်းတာ၊ ဂရုတစိုက်ရှိလွန်းတာ ဇော့်စကားဆို ချက်ချင်း နားထောင်တာ၊ ဇော့်အတွက် စိုးရိမ် ပူပန်တတ်လွန်းတာ။ ဘာလေးပဲဖြစ်ဖြစ် ဇော့်ကို ဦးစားပေးတာတော့ အားလုံးပါပဲ။

သော့်စိတ်ထဲမှာ မိုးကြည်ခင်ကို ဇော်နှင့် မနီးစပ်စေချင်တာက လည်း မိုးကြည်ခင်သိလာ၏။

ထမင်းစားချိန်ပဲဖြစ်ဖြစ်၊ တီဗွီကြည့်ချိန်ပဲဖြစ်ဖြစ် သော်က ဇော်နှင့် မိုးကို မဆုံဖြစ်အောင် အချိန်လွှဲထား၏။

ပြီးတော့ ဒေါ်စိန်၊ ဒေါ်စိန်လည်း မေးစရာပင်မလိုဘဲ ပြောပြ၏။ သော်နှင့် ဇော် မောင်နှမအရင်း မဟုတ်ဘူးဆိုတာကစလို့ သူတို့နှစ်ယောက်ကို လူကြီးချင်းသဘောတူထားတာရော တစ်ယောက်ကို တစ်ယောက် သံယောဇဉ်ကြီးလွန်းတာရော… ဘာတစ်ခုမှမကျန်၊ ခုမှရောက်လာသော မိုးကို သိစေချင်တာလည်း ပါလိမ့်မည်။

ဇော်ကလည်း အနေတည်အေးဆေးပြီး သန့်ပြန့်ခံ့ညားသော ယောကျ်ားကောင်းတစ်ယောက်ပါ။

မိုးကြည်ခင်နှင့်လည်း ခပ်ခွာခွာနေရှာပါသည်။

သော် စိတ်အနှောင့်အယှက်ဖြစ်အောင်လည်း မိုးကြည်ခင်



www.burmeseclassic.com

www.burmeseclassic.com



က မလုပ်လိုပါ။ သော်က မိုးကြည်ဇင်ကို အောက်ထပ် အစွန်ခန်းမှာနေစေ၏။ မိုး အခန်းကနေ ခြံထဲကို ဆင်းလို့ရသည်။ ထမင်းစားခန်းကို ထွက်လို့ရသည်။ မိုးအတွက်လည်း အဆင်ပြေ…သော့်တို့ ဇော်တို့နှင့်လည်း အပေါ် အောက်ဆိုတော့ သီးခြားဖြစ်နေ၏။

မိုးကြည်ဇင်…သော်နှင့်ပါလာပြီး ဇော်နှင့် ပထမဦးဆုံး မြင်ဖူးချိန် က ညခုနစ်နာရီစွန်းစွန်း ရှိလောက်ပြီ။

မိုးကြည်ဇင်က ထမင်းစားပြီး ခြံထဲ ဆင်းလျှောက်နေမိသည်။ သော်ကတော့ အပေါ်ထပ်မှာ ဖြစ်ပုံရသည်။

သော်တို့ မိုးကို ဘယ်လိုများ ထင်မလဲဟု အကြိမ်ကြိမ် တွေးနေမိတုန်း ခြံထဲကို ကားတစ်စီး ဝင်လာခဲ့၏။

ခြံတံခါးဖွင့်ပေးတာက ဦးလေးထူးပါ။

သော်လည်း သနပ်ခါးပင် ဘေးမှာရပ်လျက် လှမ်းကြည့်နေမိ၏။ သည်အိမ် သည်ဝန်းကျင် သည်မိသားစုသည် မိုးကြည်ဇင်အတွက်တော့ အစိမ်းသက်သက်၊ ခုမှ ရုးစမ်းလေ့လာနေရတုန်း။

ကားတံခါးပိတ်ပြီး ဆင်းလျှောက်လာသော သူ့ကို မိုးကြည်ဇင်က ဇော်မှန်းလည်း မသိသေးပါ၊

သည်အချိန် ပြန်လာတာကို တွေက်၍ သော့်အင်ကို ဖြစ်ကောင်း ဖြစ်နိုင်သည်ဟု တွေးမိ၏။

ထိုသူက မိုးကြည်ဇင်ကို ဖျတ်ခနဲ လှမ်းကြည့်မြင်သွားပြီး အနားကို လျှောက်လာ၏။

"မိုးကြည်ဇင်ဆိုတာလား"





"ဟုတ်ပါတယ်"

မိုးကြည်ဇင်၏ ရှေ့မှာ လာရပ်လျက် မေးတော့ တရိုတသေပဲ ဖြေမိသည်။

ဇော်ညိုသန့်က ကောင်မလေးကို သေချာစိုက်ကြည့်လိုက်၏။

အင်း…သော်ပြောသလိုပါပဲ။ ရိုးရိုးအေးအေး ချစ်စရာ ပုံစံကလေး၊ လည်ဝယ့်ပါးနပ်ပြီး သူများတကာကို ဒုက္ခပေးတတ်မည့် ရုပ်မဟုတ်။

မိုးပြာရောင်ဂါဝန်ရှည်ကလေးမှာ ကတ္တီပါဖိနပ်အမည်းလေးကို စီးထားပြီး မျက်နှာကလေးကို ဘာမှ လိမ်းခြယ်မထားဘဲ လှပကြော့ရှင်းတာ၊ နူးညံ့သိမ်မွေ့တာ ပေါ်လွင်နေ၏။

သူ့ကို မရဲတရဲကြည့်ပြီး မျက်လွှာချသွားတော့မှ ဇော် သတိဝင်ကာ အားနာမိပါသည်။

ဇော်က ဘယ်လိုပါလိမ့်ဆိုပြီး စူးစမ်းအကဲခတ်တာပါ။

"ကျွန်တော်က ဇော်ညိုသန့်ပါ"

"သော့်အစ်ကို…"

"ဟုတ်တယ်"

မိုးကြည်ဇင်က ခင်မင် နှစ်လိုဖွယ်ရာကောင်းသော အပြုံးကလေးနှင့် သူ့ကို ကြည့်လာ၏။

လှုံ့ချိုမြိန်သော အပြုံးကလေးကြောင့် ဇော်ကျေနပ်သွားသလိုလို ရှိ၏၊ သော့်ကိုလည်း သည်ကောင်မလေး အပြုံးတွေ အရ



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် စည်း ရုံးလိုက်တာဖြစ်လိမ့်မည်။

"ကျေးဇူးတင်ပါတယ်"

"ဗျာ..."

"သော်က ပြောတယ်လေ၊ သူ့အစ်ကိုက မကန့်ကွက်ရင် ခေါ်မယ်တဲ့။ ကိုဇော်ညိုသန့် ခွင့်ပြုလို့လည်း လာနေရတာမဟုတ်လား"

"ဩော်...ဩော်..."

ဇော်က တစ်ချက် ရယ်၏။ ခုမှ နားလည်သွားသည်။

"ကျွန်တော်က သော့်အတွက် စိုးရိမ်တာပါ"

သူ့အပေါ် တစ်မျိုးမမြင်အောင် ရှင်းပြဖြစ်၏။

"ဘာမှန်းညာမှန်းမသိတော့ သော့်အတွက်ပဲ စဉ်းစားပြီး ဖြစ်ပ့ါ မလားလို့ တွေးတာပါ။ သော်က အရမ်းယုံလွယ်တယ်"

"အင်း..."

"ကျွန်တော်ကိုယ်တိုင် ခုလို မြင်တွေ့ပြီး စကားပြောလိုက်ရတော့ စိတ်အေးသွားပါပြီ"

"စိတ်ချပါ။ သော့်ကို မိုးကြောင့် စိတ်မညစ်စေရဘူး"

"ဝမ်းသာပါတယ်"

သော်က ဆက်ခနဲဖြစ်သွားပြီး သေချာအောင် ထပ်ကြည့်မိ၏။

ဇော်နှင့် မိုးကြည်ဇင်ပါ။

သနပ်ခါးပင်ဘေးမှာ စကားပြောဆို ရယ်မောလို့။





သူတို့ ဘယ်တုန်းက သိကြလို့လဲ။

သော့်ရင်ထဲမှာ ဟုန်းခနဲပူ၏။

ဇော်က မိုးကြည်ဇင်နှင့် ဘာလို့ တရင်းတနှီး စကားပြောရတာလဲ။

သော်မှ မိတ်ဆက်မပေးသေးတာ၊ မသိသလို ဘာသိဘာသာ နေသင့်တာ။ သော် ပင့်သက်ရှိုက်မိ၏။

မိုးကို ခေါ်လာမိတာ မှားပြီလား။

ဇော့်ကို ဘယ်ကောင်မလေးနှင့် စကားမပြောစေချင်ပါ။

သော် ဘာလို့ အဲဒီလောက်အထိ အဖြစ်သည်းနေမိသလဲ။

အကဲပါနေမိသလဲ။ တွန့်တိုနေမိသလဲ။

တကယ်ဆို ဇော်နှင့် သော်က ချစ်သူတွေမှ မဟုတ်သေးတာ။

ဇော့်အခွင့်အရေးတွေကို သော်က ပိတ်ပင်သင့်ပါရဲ့လား။

နေရာတကာ ဝင်စွက်သူအဖြစ် ဇော်အထင်သေးသွားလျှင် အခက်။

သော် ပြတင်းပေါက်မှခွာပြီး အိပ်ရာစွန်းမှာ ထိုင်ချမိ၏။

ဘယ်ကောင်မလေးနှင့်မဆို... ဇော် ရယ်ရယ်မောမော စကားပြောနေလျှင် သော့်ရင်ထဲမှာ မွန်းကျပ်လာရသည်။

ဒါဟာ အချစ်များလား ဇော်ရယ်...။

* * *



www.burmeseclassic.com

www.burmeseclassic.com

မိုးကြည်ဇင်က ပြန်တွေးပြီး ပြုံးမိသည်၊

ဇော်နှင့်စကားပြောနေတာကို သော်လှမ်းကြည့်တာ မိုးကြည်ဇင် မြင်၏။ အဲဒီအချိန်ခဏလေးမှာပဲ ဇော့်ကို သော်က အရိပ်လို ကြည့်နေပါ လားဆိုတာ သိလိုက်၏။

နောက်နေ့တွေမှာတော့ ဒေါ်စိန်နှင့် စကားပြောရင်း သော်တို့ အကြောင်း တစ်စတစ်စသိလာ၏၊

မိုးကလည်း ဇော်နှင့်သော်တို့ကြားမှာ အနှောင့်အယှက် မဖြစ်ချင်ပါ။ မိုးက သော့်ကို စိတ်မညစ်စေချင်၊

သော်က မိုးကြည်ဇင်၏ ကျေးဇူးရှင်လည်း ဖြစ်နေသည်၊ ဇော်ကလည်း မိုးကြည်ဇင်အပေါ် ရိုးသားပါသည်။

သော်က ကြံဖန်စိတ်ပူပြီး ကြိုတင်ကာကွယ်နေတော့တာ။

* * *



"သမီးရေ"

"ရှင်..."

မိုးက ဧည့်ခန်းကို ရှင်းလင်းနေတုန်း ဒေါ်စိန်က လာခေါ်သည်။

"ဘာလဲဟင်"

"သော် အိပ်နေလားမသိဘူး။ ဖုန်းလာတာ ဖုန်းမကိုင်ဘူး"

"အဲဒီတော့..."

"ဒေါ်စိန်က ချဉ်ပေါင်ဟင်း လုံးနေတုန်းတန်းလန်းမို့ မိုးပဲ တက်ကြည့်ပေးပါကွယ်၊ ဇော်က သော်နဲ့ ပြောချင်လို့တဲ့"

"ဟုတ်ကဲ့"

မိုးကြည်ဇင်က ကြက်မွေးကို ကြမ်းပြင်ပေါ် ချထားခဲ့ပြီး အပေါ် ထပ် တက်လာခဲ့၏။ အပေါ်ထပ်ကို တစ်ခါမှ မရောက်ဖူးပါ။

သော့်အခန်းကိုလည်း မိုးမသိပါ။

တော်ကြာ ဇော့်အခန်းကို မှားဝင်မိမှဖြင့်...

ဘိစ္စမရှိပါဘူး။ ဇော်မှ မရှိပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိုးကြည်ဇင်က အပေါ်ထပ်ကို ရဲရဲတက်လာခဲ့၏။

လှေကားနှင့် ဝိုနီးသော အခန်းကို တံခါးလေး ဟကြည့်တော့ သော်ကို မြင်ရသည်။ သော်က အိပ်ရာထက်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေ၏။

မိုးကြည်ဇင်က သော့်ကို မနိုးတော့ဘဲ အိပ်ရာဘေးက ဖုန်းကို ကောက်ယူလိုက်၏။

"ဟက်လို..."

"သော်လား..."

ဇော်က ဝမ်းသာအားရ မေးပြီးမှ "သြော်... သော်မဟုတ်ဘူး ထင်တယ်"ဟု ချက်ချင်းပြေပြသည်။

"သော် အိပ်ပျော်နေတယ်...နိုးပေးရမလားဟင်"

"ဟုတ်လား...အိပ်ပါစေ၊ မနိုးနဲ့၊ နိုးလာရင် ဖုန်းဆက်ဖို့ ပြောပေးပါလား"

"ဟုတ်ကဲ့"

"ဒါပဲ...ဒါပဲ"

ဇော်က အလျင်စလို ဖုန်းချသွား၏။

မိုးကြည်ဇင်နှင့် စကားကြာကြာ ပြောချင်ပုံမရ။

သော်များ လာကိုင်မလားဆိုပြီး စိတ်ရှည်ရှည် စောင့်နေပုံရပါသည်။

ဇော်နဲ့သော်အတွက် မိုးဟာ အနှောင့်အယှက်လား၊

သတိထားစရာ အန္တရာယ်တစ်ခုပေလား။





ဖုန်းကို ပြန်ချထားပြီး မိုးငိုင်တွေ ငေးနေမိသည်။

"ဟင်...မိုး"

သော်က နိုးလာပြီး မိုးကြည်ဇင်ကို တွေ့လိုက်ရတော့ မျက်လုံးလေး ဝိုင်းသွား၏။

"ကိုဇော် ဖုန်းဆက်လို့ သော် အိပ်ပျော်နေတာနဲ့"

"သြော်...ဟုတ်လား"

အဖြစ်မှန်ကို ချက်ချင်း ရှင်းပြမိပါသည်။

သော်က အိပ်ရာထက်မှာ ထထိုင်ပြီး ဆံပင်တွေ သပ်တင်လိုက်ရင်း "ဇော်က ဘာတဲ့လဲ"ဟု မေးလာသည်။

"သူ့ဆီ ဖုန်းပြန်ခေါ်ပါတဲ့"

"အင်း...အင်း...ခေါ်လိုက်မယ်"

သော်က အိပ်ရာထက်က ဆင်းလိုက်၏။

"အိပ်ပျော်သွားတယ်။ ညက အိပ်ရာဝင်နောက်ကျလို့... သော် ရုပ်ရှင်ကြည့်နေတာနဲ့..."

"အင်း..."

မိုးကြည်ဇင်က သော့်အခန်းထဲက လှည့်ထွက်ဖို့ ပြင်၏။

"မိုး"

"ဟင်"

"ဘယ်သွားမလို့လဲ...အောက်မှာ အလုပ်ရှိလို့လား"

"ဧည့်ခန်းမှာ ဖုန်းလုံနေတာ၊ သော် ဘာခိုင်းမလို့လဲ"

"ဟင့်အင်း...စကားပြောမလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သော် ဆင်းလာခဲ့လေ"

သော်က မိုးကြည်ဇင်ကို ကြည့်ပြီး…

"အပေါ်ထပ်ကို မရောက်ဖူးသေးဘူးနော်…သော် လိုက်ပြမယ်လေ"ဟု ဦးဆောင်ခေါ်၏၊

အရင်ဦးဆုံး သော့်အခန်းထဲက တံခါးကို ဖွင့်လိုက်တော့ ဝရန်တာအကျယ်ကို ရောက်သည်၊

"ဟင်…နှင်းဆီပင်တွေ အများကြီးပဲ"

"ဟုတ်တယ်"

သော်က လက်ကလေးပိုက်ထားပြီး ဖြေ၏။

"သော်က နှင်းဆီ အရမ်းကြိုက်တယ်။ စံပယ်လည်း ကြိုက်တယ်။ ဒီအပေါ်မှာ စံပယ်နဲ့ နှင်းဆီနှစ်မျိုးပဲ စိုက်ထားတာ"

"ဟုတ်လား"

သော့်စကားကြောင့် မိုးကြည်ဇင် ခြေလှမ်းမှားချင်သည်။

သော်ဟာ မမနှင်းဆီများလား။

စံပယ်သိချင်လိုက်တာ။

မိုးကြည်ဇင်က ပင့်သက်ကလေးနှင့် သော့်ခြေဖမိုးပေါ်က ပန်းပွင့် ပုံသဏ္ဌာန်မျိုးဖြစ်နေသော အမာရွတ်ကလေးကို ငုံ့ကြည့်ကာ မနေနိုင်တော့ ဘဲ…

"သော့် ခြေဖမိုးက ဘာဖြစ်တာလဲဟင်"ဟု မေးလိုက်မိတော့သည်။ သော်က ဆတ်ခနဲ ဖြစ်သွားပြီး မိုးကြည်ဇင်ကို လှည့်ကြည့်၏။ အကြည့်ချင်း ခပ်ကြာကြာ ဆုံမိကြသည်။





ထိုအခိုက်ခဏလေးမှာပဲ မိုးကြည်ဇင်သေချာသိလိုက်၏။

သော်ဟာ မိုးကြည်ဇင် လိုက်ရှာနေသော မမနှင်းဆီပါပဲ။

သော် ဆတ်ခနဲ ဖြစ်သွားတာရယ်၊ ဖျတ်ခနဲ မျက်လုံးချင်းဆုံမိတာရယ်၊ တစ်စုံတစ်ရာက မိုးကို သေချာစေလိုက်သည်။

ရင်ထဲမှာ ဒိန်းခနဲမြည်ပြီး မိုးသိသွား၏။

"ဒါက ဇာတ်လမ်းရှိတယ်မိုးရဲ့"

မိုးကြည်ဇင်က သော့်ကို ငေးငေးကလေး ကြည့်နေမိသည်။

"ဇာတ်လမ်းက ရှည်တယ်။ ပြီးတော့ သော့်ဘဝရဲ့ တကယ့်ဇာတ်လမ်း"

သော်က ခစ်ခနဲ ရယ်သည်။

"မိုးစိတ်ဝင်စားရင် နောက်တော့ ပြောပြမယ်လေ"

မိုးကြည်ဇင်က ဆတ်ခနဲ ခေါင်းညိတ်လိုက်၏။

ပြီးတော့ သော့်ဘေးက လှည့်ထွက်ဖို့ ပြင်ပြီး ခွင့်တောင်းလိုက်၏၊

"မိုး အလုပ်သွားလုပ်တော့မယ်"

"အင်း…"

သော့်ကို နှင်းဆီပင်တွေနား ထားခဲ့ကာ မိုးကြည်ဇင် နှစ်လှမ်း သုံးလှမ်း လျှောက်လာမိ၏။ ပြီးတော့မှ သော့်ကို ပြန်လှည့်ကြည့်ကာ

"သော်…"ဟု လှမ်းခေါ်လိုက်၏။

သော်က မိုးကြည်ဇင်ကို လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သီတင်းကျွတ်လပြည့်ညက မီးပန်းကို ကြောက်ကြောက်နဲ့ လွှတ်ချလိုက်လို့ ခြေထောက်ပေါ် ကျသွားတော့ လန့်ပြီး ငိုတာလေ"

သော်က မိုးကြည်ဇင်စကားကြောင့် ငြိမ်ငြိမ်တောင့်တောင့်ကလေး ရပ်နေပြီး မျက်လုံးလေးတွေ မှေးကျဉ်းသွားသည်အထိ မိုးကြည်ဇင်ကို ငေးစိုက်ကြည့်နေ၏။

မိုးကြည်ဇင်က ဘာမှဆက်မပြောတော့ဘဲ လှည့်ဆင်းလာခဲ့သည်။

"မိုး"

သော်က နောက်ကနေ ခေါ်ပြီး တဖျတ်ဖျတ် ပြေးလိုက်လာ၏။ မိုးကြည်ဇင် လှည့်မကြည့်မိပါ။ ပါးပြင်ပေါ် မျက်ရည်ပူတွေ တားမရဆီးမရ လိမ့်ဆင်းကျလာ၏။

ပြန်ဆုံပေးချင်တော့လည်း အလှယ်ကလေး...။

မခွဲချင်ဘဲ ခွဲခွာခဲ့ရချိန်က ရင်ထဲ ခံစားလိုက်ရတာ၊

"စံပယ်...စံပယ်လားဟင်"

မိုးကြည်ဇင် လက်များကို ဆတ်ခနဲ အုပ်ထွေးကာ မေးလာတော့ ခြေလှမ်းတွေ တန့်သွားရသည်။

"စံပယ်လား...စံပယ်မဟုတ်လားဟင်..."

သော်က မိုးကြည်ဇင်ရှေ့မှာ ပိတ်ရပ်လျက် မိုးကြည်ဇင်မျက်နှာကို သေသေချာချာ ကြည့်၏။

"သော် ဝမ်းသာလိုက်တာ မိုးရယ်"





တုန်ခိုက်စွာ ရေရွတ်မိသည်။

"ညီမလေးရယ်...စောစောကတည်းက ဖွင့်ပြောပါလား၊ စတွေ့ကတည်းက ထင်တယ်မဟုတ်လား၊ မမနှင်းဆီပဲဆိုတာ..."

သော်က မိုးကို ဖက်ကာ မျက်ရည်ကျလာ၏။

မိုးကြည်ဇင်က သော့်ကို အသာဖယ်ပြီး...

"မမနှင်းဆီက စံပယ့်ကို ခေါ်နေပြီမဟုတ်လား"ဟု မကျေနပ်စွာ ပြောလာ၏။

ဟုတ်တော့လည်း ဟုတ်ပါသည်။

မိုးကြည်ဇင်က မတွေ့တွေ့အောင် ရှာပြီး လာခဲ့ရတာ၊ သော်က အနားမှာ ဇော်လည်း ရှိနေတာမို့ မိုးကြည်ဇင်လိုတော့ ပြင်းပြင်းပြပြ မရှာမိခဲ့ပါ။

"ဘာချင်းက မတူဘူးလေ"

မိုးကြည်ဇင်က ရင်နာလှစွာ ပြော၏။

"မဟုတ်ပါဘူး ညီမလေးရယ်"

"ဟုတ်ပါတယ်။ သော့်ဘာက ပြည့်စုံတယ်၊ ကိုဇော်လည်း ရှိတယ်၊ မိုးလိုမဟုတ်ပါဘူး"

"မိုးရယ်"

မမနှင်းဆီကို အရမ်းတွေ့ချင်လွန်းတာ မှန်ပေမယ့် ခုလို ပြန်တွေ့ရပြီဆိုတော့လည်း ကိုယ့်ဘက်ကပဲ တစ်ဖက်သတ်ဆန္ဒနှင့် မျှော်လင့်ချက် ပါလားဟု တွေးပြီး စိတ်မကောင်းဖြစ်ရသည်။

မိုးအသာ တွေ့ချင်လွန်းလို့ သော့်ဆီ မရောက်ရောက်အောင် ကြိုးစားလာခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



မိုးကြည်ဇင် မျက်ရည်တွေ သုတ်ပစ်၏။

မမနှင်းဆီက မိုးကို ချစ်ပါရဲ့လား၊ သံသောဇဉ်ရှိပါရဲ့လား၊ ပြန် ဆုံဆည်းဖို့ရော သဲသဲမဲမဲ မျှော်လင့်ပါရဲ့လား။

ဘာကိုမှန်းမသိ၊ မိုးကြည်ဇင် ဘဝင်မကျနိုင်။ အလိုမကျစွာ နှုတ်ခမ်းလေး မဲ့နေမိသည်။

"မိုး...ညီမလေး"

သော်က မိုးကြည်ဇင်ကို မလွဲတမ်းစိုက်ကြည့်လျက်...

"သော်တို့ တစ်ခန်းတည်းအတူတူ နေရအောင် မိုး အပေါ် ထပ်ကို ရွှေ့ခဲ့နော်"

"ဟင့်အင်း...မိုးက အဖြစ်မှန်ကို သိချင်တာပါ။ အခုသိရပြီ ပဲ။ ပြန်တော့မယ်"

"ဟင်..."

သော့်မျက်နှာလေး ဖြူရော်သွား၏။

စိတ်မကောင်းဖြစ်သွားတာ သေချာလှသည်။

"မပြန်ပါနဲ့ မိုးရယ်...သော်တို့ငယ်ငယ်ကတည်းက ခွဲနေခဲ့ ကြရတာ။ ခုမှ ပြန်တွေ့ရတာ။ သော်တောင်းပန်ပါတယ်မိုးရယ်။ မာနတွေ ခဏ ဖယ်ထားပြီး အတူတူ နေရအောင်နော်"

မိုးကြည်ဇင် လက်ကိုဆွဲထားပြီး သော်က တောင်းတောင်း ပန်ပန် ပြောလာ၏။

"ပြန်တွေ့ကြမယ်တစ်နေ့နေ့ ဆိုတဲ့ မျှော်လင့်ချက်နဲ့ ခံစားမှု ဆိုတာ မိုးမှာသာ ရှိတာပါ။ သော်က ညီမလေးတစ်ယောက် ရှိပါ လားဆိုတာ မေ့နေပြီ...ပျော်နေပြီ"





"မဟုတ်ရပါဘူး မိုးရယ်။ သော်လမ်းပျောက်နေလို့ပါ။ ဘယ် မှာ ရှာရမှန်း မသိလို့ပါ။ သော့်ကို နားလည်ပေးပါ"

"မယုံပါဘူး"

သော်က မိုးကြည်ဇင်ကို စိုက်ကြည့်၏။

"မိုး..."

နှုတ်ခမ်းလေးကိုက်ပြီး ဆတ်ခနဲ ခေါင်းညိတ်ကာ ခေါ် သည်။

"ပြီးရောလေ...မယုံဘူးမဟုတ်လား၊ ယုံအောင် ပြမယ်၊ လာ..."

သော်က မိုးကြည်ဇင်ကို သူ့အခန်းထဲ ပြန်ခေါ်လာ၏။

"ဒီမှာကြည့်၊ ဒီနှင်းဆီတွေ ဒီစံပယ်တွေ ဒါဘာအဓိပ္ပာယ်လဲ၊ သော့် မှာ ညီမလေးတစ်ယောက် ရှိတာ သော် မေ့မနေပါဘူး"

သော်က အခန်းအပြင် ဝရန်တာက နှင်းဆီပင်၊ စံပယ်ပင် တွေ လက်ညှိုးထိုးပြပြီး ပြော၏။ ပြီးတော့ နံရံကပ်ဗီရိုကို ဆွဲဖွင့်ကာ ဂါဝန်ရှည်အကွက်ကလေးကို ယူလိုက်၏။

"မိုးရယ်...သော် ဖြေလို့မရအောင်တော့ မပြောပါနဲ့...ဒီမှာ ကြည့်၊ သော်တို့ ကလေးဘဝက မေမေဆင်တူချုပ်ပေးခဲ့တဲ့ ဂါဝန် ကလေး၊ အမှတ်တရဆိုလို့ ဒါပဲ ရှိလို့ ဒါပဲ သိမ်းထားရတယ်။ ဒီဂါဝန် ကလေးကို ထုတ်ကြည့်ပြီး မိုးကို သော်ဘယ်လောက်သတိရမိသလဲ၊ မိုးသိရဲ့လား"

မိုးကြည်ဇင်က သော့်လက်ထဲက ကလေးဂါဝန်အကွက် ကလေးကို မြင်ပြီး နှုတ်ဆိတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



မမလည်း ဒါကို အမှတ်တရ သိမ်းထားသတဲ့လား။

မိုးကြည်ဇင်က အောက်ထပ်ကို ပြေးဆင်းလာခဲ့၏။

သော်က မိုးကြည်ဇင်နောက်လိုက်လာ၏။

အခန်းထဲ ဝင်ပြီး သားရေသေတ္တာထဲက ဂါဝန်အကွက်ကလေးကို မိုးထုတ်ယူလိုက်ပါသည်။

"မိုးလည်း သိမ်းထားတာပဲ။ ဒီမှာကြည့်"

"ညီမလေးရယ်"

ကလေးဂါဝန်အကွက်ကလေးနှစ်ထည်ကို အတူတူ ထပ်ကိုင်ထားပြီး သော် ငိုချလိုက်၏။

သည်ဂါဝန်ကလေးကို မြင်လိုက်ရတော့ မိုးကြည်ဇင် ရင်ထဲမှာ တစ်ဝက်ကျေနပ်သွားသည်။

သော့်အပေါ် နည်းနည်း ခွင့်လွှတ်လို့ ရသည်။

သည်လောက် ပြည့်စုံ ကြွယ်ဝပြီး စတိုင်ကျလှသော သော်မှာ သည်ဂါဝန်ကလေးကို တယုတယသိမ်းထားသေးသည်။

သော့်စိတ်ထဲမှာ ညီမလေးဆိုသော အသိတော့ ရှိနေသေးတယ်။

"မိုးရယ်...ဒီမှာပဲ နေပါ"

"ပြီးရောလေ...ခဏနေမယ်။ ဒါကလည်း ဒီဂါဝန်ကလေးကြောင့်၊ သိပ်ယုံလို့တော့ မဟုတ်ဘူး"

မိုးကြည်ဇင် ကတိပေးလိုက်တော့ သော် မျက်ရည်တွေနှင့် ပြုံးလာ၏။





တစ်နေ့ထက်တစ်နေ့ ပိုယုံလာမှာပါမိုးရယ်။

သော်က အစစအရာရာ ပြည့်စုံနေပေမယ့် သံယောဇဉ်မေတ္တာ ငတ်မွတ်နေသူပါ။

မိုးက သော့်ညီမအရင်းပေပဲ။

သော် မချစ်ဘဲ နေပါ့မလား။

သိပ်ချစ်တာပေါ့။

ပြောမပြနိုင်အောင် ချစ်ပါတယ်။

ဒါပေမဲ့ ဘယ်ဆီ ရှာရမယ်မှန်းမသိတော့သော်လည်း ရင်ထဲက ကွေ့ချင်စိတ်ကို နှိမ်ချိုးပြီး နေခဲ့မိတာပါ။

မိုးစွပ်စွဲသလို မှန်နေတာတစ်ခုတော့ ရှိပါတယ်။

အဲဒါက ဖော်ပါ။

ဖော်သည်အနားမှာ ရှိနေလို့လည်း သော်...မိုးကို မေ့နေခဲ့တာ ပါ။

ခွင့်လွှတ်ပေးပါမိုးရယ်။

သော်က ဖော့်ကိုလည်း အရမ်းချစ်နေမိတာပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

သော်နှင့်မိုး ညီအစ်မအရင်းတွေဆိုတာ ဖော့်ကို ဖွင့်ဟ အသိမပေးသေးဘဲထားဖို့ နှစ်ယောက်သား တိုင်ပင်ထား၏။

လောလောဆယ် ဘယ်သူမှ မသိစေချင်သေးပါ။

ထပ်ပြီး ခွဲရမှာကိုလည်း နှစ်ယောက်စလုံး မလိုလား။

"သော်...မိုး ဒီအောက်ထပ်မှာပဲ နေမယ်"

'ဟင်...သော်နဲ့ လာနေပါဆို"

"မဖြစ်သေးဘူး သော်ရဲ့...အရမ်းသိသာနေမှာပေါ့"

"အင်း...သဘောပဲလေ"

မိုးကြည်ဇင်စကားကို သော်က လက်ခံ၏။

"ထင်တော့ ထင်တယ်။ မိုးတောင်းဆိုတာကို သော်မငြင်းနိုင်ဘူး။ သွေးက စကားပြောတာဖြစ်မယ်"

"သွားပါ...ခုမှ..."

မိုးကြည်ဇင်က မကျေနပ်နိုင်သေးပါ။

"မိုးက သော့်ကို အထင်မှားနေတာပါ။ သံသယကြီး ဖယ်ထားလိုက်ပါ မိုးရယ်"





သော်က မျက်နှာကလေးပျက်လျက် ဖြေရှင်း၏။

"အင်းလေ...သော့်စိတ်ကို အတူတူနေရင် မိုးသိခွင့်ရမှာပဲ"

"စောင့်ကြည့်...ဘယ်သူက ပိုပြီး ချစ်နိုင်မလဲဆိုတာ"

သော်က မိုးပခုံးလေးကို ဖက်ပြီး ရယ်သည်။

မိုးကြည်ဇင် မျက်နှာလေး ပြုံးရောင်သန်းလာ၏။

အမြဲတမ်း တောင့်တမျှော်လင့်ခဲ့ရသော နေ့ကို မိုးရရှိခဲ့ပါပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဇော်က ဧည့်ခန်းမှာ ထိုင်ပြီး တီဗွီကြည့်နေတော့ မိုးကြည်ဇင် လှေကားက ဆင်းလာတာကို မမြင်။

သော်ကလည်း ဇော်နှင့်အတူ ဇာတ်လမ်းထဲ စိတ်ပါလက်ပါ ရှိနေ၏။

မိုးကြည်ဇင်က လှေကားရင်းမှာ ရပ်ပြီး ဇော်နှင့်သော်ကို ငေးကြည့်နေမိသည်။ မမသော်က ဇော့်ကို သိပ်ချစ်ပုံရသည်။

မိုးအတွေးထဲမှာ ဖျတ်ခနဲ စိတ်ကူးတစ်ခု ဝင်လာ၏။ လျှပ် တစ်ပြက် ပေါ်လာသော အကြံပါ။ အစကတည်းက ခေါင်းထဲ ရှိနေ ခဲ့တာ မဟုတ်။

မိုး လှပစွာ ပြုံးလိုက်၏။

မိုးအပြုံးက တောက်ပသည်။ သိမ်မွေ့သည်။

ပြီးတော့ လျှို့ဝှက်နက်နဲနေသည်။

မိုးကြည်ဇင်၏ စိတ်ကူးအကြံအစည်ကို ဇော်နှင့် သော်က မသိ သေး။ သိလည်း မသိနိုင်ပါ။

"ဟော...မိုး လာလေ၊ ဒီမှာ...မြေပဲကြော် လာစား"





သော်က မြင်သွားပြီး လှမ်းခေါ်တော့ ဇော်ကပါ တစ်ချက် လှမ်း ကြည့်လာ၏။

မိုးကြည်ဇင်က သော့်ဘေးနားတွင် သွားထိုင်မိ၏။

ဇော်က သော်နှင့်မိုးကို မသိမသာ လှမ်းကြည့်အကဲခတ် နေသည်။ စကားတစ်ခွန်းမှ မဆို။

"ခုန လာကြည့်သေးတယ်။ မိုးအိပ်ပျော်နေတယ်"

"အဟင်း...တစ်ခါမှ နေ့ခင်းမအိပ်ဖူးဘူး၊ ဒီနေ့မှ အိပ်ပျော် သွားတာ၊ နှိုးလိုက်ရောပေ့ါ သော်ရဲ့၊ ဘာခိုင်းစရာ ရှိလို့လဲ"

"မရှိပါဘူး၊ ဒေါ်စိန်က လက်ဖက်သုပ်ကျွေးတော့ မိုးပါ စားလို့ရအောင် လာခေါ်တာ"

"ဪ..."

မိုးကြည်ဇင်က သော့်ကို ကျော်ပြီး ဇော့်ကို လှမ်းကြည့် လိုက်၏။ ဇော်က တီဗွီကိုပဲ ကြည့်နေသည်။

သော်က မိုးငေးကြည့်နေသော ဇော့်ဆီ တစ်ချက် လှမ်း ကြည့်လျက် မျက်နှာလေးပျက်မိသည်။

မိုးက ဇော့်ကို ဘာလို့ သတိလက်လွတ် ငေးမောနေရတာ လဲ။ သော် နားမလည်ပါ။

စိတ်ထဲမှာ ကသိကအောက်နှင့် ပူလောင်သွား၏။

သော် မထင်မှတ်သော ကိစ္စပါ။

ဇော့်ဘက်ကို ကြည့်ပြီး သော် ပင့်သက်ရှိုက်သည်။

ဇော်ရော...ဇော့်ဘက်ကရော...



www.burmeseclassic.com

www.burmeseclassic.com



ဇော်...ညီမလေးမိုးကို စိတ်ဝင်စားနေပြီလား။

ဇော်ကတော့ မိုးကို ပြန်မကြည့်ပါ။ သော့်ကိုသာ မသိမသာ မျက်လုံး ရွေ့ကြည့်လာ၏။

သော့်ရင်ထဲမှာ တင်းကျပ်လွန်းစွာနှင့် မျက်လွှာချမိသည်။

သော် ဘယ်လိုဟန့်တားရမလဲ။

ဘယ်လိုတားဆီးရမလဲ။

သဝန်တိုမိတာ ပူလောင်ရာက ဘယ်လိုပြောရမလဲ ဇော်ရယ်။

သော် အရမ်းဝမ်းနည်းသွားမိသည်။

ခုမှ ပြန်ဆုံခွင့်ရသော ညီမလေးကို ဘာမဆို ဖြည့်ဆည်းလိုက်လျောပေးချင်သည်။ သော် မနာမျောပါ။ ဝန်မလေးပါ။

သို့ပေမယ့် မိုးလိုချင်နေတာက သော့်နှလုံးသားဖြစ်နေခဲ့လျှင်... သော်ဘယ်လိုလုပ်ရမလဲ။

အကြာကြီး ငြိမ်သက်နေမိပြီးမှ သော် ဖျတ်ခနဲ ထရပ်လိုက်၏။

ဇော်နှင့် မိုးကို ထားရစ်ခဲ့ပြီး အပေါ်ထပ်ကို ပြန်တက်လာမိ၏။ သော့်ဘဝမှာ ဇော့်ကို ကောင်မလေးတစ်ယောက်နှင့် ထားခဲ့ပြီး ထွက်လာခဲ့မိတာ ဒါပထမဆုံးအကြိမ်ပါ။

ဇော်ရယ်...။

သော့်အသည်းတွေ မွကြေရတော့မှာလား။

မိုးက ဇော့်ကို စိတ်ဝင်စားနေပြီ။





သော် နောက်ဆုတ်ရမှာလား၊ စွန့်လွှတ်ပေးရမှာလား။

ရင်ထဲမှာ တလှိုက်လှိုက်နှင့် နင့်နင့်နဲနဲ ခံစားရသည်။

အခန်းထဲ ဝင်လာပြီး ခုတင်စွန်းမှာ ထိုင်ချလျှက် မျက်ရည်ကျမိ၏။ ဘာမှန်း သေချာမသိခင်မှာပင် သော် အရမ်း ကြောက်လန့်နေမိပြီ။

သော် တည်ငြိမ်အောင် ကြိုးစားလို့မရ။

ဇော့်ကို စွန့်လွှတ်ဖို့ သော်တစ်ခါမှ မတွေးခဲ့မိဘူး။

အရမ်းပဲ ကြောက်စရာကောင်းသော အိပ်မက်တစ်ခုလို ရင်ထဲ မှာ မောလှိုက် ကြေကွဲနေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ကိုဇော်"

"ဟင်"

ဖျတ်ခနဲ ဘေးမှလာထိုင်ပြီး တိုးတိုးခေါ်လိုက်တော့ ဇော်ညိုသန့် ကိုယ်ကြီးမတ်ကား ကြည့်နေသော ဓာတ်လမ်းထဲ အာရုံ လုံးဝမရောက်တော့ပါ။

သော်က ဘာလို့ ထဘွက်သွားရတာလဲ။

ဘာလို့ သူ့ကို မိုးနှင့် ဘာ့ရစ်ခဲ့ရတာလဲ။

မျက်ခုံးနှစ်ဖက် ကျုံ့ကာ စားမလည်။

ဘယ်သူနှင့်မဆို ဘယ်တော့မဆို သဒန်တိုတတ်သော မရအရ တားဆီးပိတ်ပင်တတ်သော ငိုးရိမ်ကြီးတတ်သော သော်ပါ။ ခုလို စိတ်ချ လက်ချထားခဲ့တာ နားမလည်။ အံ့ဩနေမိသည်။ သော် ဘာဖြစ်လို့လဲ။ သော့်စိတ်တွေ ပြောင်းလဲသွားပြီလား။ မထင်မှတ်ဘဲ သူသိလိုက်ရ၏။

မိုးကရော မိုးကြည်ခင်က ဘာလို့ သူ့ဘေးလာထိုင်ပြီး တရင်း တနှီး ခေါ်ရတာလဲ။





သူ့ဘာန်လှုပ်ချောက်ချားမိသည်။

မိုးကြည်ခင်ကို သွားမခေါ်ခင်ညမှာ သော်က သူ့ကို ပေါ်ပေါ်ထင်ထင် တားမြစ်သတိပေးခဲ့သည်မှာ...

"အဲဒီ ကောင်မလေးက ချောတယ်၊ ဇော်အရောမဝင်ရဘူး။ သော်စိတ်အနှောင့်အယှက် ဖြစ်အောင် အိမ်ထဲမှာ ပြဿနာ ဖြစ် အောင် မလုပ်ရဘူး"

ကြံဖန်ပြီး ကြိုတင်တွေးတောပူပန်တတ်သော သော်ပါ။

"ဇော် အတတ်နိုင်ဆုံး ကင်းကင်းရှင်းရှင်း နေပေးပါ"

"မယုံဘူးလား ဇော့်ကို..."

ဇော်နှင့်သော် မျက်လုံးချင်း ဆုံမိကြသည်။

"ဘာပဲဖြင့်ဖြစ်လေ တစ်အိမ်တည်းနေရမှာ"

သော်က တွေးတွေးဆဆဆိုပါသည်။

သော်ရယ်...ပြောင်းလဲချိန်က မြန်ဆန်တိုတောင်းလွန်းလှ ပါလား။

"ကိုဇော်"

"ဟင်..."

မိုး၏ စုဆုအောင့်အောင့် ခေါ်သံကြောင့် ဇော့်အတွေးတွေ ပြတ် သွား၏။

"ဘာမှန်းလဲ မသိဘူး"

"ဗျာ..."

"ပွန်း...ရုပ်ရှင်လိုက်ပြပါလို့ ပြောတာ။ မိုးက အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ ပျင်းတယ်။ ရုပ်ရှင်ရုံမှာ ကြည့်ချင်တာ"

ဇော်ညိုသန့် ဟုံ့ဆိုင်းဆိုင်းနှင့်…

"သော်နဲ့ သွားကြည့်ပါလား"ဟု ဆို၏။

"သော်က မလိုက်ဘူး…ခေါင်းကိုက်လို့တဲ့"

"ဟုတ်လား…"

ဇော် ဘယ်လိုငြင်းရမှန်းမသိ။

မိုးနှင့်ဇော် အတူတူ ရုပ်ရှင်သွားကြည့်ကြဖို့ သော်က သဘောတူ ခွင့်ပြုသတဲ့လား။

လောကကြီး…

သည်နေ့ ဘာတွေ ဖြစ်ကုန်ပြီလဲ။

အံ့သြပြီးရင်း အံ့သြရင်းပါပဲ။

မယုံဘူးကွာ။

သော်…ဇော့်အပေါ် ဒီလောက် သွေးမအေးပါဘူး၊ ဇော်ညိုသန့် လက်မခံနိုင်။

"သော်နဲ့တိုင်ပင်လိုက်ဦးမယ်"

ချက်ချင်းပဲ ဇော်အပေါ် ထပ်တက်လာခဲ့၏။

မိုးကြည်ဇင်က အံ့သြတုန်လှုပ်နေသော ဇော့်ကိုတစ်လှည့် မျက်နှာငယ်လေးနှင့် မပြုံးနိုင်မရယ်နိုင် ဖြစ်သွားရှာသော သော့်ကို တစ်လှည့် မြင်ယောင်ကာနေမိသည်။

ခွင့်လွှတ်ပါ မမနှင်းဆီရယ်။

သော်ဆိုတဲ့ မမနှင်းဆီရဲ့ ညီမလေးအပေါ် ထားရှိတဲ့





ပေးဆပ်နိုင် စွမ်းကို သိချင်တယ်။

သော့်အမြတ်နိုးဆုံးက ဇော်…

အရာရာထက် ပိုတန်ဖိုးထားတာက ဇော်

အဲဒီ ဇော်ညိုသန့်ကို မိုးကြည်ဇင်က တောင်းလာရင် သော် ပေးနိုင်မလား၊ စွန့်လွှတ်နိုင်မှာလား။

မိုးမှားရင် တောင်းပန်ပါတယ်မမရယ်။

မမစိတ်ကို မိုးသိချင်လွန်းလို့ပါ။

အဖြေက ဘယ်လိုပဲလာလာ မိုးကျေနပ်စွာ လက်ခံမှာပါ။

မမနှလုံးသားကို မိုးတကယ်လုမယူပါဘူး။

မိုးမှာလည်း ကိုယ်ပိုင်ရှိပြီးသားပါမမရယ်။

မိုးခုလိုလုပ်တာကြောင့် သော်မုန်းသွားမလား။

နာကြည်းမျက်ရှသွားမလား။

မိုးကြည်ဇင် ရင်ထဲမှာ တထိတ်ထိတ်နှင့် ရှိနေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

"သော်…သော်…တံခါးဖွင့်ပေးဦး"

ဇော်ညိုသန့် စိတ်မရှည်စွာ အော်မိသည်။ အခန်းပြင်မှာ ရပ်နေရတာ သိပ်ကြာသလို ထင်မိသည်။

သော်က တံခါးကို လာဖွင့်ပေးပြီး အခန်းထဲ လျှောက်သွားကာ ဝရန်တာအထိ ထွက်သွား၏။

"သော်"

သူခေါ်ပေမယ့် လှည့်မကြည့်ဘဲ အဝေးကို ငေးနေသည်။

"ဇော်နဲ့ မိုးကို ရုပ်ရှင်သွားကြည့်ဖို့ သော်ပြောတယ်ဆို"

"ဟင်…"

သော်က ဆတ်ခနဲ လှည့်ကြည့်လာ၏။ ပြီးတော့ ချက်ချင်းပဲ မျက်နှာလွှဲသွားတော့သည်။ သော့်သဘောထားကို ခန့်မှန်းတတ်။ တကယ်ပဲ မခံစားရဘူးလား။ ကျိတ်မှိတ်ခံစားနေရတာလား။

"ဘာတွေလဲသော်…ဇော် နားမလည်ဘူးကွာ"

"ရုပ်ရှင်ကြည့်တာပဲ…သော်နဲ့ မဆိုင်ဘူး၊ ကြည့်ချင်ရင် သွားကြည့်ကြပေါ့"





သော့်အသံက မာဆတ်နေ၏။

"သော်က ခေါင်းကိုက်လို့ မလိုက်ဘူးဆို"

"ရှင်"

သော် နှုတ်ခမ်းလေးတွေ ခြောက်သွေ့သွား၏။ ရင်ထဲမှာ မုန်တိုင်း တစ်ခုတိုက်ခတ်နေ၏။ နှလုံးသားက ဆောက်တည်ရာမရ။

"မိုးက ပြောတာလား"

"ဟုတ်တယ်"

"ကြော်…"

သော် ဘာပြောရမလဲ။

"သော်"

ဇော်ညိုသန့်က သော့်ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ခေါ်၏။

"ဇော့်ကို ကြည့်စမ်းပါ…မိုးကြည့်ဒင်နဲ့ ဇော့်ကို တကယ်သွားစေ ချင်တာလား သော် ခေါင်းမော့ပါ"

သော်က ခေါင်းငုံ့ထားပြီး ငြင်းဆန်သည်။

"ဟင့်အင်း…ဟင့်အင်း…သော့်ကို မနှိပ်စက်ပါနဲ့၊ သော် မကြေတတ်ဘူး၊ သော်မတားဘူး၊ ဇော့်ဆန္ဒပါ၊ ဇော့်သဘောပါ"

"သော်"

ဇော်က အေးစက်ပြတ်သားစွာ ခေါ်၏။

"ထွက်သွားပေးပါဇော်ရယ်၊ သော်တစ်ယောက်တည်း နေပါရစေ သော့်ကို မဆုံးဖြတ်နိုင်းပါနဲ့၊ ဇော့်ဘဝကို ဇော်ပဲ ပိုင်ပါတယ်"

အောင်းပန်မိသည်။ မျက်ရည်ကျတာ ဇော်မမြင်စေချင်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ။ လက်မှတ်သုံးစောင်ဝယ်လာမယ်။ သော် မလိုက်ရင် ဇော်မသွားဘူးဒါပဲ"

ကျောခိုင်းထွက်သွားသော ဇော့်ကို သော်လိုက်ကြည့်နေမိ၏။ ဇော့်ဒေါသတွေ သော့်ဘေးနား ကျန်ရစ်ခဲ့သလိုပါ။

ဇော်ရယ်။

ဇော့်ရင်ထဲက ခိုင်မာသည့် အချစ်ကို အင်အားကြီးမားလှစွာ သော် သိခွင့်ရလိုက်ပါပြီ။

သို့ပေမယ့်...နှောင်းခဲ့ပြီ။

* * *



အိပ်ရာထက်မှာ လှဲနေရတာ ကြာတော့ ကျောတွေ ပူလာ၏။ ဇော်အိပ်မပျော်ပါ။ ဘဝင်မကျနိုင်စွာ ဒေါသတွေနှင့် မျက်လုံးတွေက အိပ်မရ။

သော့်ကို စိတ်ဆိုးချင်မိသည်။

လွယ်လိုက်တာကွာ။

သော့်စိတ်ထဲမှာ ဇော့်ကို ပစ်စလက်ခတ်စွန့်လွှတ်နိုင်သတဲ့လား။ မိုးနှင့် ကြည်ဖြူသတဲ့လား။

မယုံဘူးကွာ...မယုံဘူး

သော် ဟန်ဆောင်နေတာပါ။ ဘာမှမဖြစ်သလို တမင်လုပ်နေ တာ။

သော့်စိတ်ကို ဇော်အသိဆုံးပါ။

မျက်နှာကြက်ကို ငေးကြည့်ကာ ဇော်အတွေးတွေများနေမိသည်။ အခန်းပြင်က ခြေသံဖွဖွလေးနှင့် တံခါးပြန်ပိတ်သံ တိုးတိုးကို ကြား၏။

သော်...။ သော်လည်း အိပ်မပျော်ဘူးထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဇော်အိပ်ရာထက်က ဆင်းပြီး တံခါးဟာကြည့်သည်။

သော်အောက်ထပ်ကို ဆင်းသွားတာ ဖြစ်၏။

ဇော်လည်း အသံမပေးဘဲ လိုက်လာခဲ့သည်။

စိတ်ကူးကတော့ သော်နှင့် ကော်ဖီသောက်ရင်း စကားပြောဖို့ပါ။ သော်က ထမင်းစားခန်းကို မသွားဘဲ မိုးအခန်းဘက်ကို လျှောက်သွား၏။

ဇော်လည်း တိတ်တဆိတ် လိုက်လာခဲ့၏။

မိုးကြည်ဇင်က အခန်းတံခါးပိတ်မထား။ စေ့ရုံကလေးပဲ စေ့ထား၏။ သော်က တံခါးကို အသာဟပြီး ဝင်သွားသည်။ ပြန်မပိတ်ခဲ့။

ဇော်အသာရပ်ကာ ကြည့်နေမိ၏။ သော်က ဇော့်ကိုမမြင်။ မိုးကြည်ဇင် အိပ်ရာဘေးကို လျှောက်သွားပြီး မိုးကို စောင်ခြုံပေး၏။

မြင်ရသော အနေအထားကို ဇော်ထူးဆန်းနေ၏။

သော်က မိုးကြည်ဇင့်ဘေးမှာ အသာကလေး ဝင်လှဲ၏။

ဇော်မျက်လုံးပိုကျယ်သွား၏။ အသက်ရှူဖို့ပင် မေ့လျော့ကာ ငေးကြည့်နေမိသည်။

မိုးကြည်ဇင်က ဝုန်းခနဲ ထလာပြီး သော့်ကို ကလိထိုး၏။ သဲသဲကွဲကွဲ မကြားရသောစကားများနှင့် ရယ်သံများကြောင့် ဇော်အခန်းရှေ့က ခွာမိသည်။

ဒါ...ဘာသဘောလဲ။

သူ့စိတ်ကို ဆန်းစစ်တာလား။





သော်နှင့်မိုး သူ့ကို ပူးပေါင်းတိုက်စစ်ဆင်တာလား။

သူ့သိက္ခာနှင့် တည်ကြည်မှုကို သော်မယုံဘူးလား။

ခေါင်းထဲမှာ မေးခွန်းအသစ်တွေ ထပ်ရောက်လာ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

"မိုး...မအိပ်သေးဘူးလား သော်က အိပ်ပျော်နေပြီမှတ်လို့"

စောင်တစ်ထည်ကို နှစ်ယောက်အတူခြုံထားရင်း မေးမိသည်။

"မအိပ်သေးပါဘူး၊ သော် ဆင်းလာမှာသိလို့ တံခါးဖွင့်ထားတာပေါ့...သိရဲ့လား"

"လူလည်မလေးပဲ"

သော်က တိုးတိုးရယ်သည်။ ရင်ထဲမှာ အနည်းငယ် ပေါ့ပါးသွား၏။

"သော်"

"ဟင်"

"မိုးလေ...ဇော့်ကို သဘောကျနေပြီ"

သော်က မိုးကြည်ဇင်စကားကြောင့် ငြိမ်သက် နှုတ်ဆိတ်သွား၏။

မိုးရယ်...သော်က ဘာများ ပြောနိုင်မှာလဲ။

"မိုးက ဇော်နဲ့ ဖုန်းပြောဖူးကတည်းက စိတ်ဝင်စားသွားတာ"





"ပြောဦး..."

မိုးကြည်ဇင်က ခြုံထားသော စောင်ကို ဖယ်ပြီး ငုတ်တုတ်ထထိုင်လိုက်၏။ သော်က မလှုပ်မယှက် ငြိမ်နေမိတုန်းပါ။

"ကိုဇော်က မိုးကို သဘောကျရဲ့လားမသိဘူး"

သော် ပင့်သက် ရှိုက်မိသည်။

ကြည်ဖြူလိုလားသော အားပေးတိုက်တွန်းသောစကားတွေ ပြောဖို့ သော့်နှုတ်ခမ်းတွေ ဝန်လေးနေ၏။ ထိုနှုတ်ခမ်းတစ်စုံကို သော်မုန်းမိသည်။ ဇော့်ကို ချစ်နေမိသော နှလုံးသားကိုလည်း မုန်းမိတော့သည်။

ဇော်ဆိုဇော်မှ တစ်သက်လုံး ချစ်လာခဲ့တာပါ။

ခုတော့...။

"သော်..."

"ပြောလေ"

သော့်အသံက ခြောက်ကပ် မှုပျက်နေ၏။

"ဇော့်စိတ်ကို သော်လည်း ဘယ်သိပါ့မလဲ မိုးရယ်"

"သော်ကရော ဇော်နဲ့ မိုးကို သဘောတူလား"

သော် ဖြည်းညင်းစွာ ခေါင်းညိတ်ပြမိသည်။

ရှိပါစေတော့။

သော် နောက်ဆုတ် အရှုံးပေးလိုက်ပါပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဇော်..."

ကော်ဖီသောက်နေသော ဇော်ညိုသန့်က ပန်းကန်လုံးကို ပြန်ချ ထားပြီး လှမ်းကြည့်၏။

"မိုးကို ဈေးဝင်ပို့ပေးခဲ့ဦး..."

ဇော့်မျက်နှာကို မကြည့်ဘဲ သော်ပြောမိသည်။

မိုးက တိတ်တခိုး ပင့်သက်ရှိုက်၏။

သော်က မိုးအတွက် တကယ်ပဲ နောက်ဆုတ်ပေးမည့်ပုံ။

မမရယ်။

မိုးမှားသွားပြီလား။

တမင် ခံစားရပါစေတော့ဆိုပြီး လုပ်တာ မဟုတ်ရပါဘူး၊ မိုးရင်ထဲမှာ လောဘကြီးနေမိတာပါ။

မမသော် မိုးကို ချစ်မှချစ်ရဲ့လား၊ အနွံတာခံနိုင်သလား၊ အနစ်နာ ခံနိုင်သလား သိချင်တာလေး တစ်ခုတည်းပါ။

ဇော့်ကို တကယ်စိတ်ဝင်စားမိတာလည်း မဟုတ်ပါဘူး။

သော်နှင့် မိုးကို တစ်လှည့်စီ ကြည့်ပြီး ဇော်က မာဆတ် ဆတ် တုံ့ပြန်၏။





"မအားဘူး၊ သွားချင်ရင် ဦးလေးတူး ပို့ခိုင်း"တဲ့။

သော်က ဇော့်ကို စူးခနဲ ကြည့်သည်။

"သော်...ခဏလိုက်ခဲ့"

ဇော်က အေးစက်ပြတ်သားစွာ ခေါ်ပြီး အပေါ်ထပ် တက် သွား၏။ သော်က မိုးကြည်ဇင်ကို တစ်ချက်ကြည့်ကာ ထလိုက် သွားတော့သည်။

မိုးကြည်ဇင် ဖွဖွပြုံးမိ၏။

ကောင်းလည်း မကောင်းဘူး၊ ကောင်းလည်း ကောင်းပါ တယ်။

သူတို့ရင်ထဲက ငုပ်လျှိုးနေသော အချစ်မိုးကြောင့် ပွင့်အန် ထွက်လာတော့မည်။

မပွင့်လင်းကြပေမယ့် တစ်ယောက်အပေါ် တစ်ယောက် လေးနက် နူးညံ့စွာ ချစ်နေကြတာပါ။

မိုးက သူတို့အတွက် အနှောင့်အယှက် ဖြစ်ရတာတော့ စိတ် မကောင်းနိုင်ပါ။

ဇော့်အကြည့်က ကြောက်စရာကောင်းနေသည်။ သည် အနေအထားကို သည်းမခံနိုင်ပုံ။

မိုးကြည်ဇင် တစ်ယောက်တည်း စားပွဲမှာ ကော်ဖီသောက် ရင်း ကျန်ရစ်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

"သော်..."

ဇော်က သော့်ကို စိုက်ကြည့်ပြီး ခေါ်၏။

သော့်လက်ကောက်ဝတ်ကို ဖျဘ်ခနဲ ပမ်းဆွဲပြီး ဇရန့်တာအထိ လျှောက်လာ၏။

"ဘာသဘောလဲ၊ ဘာအဓိပ္ပာယ်လဲ၊ ရှင်းရှင်းပြောစမ်းပါ"

ဇော်ညိုသန့်အမေးကို သော်မဖြေနိုင်ပါ။ မျက်လွှာချမိသည်။

"အဲဒီ တစ်ယောက်က ဘာလို့ လိုက်ရှုပ်နေတာလဲ၊ ဇော်နဲ့ သော် ကြားမှာ ကန့်လန့်ကန့်လန့်နဲ့ ခဇာ်သည်းမခံနိုင်တော့ဘူး။ သူ့ကို ပြန်လွှတ်လိုက်ပါ"

"ဟင့်အင်း...အဲဒီလိုမပြောပါနဲ့"

သော် တုန်လှုပ်စွာ တားမိသည်။

"ဒါဆိုလည်း သူ့နေရာသူ သိပေါ့"

ဇော်နဲ့သော် အေးအေးစကားမပြောရဘူး၊ တွေ့ရချိန်မရှိတော့ဘူး။ သူဘေးနားအမြဲ ရှိနေတော့တာပဲ"





သော်က ဇော့်ကို မော့ကြည့်၏။

"သော်..."

"ဟင်..."

ဇော်နှင့်သော် မျက်လုံးချင်း ဆုံမိသည်။

သော့်ဆံပင်တွေက လေနှင့်လွင့်လာပြီး မျက်နှာပေါ် အုပ်ကျတော့ ဇော်က လက်နှင့်ဖယ်ပေးသည်။

"ဇော်...သော့်ကို ချစ်တယ်"

"ရှင်..."

သော် ရုတ်တရက် ကြားလိုက်ရတော့ မျက်လုံးလေး ဝိုင်းစက်ကာ နှုတ်ခမ်းလေးတွေ ပွင့်ဟလျက် ဘာပြန်ပြောရမှန်းမသိဘဲ ဇော့်ကို ငြိမ်သက် ငေးမောနေမိသည်။

"ဟုတ်တယ်...သော့်ကိုပဲ ဇော်ချစ်တယ်။ ဇော့်ဘဝမှာ သော်က လွဲပြီး ဘယ်မိန်းမကိုမှ မချစ်နိုင်ဘူး"

ဇော်ညိုသန့်က ယတိပြတ် ပြောပြီး သော့်ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူအက်ပွေ့ထား၏။

ဇော်ရယ်...

သော် မျက်ရည်တွေ ရင်ဝဲတက်လာ၏။

ဘာလုပ်ရမလဲ။ ဘာဆက်လုပ်ရမလဲ။

ဇော်က ပွင့်လင်းစွာ ပြောလာခဲ့ပြီ။

"သူ...ဇော့်ကို ခွတ်သာလုပ်ရင် ဇော်ပစ်ပစ်ခါခါ တုံ့ပြန်ရမှာပဲ။ သော် အဲဒါကို နားလည်ပေးပါ"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



သော် ထိတ်လန့်တကြား ချောက်ချားစွာ ဇော့်ရင်ခွင်ထဲက ရုန်းထွက်မိပါသည်။

"ဇော်...သူ့ကို အဲဒီလိုမလုပ်ရဘူး"

"ဘာ..."

"ဇော် သူ့ကို နစ်နာအောင် မပြောရဘူး"

သော်က ဟန့်တားလာ၏။

"ဒါဆို လက်ထပ်ယူလိုက်ရမှာလား"

"ဇော်..."

စိတ်နာသလို စိုက်ကြည့်ပြီး ရွဲ့ပြောတာကို သော်မကြိုက်ပါ။

"ပြီးရောလေ...နုချက်ချင်း ဒီအိမ်က ထွက်သွားလို့ သွားပြောလိုက်မယ်"

ဇော်က ဆုံးဖြတ်လိုက်သလို ချာခနဲ လှည့်ထွက်သွား၏။

"ဇော်...ဇော်..."

သော်ပြေးလိုက်သွားမိသည်။ ဇော့်လက်မောင်းကို ဖမ်းဆွဲထား၏။

"မပြောပါနဲ့ ဇော်ရယ်"

"ပြောမယ်...သူလုပ်နေတာ တရားလွန်ပြီ၊ သော် စိတ်ဆင်းရဲနေရပြီမဟုတ်လား...ဇော့်ကို မညာပါနဲ့"

သော်က ဇော့်လက်မောင်းမှာ ပါးလေးကပ်လျက်ဇော့်ကို ချော့ပြောမိသည်။ မိုးကြည်ဖင်ကို နှင်ချလိုက်မှာ စိုးရိမ်လို့ပါ။

"ဇော်ရယ်...ဘာမှ သွားမပြောပါနဲ့"





ဇော်က သော့်ကို နားမလည်စွာ ကြည့်နေ၏။

"မိုးက...မိုးက သော့်ညီမလေးပါ၊ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ရတဲ့ ညီမလေးပါ"

"ဟင်"

သည်တစ်ခါ ငြိမ်ကျသွားရသူက ဇော်ညိုသန့်။

သော့်စကားက သူ့ဒေါသတွေ မခံမရပ်နိုင်ဖြစ်နေတာတွေကို လျှော့ခနဲ ကျသွားစေသည်။

ဖြစ်မှဖြစ်ရလေ။

သော်ရယ်...ဇော်သနားလိုက်တာ။

သော် ဘယ်လောက် ခံစားနေရမလဲ။

သော့်ကို ကရုဏာသက်စွာ ကြည့်ပြီး ရင်ခွင်ထဲ တင်းကျပ်စွာ ဖက်ထားလိုက်၏။ သော်က သူ့ကို ပြန်ဖက်ထားသည်။

တော်တော်နှင့် စကားမဆိုနိုင်ပါ၊

ဇော်လည်း ဘာပြောလို့ ဘာလုပ်ရမှန်းမသိ။

သော့်ကိုလည်း အရမ်းနားလည်သည်၊

မိုးကြည်ဖင်ကိုလည်း ပြတ်ပြတ်သားသား ပြောလို့မဖြစ်တော့ပါ။ သူက သော့်ညီမလေး။ သော့်ညီမလေးကို သူက နစ်နာအောင် ပြောလျှင် သော် စိတ်ကောင်းမှာမဟုတ်။

"ဒါဆို ဇော်တို့ ဘယ်လိုလုပ်ကြမလဲသော်"

သော်က သူ့ကို အားပေး၏။

"တဖြည်းဖြည်းတော့ ပြေလည်မှာပေါ့ဇော်ရယ်။ အခု မိုးကိုဈေး ဝင်ပို့ပေးလိုက်ပါ၊ မိုးက သူ့ကို သော်မချစ်ဘူးလို့ သံသယဝင်



www.burmeseclassic.com

www.burmeseclassic.com



နေတာ"

"ဪ...ဟုတ်လား"

သော်က နာကျင်စွာ ပြုံး၏။

"ဇော်က သော့်အတွက် အသုံးချခရာပေါ့ ဟုတ်လား။ မိုးကို သော် ဘယ်လောက်ချစ်တယ်ဆိုတာ ဇော့်ကို ပေးပြီး သက်သေပြမယ်ပေါ့။ နှလုံးသားကို စတေးခဲ့တယ်၊ ချစ်သူကိုတောင် စွန့်လွှတ်ရဲတယ်ပေါ့ ဟုတ်လား"

ဇော်က တုန်ခိုက်စွာ မေးလာ၏။ စကားသံမှာ သရော်ရိပ်လှောင်ရိပ်ပါ၏။ နာကျင်မှု ပေါ်လွင်၏။

"အဲဒီလို မဟုတ်ရပါဘူးဇော်ရယ်...သော့်ရင်ထဲကို ဝင်ကြည့်ပါ။ သော်ညကလည်း အိပ်မပျော်ဘူး။ ဇော့်ကို စွန့်လွှတ်ရရင် ဆိုတာကို မတွေးရဲဘူး"

သော်က ဇော့်ရင်ဘတ်မှာ နဖူးအပ်ကာ ငိုသံတစ်ဝက်နှင့် ဖြေရှင်း၏။

"သော် လိပ်ပြာလှင့်မသာတ် ကြောက်နေမိတာပါ ဇော်ရယ်... သော် ...ဇော်နဲ့ မခွဲနိုင်ဘူး"

ဇော်နှင့်သော် တင်းကျပ်စွာ ဖက်ထားမိ၏။

အဖြေတစ်ခုကို သူတို့ ရှာမရသေးပါ။

မိုးကြည်ဇင် သော့်ညီမရင်းလေး ဖြစ်နေသောအခါ ဇော့်ကို လှုပ်မရအောင် တင်းကျပ်စွာ ချည်နှောင်ထားလိုက်သလိုပါ။

ဇော့်အတွက် ထွက်ပေါက်မရှိ။

* * *





ကားမောင်းနေသော ဇော့်ကို မိုးကြည်ဇင်က လှည့်ကြည့်၏။ ဇော့်မျက်နှာက တင်းမာလည်းတင်း၊ ညှိုးလည်းညှိုးကာ တိမ်ဖုံးထားသော လလို မသာမယာ ရှိနေ၏။ မိုးကြည်ဇင်ဘက်ကို ဇော်က လုံးဝလှည့် မကြည့်ပါ။ ရှေ့ကို စိုက်ကြည့်ပြီး ကားမောင်းနေ၏။ မိုးက ပင့်သက်ကလေး ရှိုက်လျက်...

"ကိုဇော်"ဟု ခေါ်မိသည်။

"ကော်ဖီဆိုင် ခဏထိုင်ရအောင်နော်"

ဇော်က ခေါင်းလည်း မညိတ်၊ ခေါင်းလည်းမခါ။

"မိုးဈေးဝယ်မှာ ခဏလေးပဲ မကြာပါဘူး"

ဇော်က တုံ့ပြန်စကားမဆို၊ ကော်ဖီဆိုင် မဝင်ဘဲ ဈေးရှေ့ကို ဘန်းမောင်းလာခဲ့၏။

"ကိုဇော်...လိုက်မလား"

"ဒီကပဲ စောင့်မယ်"

ဇော်က မိုးကြည်ဇင်ကို မကြည့်ဘဲ ဖြေ၏။

"မိုးလမ်းမကူးရဲဘူး။ ကိုဇော် လိုက်ကူးပေးပါ"

ဇော်ညိုသည်နှင့်က မိုးစကားကြောင့် တစ်ဖက်လမ်းကြောမှာ ကား ရပ်စရာ ရှာသည်။ ဈေးအပြင်ထိ ထွက်ရောင်းနေသော ဈေးသည်များ၊ ပြီးတော့ ဆိုက်ကားဂိတ်၊ ကုန်စိမ်းကုန်ခြောက်တင်သော ကားများနှင့် နေရာလပ်မရှိ။

မတတ်သာဘဲ ကားပေါ်က ဆင်းလိုက်ရသည်။

လမ်းကူးဖို့ ယှဉ်လျှောက်လာသော မိုးကြည်ဇင်က ဇော့်



www.burmeseclassic.com

www.burmeseclassic.com



အနား တိုးပြီး အင်္ကျီစကို ဖမ်းအုပ်လာ၏။

ဇော် မျက်မှောင်ကုတ်နှင့် ဘဝင်မကျ။

အခွင့်အရေးယူလွန်းသော ညီမလေး။

အစ်မကို စိတ်ဆင်းရဲစေ သော ညီမလေး။

ဇော်သာဆို သည်လို ညီမကို မချစ်ချင်ပါ။

နှစ်ယောက်သား ကားလမ်းကို ဖြတ်ကူးပြီး တစ်ဖက်လမ်းပေါ် အရောက်မှာပဲ...

"မိုး..."

လူတစ်ယောက်က ဘေးကို လျှောခနဲ ရောက်လာကာ မိုးကြည်ဇင်ကို လက်ကောက်ဝတ်က ဆွဲလျက် ကျယ်လောင်စွာ ခေါ်၏။

"ဟင်...ကိုငယ်"

"ဒါက ဘာလဲ...သူက ဘယ်သူလဲ...ဘာလဲ... ဘာဖြစ်လာကြတာလဲ။ ခင်ဗျားဘယ်သူလဲ"

ငယ်နိုင်က မွန်ထူစွာ သွေးဆူပြီး မိုးကြည်ဇင်ကို သူ့ဘေးဆောင် ဆွဲခေါ်လျက် ဇော့်ပခုံးကို တွန်းပစ်လိုက်ပါသည်။

"ကိုငယ်...မလုပ်နဲ့"

မိုးက ဟန့်တားသည်။

"ဘာတွေလဲ၊ ဒီလူနဲ့ မိုးနဲ့ဘာလဲ၊ ဘာလို့အတူတူ လာတာလဲ၊ မိုး...မင်း..."

ငယ်နိုင်က မိုးကို ဟိန်းဟောက်လိုက်၏။





"ဘာမှ မဆိုင်ဘူးဆို"

"မဆိုင်ရင် ဘာလို့ တွဲလာတာလဲ"

"ဟာ...အဲဒါ မိုးနေတဲ့အိမ်က"

"မသိဘူး... မသိချင်ဘူး... ပြဿနာမတက်စေချင်ရင် မိုး နဲ့ ချက်ချင်းပြန်လိုက်ခဲ့...ဒါပဲ"

မိုးကြည်ဇင်က ငယ်နိုင်ကို စိတ်ပျက်စွာ ကြည့်၏။

မိုးနှင့် ပတ်သက်လျှင် ငယ်နိုင်က ဘာမှမမြင်၊ မိုးစိတ်ပူသွားခဲ့၏။ ပြဿနာမဖြစ်ဖို့ မိုးမြန်မြန်ဖြေရှင်းရသည်။

"ကိုငယ်...ဒါက မိုးမမ သော်ရဲ့ ချစ်သူပါ"

ငယ်နိုင်က ဒေါသနည်းနည်းပြေကာ ငြိမ်သွား၏။

မိုးကြည်ဇင်စကားကို ဇော်က အံ့အားသင့်နေသည်။

ခုတော့လည်း ဖြစ်ချေပြီတစ်မျိုး။

"ကိုဇော် ဒါက မိုးရဲ့ချစ်သူ ကိုငယ်နိုင်ပါ"

ဇော်က ခေါင်းညိတ်သည်။ ငယ်နိုင်က ခုမှ ကျေနပ်သွား၏။

"ကိုဇော်...မိုး ခဏလိုက်သွားမယ်နော်...သော့်ကို ပြောပေးနော်၊ သော် မိုးကို ချစ်တာ မိုးယုံပါပြီလို့၊ မိုးပြန်လာမှ သော့်ကို ပြောစရာရှိတာတွေ ပြောတော့မယ်လို့"

ဇော်က ခေါင်းညိတ်သည်။

မိုးက ဇော့်ဆီ ခွင့်တောင်းပြီး ငယ်နိုင်နှင့် လိုက်သွား၏။

ဇော်ခေါင်းခါရင်း ပြုံးမိသည်။

တော်တော်ဆိုးသည့်ကောင်မလေး။

www.burmeseclassic.com

www.burmeseclassic.com



သည်အဆိုးမလေးကို သူချစ်သူက သောင်တော်နိုင်စားသည်ပဲ။

ဇော်ကားလမ်းပြန်ကူးပြီး ကားပေါ် တက်လာ ခမောင်းထွက်လာ၏။ ငယ်နိုင်နှင့် မိုးက လက်ပြပြီး ကျန်ရစ်သည်။

သော်ရယ်...

စိတ်ထဲမှာ သော့်ကို တမ်းတမိသည်။

ဒါတွေ သော်သိရင် ဘယ်လောက်ဝမ်းသာသွားမလဲ။

သူ...သော့်ကို ပြေးပြီး ပြောချင်သည်။

မိုးက သော့်စိတ်ကို ခုဝန်းစစ်ကြည့်နေတာ သော်သိရင် သော် ဘယ်လောက် ပျော်သွားရှာမလဲ။

ကိုယ်တို့ရဲ့ စစ်မှန်တဲ့အချစ်ကို ဘယ်အရာကမှ တားဆီးနှောင့်ယှက်လို့ မရပါဘူးသော်ရယ်။

ပန်းသီခိုင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com